နန်းဒေဝီ စာပေ
အမှတ် ၂၀၀၊ ပထမထပ်၊ ၃၆ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၀၂၅
E-mail:naneizar@myanmar.com.mm

စာမူ ခွင့်ပြုချက် အမှတ်
၃၂၀၆၁၃၇၀၉၀၇

◆

မျက်နှာဖုံး ခွင့်ပြုချက် အမှတ်
၃၂၀၂၈၅၀၆၀၈

◆

ပထမ အကြိမ်
၂၀၀၈ ခု၊ ဇွန်လ

◆

မျက်နှာဖုံး ဒီဇိုင်း
ချစ်ကြည်

◆

ဖလင်
AZ

◆

အုပ်ရေ
၅၀၀

◆

တန်ဖိုး
၁၅၀၀ ကျပ်

◆

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (၀၉၁၀)
အမှတ်-၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

◆

မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ
ဦးကျော်ဇင် (၀၄၂၂၉)
အမှတ်-၈၁၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

◆

ဆန်းလွင်

(ရှင်အာဒိစ္စရံသိ)

# ဥတ္တရိမနသာဃဗမ္မ ပြဿနာ

# ၥဒိၣ်ပှၤဂ့ၢ်ဘၣ်စၢဂီၢ် ကြိၣ်ဘၣ်

(ပှၤသုၣ်ဖိပှၢ)

ဒဝှ်းငံၣ်

# ဆန်းလွင် (ရှင်အာဒိစ္စရံသီ)
## (၁၉၃၈-၂၀၀၂)

ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် အဘ ဦးဖိုးညွန့်၊ အမိ ဒေါ်လှကြီးတို့မှ ၁၉၃၈ ခု ဇန်နဝါရီ လ ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဆန်းလွင် ပင် ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် ဒဿနိကဗေဒ ဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့ (ရွှေတံဆိပ်) ရသည်။ မဟာဝိဇ္ဇာတန်း တက်ပြီးနောက် မြစ်ကြီးနား ကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်များ၌ ကထိက အဖြစ် အမှုထမ်းဆောင်ခဲ့သည်။

အသက် ၁၈ နှစ်အရွယ်တွင် မိဘရိုးရာ အစ္စလာမ်ဘာသာမှ ခရစ်ယာန် ဘာသာသို့ ဝင်ရောက် လေ့လာပြီး မနှစ်သက်၍ လေးနှစ်အကြာတွင် ခရစ်ယာန် ဘာသာကို စွန့်လွှတ်လိုက်သည်။

အသက် ၂၂ နှစ်တွင် ကွန်မြူနစ်ဝါဒကို လေ့လာပြီး ဘာသာအယူဝါဒများကို စွန့်ပယ်၍ ကမ္ဘာ့အတွေးအခေါ်မျိုးစုံ၊ ဘာသာမျိုးစုံကို လေ့လာသည်။

အသက် ၃၂ နှစ်တွင် ဗုဒ္ဓကိုယ်ကျင့်တရား ပညာကျမ်း ပြုစုရန် ပါမောက္ခ၏ တာဝန် ပေးချက်အရ ကမ္ဘာ့အေး ဗုဒ္ဓဘာသာ တက္ကသိုလ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာကို စတင်လေ့လာသော အခါမှ စ၍ မိမိ ရှာဖွေနေသော သစ္စာဝါဒကို တွေ့ပြီဟု ဝမ်းသာပြီး ပိဋကတ်သုံးပုံ (မြန်မာပြန်) ကို ကုန်အောင် လေ့လာသည်။

၁၉၇၂ တွင် တက္ကသိုလ်က ထွက်ပြီး ရုပ်ရှင်ဒါရိုက်တာ လုပ်သည်။ ဒါရိုက်တာ အဖြစ် *'မျက်နှာငယ်ရမှာက မောင့်ချစ်ဦး'၊ 'လောကကို အလှဆင်မယ်'၊ 'မနော်ဟရီအလှ'* ရုပ်ရှင် ဇာတ်ကားများနှင့် ရုပ်ရှင်ဇာတ်ညွှန်း အနေဖြင့် *'ငါ့ညီ ငါ့မြေ ငါ့အမေ'၊ 'လကွယ်မိုးနှောင်း'* နှင့် *'မသည်းနဲ့ သံသရာ'* ဇာတ်ကားများကို ရေးသားခဲ့သည်။ *'ရုပ်ရှင်အနုပညာနှင့် ရုပ်ရှင် အတတ်ပညာကျမ်း'* ကို ဆန်းလွင် အမည်ဖြင့် ပြုစုခဲ့သည်။ *'ဖဲသမား'* (Gambler) အမည်ဖြင့် ပြန်ဆိုခဲ့သော ဘာသာပြန်ဝတ္ထုမှာ ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန် စာပေ စတုတ္ထဆု ရရှိခဲ့သည်။

လုံးချင်းစာအုပ်များ အနေဖြင့် *သျှင်ဥတ္တမကျော်သို့ ပြန်ကြားချက်နှင့် ရွှေဥဒေါင်းသို့ ပြန်ကြားချက်၊ ဖိလိုဆိုဖီ ကကြီး ခကွေး ကမ္ဘာ့တွေးခေါ် ရှင်ကြီးများ၊ အိုင်းစတိုင်း၊ ဘာထရန်ရပ်ဆယ်၊ တရုတ် တွေးခေါ် ရှင်ကြီးများ၊ ရုရှားတွေးခေါ် ရှင်ကြီးများ၊ တရားတွေ့ဖို့ ချမ်းမြေ့ဖို့ အတွေးအမြင် ဆောင်းပါး များ၊ ကျွန်ုပ်ရှင်၊ ထိပ်ဆုံးက စပိုင်၊ ရွှေတောင်တက်ဒဿန၊ ရတနာ သုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက်အကြောင်း၊ သစ္စာဉာဏ်ပွင့် ဒဿန၊ သေခြင်း ဒဿန၊ ဂိုးလ်စတိန်း ကိုယ်တွေ့ ဝိပဿနာ (ဦးဟန်ငွေးနှင့် ပူးတွဲရေးသည်)၊ မိုးကုတ် ဝိပဿနာ ရှုနည်း၊ ထေရဝါဒ အတ်မြစ်များအဖွင့်၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန၊ ဗုဒ္ဓဘာသာ သိမှတ်ဖွယ်ရာများ၊ ထေရဝါဒ အခြေခံ အယူအဆများကို အဆင့်မြင့် နားလည်ခြင်း၊ ဗုဒ္ဓ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေး တရား၊ ဓမ္မ ဒဿနစာစု စသည်များအား* ရေးသားခဲ့သည်။ *တက္ကသိုလ် အောင်မှူး* အမည်ဖြင့် လည်း *စိတ်ညှို့ အိပ်မွေ့ချနည်းနှင့် အသုံးချနည်း အပြည့်အစုံ* စာအုပ်ကို ရေးသားပြုစုခဲ့သည်။ အင်တာနေရှင်နယ် မဂ္ဂဇင်းနှင့် ဓမ္မရုပ်စုံမဂ္ဂဇင်းတို့တွင် အယ်ဒီတာချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

အသက် ၅၈ နှစ်တွင် ပဲခူးတိုင်း၊ ဒိုးသောင်ကျေးရွာ၊ ရွှေမင်းဝင်ရပ်ကွက်၊ ဓမ္မစာရီကျောင်း တွင် ရဟန်းအဖြစ် ခံယူပြီး ရွှေမင်းဝင် နိုင်ငံတကာ ဝိပဿနာ အလုပ်စခန်းကို ဖွင့်လှစ်ခဲ့သည်။ ၂၆၊ ၁၁၊ ၂၀၀၂ (အင်္ဂါနေ့) ည ၁၀ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

# ဒိဋ္ဌိနှင့်ဝေဒ

([illegible])

ရှေးဟောင်း [illegible] ၁၉၆၅

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | - ၉ |
| ၂။ | ရဟန်းအစစ် ဖြစ်ချင်သော ဆန္ဒ | - ၁၀ |
| ၃။ | သိက္ခာပုဒ်ပါဠိ | - ၁၅ |
| ၄။ | ဖြစ်ရပ်မှန်တစ်ခု | - ၂၀ |
| ၅။ | ခွင့်ပြုချက်များစွာ ရှိပါသည် | - ၂၄ |
| ၆။ | စတုတ္ထပါရာဇိက အင်္ဂါငါးပါး | - ၂၅ |
| ၇။ | ဥတ္တရိမနုဿဓမ္မကို နားလည်အောင် ကြိုးစားခြင်း | - ၃၅ |
| ၈။ | ဥတ္တရိမနုဿဓမ္မကို အဘယ်ကြောင့် ထုတ်ဖော် ပြောဆိုခြင်း မပြုအပ်သနည်း | - ၄၆ |
| ၉။ | ဥတ္တရိမနုဿဓမ္မကို အဘယ်ကြောင့် လျှို့ဝှက်ထားအပ်ပါသနည်း | - ၄၇ |
| ၁၀။ | ဥတ္တရိမနုဿဓမ္မ၏ နောက်အဓိပ္ပာယ် | - ၄၉ |
| ၁၁။ | ၉ - တတိယ အနာဂတ ဘယသုတ် | - ၅၅ |
| ၁၂။ | ပြုမိသော မကောင်းမှု | - ၆၃ |
| ၁၃။ | အရှင်ဇနကာဘိဝံသ၏ သဘောထားအမြင် | - ၆၇ |
| ၁၄။ | ရှင်မဟာမောဂ္ဂလာန် ဥတ္တရိမနုဿဓမ္မကို ဝန်ခံ | - ၁၁၂ |
| ၁၅။ | ပတ္တမြားအစစ် ဖြစ်ဖို့ပဲ လိုတယ် | - ၁၁၇ |

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

## နိဒါန်း

အကျွန်ုပ်သည် ရတနာသုံးပါး၌ ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် ဖြစ်မြောက်လာပြီဟု မိမိအဖြစ်ကို ယုံကြည်စိတ်ချမိသော နေ့ကစ၍၊ သာသနာတွင်းသား ဗုဒ္ဓဘာသာအစစ် (လယ်တီဆရာတော် အဆို-ပရမတ္ထ ဗုဒ္ဓဘာသာဝင်) တစ်ယောက် ဖြစ်မြောက်ရေးကို ကြိုးပမ်းခဲ့ပါ၏။ မိမိကိုယ်ကိုယ် ဗုဒ္ဓဘာသာဝင်အစစ်တစ်ယောက် ဖြစ်မြောက်ခဲ့ပြီ ဟုလည်း ယုံကြည်စိတ်ချမိခဲ့ပြီးပါပြီ။

ဤသို့ ထုတ်ဖော်ဝန်ခံပြောဆိုသောအခါ စာဖတ်သူသည် မိမိကိုယ် မိမိ ဗုဒ္ဓဘာသာဝင်ဟု ထင်မြင်ထားသူဖြစ်လျှင် ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင် မဟုတ်ဟု ခံယူထားသူဖြစ်လျှင်ဖြစ်စေ 'ဗုဒ္ဓဘာသာဝင် အစစ်ဆိုတာ ဘယ်လိုလူလဲ' ဟု မေးချင်၊ သိချင်ကြပါလိမ့်မည်။

အဖြေကို လယ်တီဆရာတော်ဘုရားကြီး၏ အဆိုအမိန့်အတိုင်း ပေးချင်ပါသည်။

'ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်ကို ရရှိသော ပုဂ္ဂိုလ်ကား၊ ဗုဒ္ဓ ဘာသာဝင်အကြီးတည်း။ ပရမတ္ထ ဗုဒ္ဓဘာသာဝင်အစစ်ကား သစ္စာလေးပါး ပေါက်ရောက်ပြီးသော သောတာပန်ပုဂ္ဂိုလ်သည်သာ ဗုဒ္ဓဘာသာဝင် အစစ်ပေတည်း။'[၁] ဤကား အဖြေဖြစ်၏။

---

[၁] လယ်တီဆရာတော် - ဥတ္တမပုရိသဒီပနီ (နှာ - ၁၅၃)

## ရဟန်းအစစ် ဖြစ်ချင်သောဆန္ဒ

ကံအားလျော်စွာ မိမိသည် ဤဘဝမှာပင် ဗုဒ္ဓဘာသာဝင် ဖြစ်လာရုံမျှမက ပဗ္ဗဇ္ဇိတဒုလ္လဘဖြစ်သော ရခဲသော ရဟန်းဘဝကိုပါ ရခဲ့ပါပြီ။ သို့သော် အချိန်အတန်နောက်ကျပြီးမှ (အသက် ၅၀ ကျော်ပြီးမှ) ရဟန်းအဖြစ်သို့ ရောက်ရပါသည်။ ရဟန်းအဖြစ်သို့ ရောက်ကာမှ ငါ သိပ်နောက်ကျသွားပြီဟု ခံစားရသည်။ သို့သော် ပါဠိစာပေတွေကို ဘွဲ့ဂုဏ် အကျိုးငှာ၊ လာဘ်လာဘ အကျိုးငှာ၊ မသင်ကြားခဲ့ရစေကာမူ သိနားလည်လိုမှု အတွက်ကား ပါဠိတော် မြန်မာပြန် ကျမ်းများနှင့် ဘာသာဋီကာ ကျမ်းများကို အချိန်ယူပြီး လေ့လာပါသည်။

ထိုအခါ သာသနာ၏ အသက်ဟု ယူဆထားသော ဝိနည်းတော်များကို နားလည်အောင် လေ့လာပါသည်။ အထူးသဖြင့် မိမိအမြတ်နိုးဆုံးသော ရဟန်းအဖြစ်ကို ဆုံးရှုံးစေနိုင်သော ပါရာဇိကဏ်သိက္ခာပုဒ်များကို နက်နက်ရှိုင်းရှိုင်း၊ ကျယ်ကျယ်ပြန့်ပြန့် သိအောင်လည်း လေ့လာကြည့်ချင်၍ လေ့လာမိခဲ့ပါ၏။

ရဟန်းအဖြစ်သို့ ရောက်ကာစ သိမ်ထဲက မထွက်မီကပင် ဥပဇ္ဈာယ်ဆရာမြတ်က အကရဏီယလေးပါးကို ဟောကြားတော်မူပါသည်။ မိမိသည် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို စိတ်အားထက်သန်သူဖြစ်သည့်ပြင် တစ်နေ့သောအခါ မိမိသိပြီးသော တရားတော်များကို မသိသေးသူတို့အား သင်ကြား လေ့ကျင့်ပေးသူ ကမ္မဋ္ဌာနာစရိယ လုပ်ဖို့ စိတ်ကူးရှိခဲ့သောကြောင့် ဥပဇ္ဈာယ်ဆရာမြတ်က စတုတ္ထပါရာဇိကာသိက္ခာပုဒ်တော်ကို အောက်ပါအတိုင်း ရှင်းလင်းဟောကြားတော်မူသောအခါ လွန်စွာ စိတ်ဝင်စားမိသည့်အပြင် စိတ်နှလုံး တုန်လှုပ်ခြင်းလည်း ဖြစ်ခဲ့ရလေသည်။

'ဥပသမ္ပန္နေန - ပဉ္စင်းအဖြစ်သို့ ရောက်ပြီးသော၊ ဘိက္ခုနာ- ရဟန်း မည်သည်၊ အန္တမသော - အယုတ်ဆုံးအားဖြင့်၊ သုညာဂါရေ- ဆိတ်ငြိမ်ရာ တောကျောင်းနှင့်၊ အဘိမာရမီတိ- ရဟန်းတရားဖြင့်

အလွန် မွေ့လျော်၏' ဟူ၍ 'ဥတ္တရိမနုဿဓမ္မော' - လူမြတ်တို့၏ ဈာန်မဂ်ဖိုလ်၏ တရားမြတ်ကို၊ နဥလ္လပိတဗ္ဗော - ဝါကြွားလိုသော သဘော မပြောအပ် မဆိုကောင်း၊ ယောဘိက္ခု- ထိုရဟန်းသည်၊ ပါပိစ္ဆာ- ယုတ်မာ သူခိုး အလိုဆိုး ရှိသည်ဖြစ်၍၊ ဣစ္ဆာပကတော - အလိုဆိုးသည် နှိပ်စက်အပ်သည်ဖြစ်၍၊ ဈာနံဝါ - မဟဂ္ဂုတ်၊ လောကုတ္တရာဈာန်ကို လည်းကောင်း၊ ဝိမောက္ခံဝါ - ဝိမောက္ခကို လည်းကောင်း၊ သမာဓိဝါ - သမာဓိကို လည်းကောင်း၊ သမာပတ္တိံဝါ - သမာပတ်ကိုလည်းကောင်း၊ မဂ္ဂံဝါ - မဂ်ကို လည်းကောင်း၊ ဖလံဝါ - ဖိုလ်ကို လည်းကောင်း၊ အာသံဝါ - မိမိ ကိုယ်တွင် ထင်ရှားမရှိသော၊ အဘူတံ - မဟုတ်မမှန်သော၊ 'ဥတ္တရိမနုဿ ဓမ္မံ' - ဈာန်မဂ်ဖိုလ် တရားမြတ်ကို၊ ဥလ္လပတိ - ဝါကြွား ပြောဆိုမိအံ့၊ သောဘိက္ခု - ထိုရဟန်းသည်၊ အဿမဏော - ရဟန်း မဟုတ်သည်၊ အသကျပုတ္တော၊ သာကီဝင် မင်းသား ဘုရားသားတော် မဟုတ်သည်၊ ဟောတိ-ဖြစ်၏။ သေယျထာပိနာမ - ဥပမာ မည်သည်ကား၊ မတ္ထကစ္ဆိန္နော - လည်ဆစ်ကျိုးသော၊ တာလော - ထန်းပင်ငုတ်သည်၊ ပုနဝိရုဠှိယာ - ညွန့်ညှောက်ဖူးလက်၊ ပေါ်ထွက် တစ်ဖန် စည်ကားပြန်ခြင်းငှာ အတဗ္ဗောသေယျထာပိနာမ - မထိုက် တန်သကဲ့သို့၊ ဧဝမေဝ - ထိုနည်းအတူ သာလျှင်၊ ဘိက္ခု - ရဟန်းသည်၊ ပါပိစ္ဆော - အလိုဆိုးသည်ဖြစ်၍၊ ဣစ္ဆာပကတော - အလိုဆိုးသည် နှိပ်စက်အပ်သည် ဖြစ်၍၊ အသန္တံ - အထင် အရှားမရှိသော၊ အဘူတံ - မဟုတ်မမှန်သော၊ 'ဥတ္တရိမနုဿဓမ္မံ' ဈာန် မဂ်ဖိုလ် ဟရားမြတ်ကို၊ ဥလ္လပိတွာ - ဝါကြွား ပြောဆိုမိသည် ဖြစ်သော်၊ ဝါ - ဝါကြွားပြောဆိုသော ကြောင့်၊ အဿမဏော - ရဟန်း မဟုတ်သည်၊ အသကျပုတ္တော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်၊ ဟောတိ - ဖြစ်၏။ တံ - ထိုအမှုကို၊ တေ-တယာ- သင်ပဉ္စင်းသစ်သည်၊ ယာဝဇီဝံ - အသက် ရှည်သမျှကာလပတ်လုံး၊ အကရဏီယံ - မပြုကျင့်အပ် မပြုကျင့် လေလင့်။[၁]

[၁] ကမ္မဝါကံဆောင် အခန်းနှစ်ဆယ် - ညောင်လေးပင်တောရ ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဦးအရိယမထေရ် (နှာ-၃၅-၃၆)

ဤကား ဥပဇ္ဈာယ်ဆရာမြတ် ဆုံးမတော်မူသော စကားတည်း။ ရဟန်းပြုပြီး တစ်ဝါဆိုပြီးနောက် အကျွန်ုပ်သည် တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၊ အနောက်ရိုးမပေါ်ရှိ ရှင်ပင်ကြက်သောက် တောရသို့ သီတင်းသုံးနေစဉ်၊ ဩစတြေးလျ နိုင်ငံမှ၊ ဒေါက်တာဟေသာစပင့် ဆိုသူ အမျိုးသမီး အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာလေသည်။ သူတို့က မိမိတို့မှာ ခရစ်ယာန် ဘာသာကို လွန်ခဲ့သော ၁၅ နှစ်ခန့်ကပင် စွန့်ခဲ့ပြီးဖြစ်၍ ယခုအခါ ဘယ်ဘာသာကိုမျှ ကိုးကွယ်ခြင်း မရှိကြောင်း၊ မိမိတို့ ဘာသာ ကောင်းအောင် နေသွားလျှင်လည်း ပြီးတာပဲ မဟုတ်ဘူးလားဟု မေးလေ သည်။ မိမိက သူတို့ကို နံရံပေါ်မှာ အသင့်ပန်းချီ ဆေးရေးထားသော၊ အင်္ဂလိပ် ဘာသာ ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းကို ပြပြီး ဤတရားသည် ဗုဒ္ဓဘာသာ၏ အနှစ်သာရ တရား ဖြစ်ကြောင်း၊ ဤတရားကို နားလည်ပြီ ဆိုလျှင် မိမိဘာသာ ကောင်းအောင် နေသွားရုံဖြင့် သံသရာ ဝဋ်ဒုက္ခမှ မလွတ်နိုင်ကြောင်း ရှင်းပြရာ သူတို့ကို ထိုတရား အနှစ်ချုပ်ကို ပြပါဟု တောင်းပန်လာကြလေသည်။ အကျွန်ုပ်လည်း သူတို့ နားလည်လွယ် အောင် ပစ္စုပ္ပန်ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို ပြလိုက်သည်။ ဖဿဖြစ်ပေါ်ပုံမှ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံမ္မဘဝ ဖြစ်သွားပုံ၊ သံသရာလည်ပုံကို ခပ်ရှင်းရှင်း ပြလိုက်လေသည်။

ထိုအခါ ဒေါက်တာဟေသာစပင့်က 'တော်တော် စိတ်ဝင်စားဖို့ ကောင်းတယ်၊ ဗုဒ္ဓဘာသာက တော်တော် သိပ္ပံနည်းကျတာပဲ၊ ယုတ္တိ ရှိလိုက်တာ၊ ကျွန်မတို့ပိုပြီး သိခွင့်ရအောင် ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး သတင်းစကား (message) ပေးပါလား၊ ဘယ်စာအုပ် ဖတ်သင့်သလဲ' ဟုမေးလေသည်။

အကျွန်ုပ်လည်း မိမိ ဖတ်လက်စဖြစ်သော အမေရိကန် မနုဿဗေဒပါမောက္ခ မယ်လ်ဖုဒ်၊ အီးစပီရို၊ ရေး BUDDHISM AND SOCIETY (ဗုဒ္ဓဘာသာနှင့် လူ့အဖွဲ့အစည်း) ဆိုသော စာအုပ်ကို မြန်မာ ဗုဒ္ဓဘာသာ အကြောင်း အကြမ်းဖျင်းသိရအောင် ပေးလိုက်ပါသည်။ သူက 'ညပိုင်းကျရင် ကျွန်မ ဆွေးနွေးလို့ ရမလား' ဟုမေးသည်။ မိမိက

ည ၇ နာရီမှာ ဆွေးနွေးဖို့ သဘောတူလိုက်လေသည်။

ည ၇ နာရီအချိန်တွင် ရှင်ပင်ကြက်သောက်ရှိ မိမိ၏ ဧည့်ခံခန်းမထဲမှာ သူတို့နှင့် ပြန်ဆုံလေသည်။ ထိုအခါ ဒေါက်တာ ဟေသာစပင့်က အောက်ပါရေးသားချက်ကို ထောက်ပြပြီး ပြောသည်။

" I know of no layman who has attained the state of insight (vipassana). Those few monks who hinted that they had achieved such a state either would not describe it, claiming that to do so would be in violation of their vows, or could not described it, it is an ineffable experience. As one put it to me, "It's like sexual intercourse; unless you have had the experience yourself, it cannot be explained" * ဟုရေးထားသည်ကို တွေ့ရသည်။

ထိုစာကို ဖတ်ပြီးနောက် ထိုအမျိုးသမီးကြီးက အကျွန်ုပ်ကို မေးသည်။

'အရှင်ဘုရား၊ ဒီစာထဲမှာ ပြောထားသလိုဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုတာကို ရတဲ့လူ မရှိသလောက်ပဲ၊ ရထားတဲ့ ရဟန်းပုဂ္ဂိုလ်တွေကျတော့လည်း ထုတ်ဖော်ပြီး မပြောဆိုရဘူးလို့ ဆိုထားတယ်၊ ဟုတ်ပါသလား ဘုရား'

'ဟုတ်တယ် ဒကာမကြီး၊ ဘုရားက ဒီတရားတွေဟာ ဥတ္တရိမနုဿဓမ္မဖြစ်လို့ လူသာမန်တွေကို တရားရထားသူ ဖြစ်သော်လည်း ရဟန်းဆိုရင် ထုတ်ဖော်ပြောဆိုခြင်း မပြုရဘူးလို့ ပညတ်ထားတယ်'

'ဟာ ဒါဆိုရင်တော့ အရှင်ဘုရားတို့ အနေနဲ့ တပည့်တော်တို့ အနောက်တိုင်းနိုင်ငံတွေကိုလာပြီး သာသနာမပြုပါနဲ့၊ အရှင်ဘုရားတို့ တရားကို ဘယ်သူကမှ လက်ခံမှာ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ ဒကာမကြီး'

'တပည့်တော်တို့ အနောက်တိုင်းသားတွေရဲ့ စိတ်ထဲမှာ 'To be is to be perceived' 'ရှိရင် သိကို သိရမယ်'၊ သိအောင်လည်း ထုတ်ဖော်ကြေညာရမယ်။ ဒါမှအများတကာ စိတ်ဝင်စားသူများက ဟုတ်မဟုတ်

---

* Melford.E.Spiro - BUDDHISM AND SOCIETY P.55

မှန်မမှန်ကို သူပေးတဲ့ ဖော်မြူလာအရ စမ်းသပ်ကြည့်မယ်၊ သူတို့က ဒီဖော်မြူလာအတိုင်း စမ်းသပ်လို့ မှန်ကန်ကြောင်း ကိုယ်တွေ့သိရမှသာ လက်ခံမယ်၊ ခုဒီစာထဲမှာ ပါသလိုပြောလို့တော့ မရဘူး၊ ဒီနေရာမှာ အဆင့်နှစ်ဆင့် ထားပြီး လေ့လာကြမှာပဲ၊ ပထမ အဆင့်က အရှင်ဘုရား ရထားတဲ့ တရားကို ဘယ်လိုစမ်းသပ်ရင် သိနိုင်သလဲ ဆိုတာကို ရှင်းရှင်း လင်းလင်း ပြောရမယ်၊ ပြီးတော့မှ သူတို့ကို လက်တွေ့စမ်းသပ်ခွင့် ပေးရမယ်။ သူတို့တွေ့ရှိတဲ့ တရားနဲ့ အရှင်ဘုရား ရထားတဲ့တရားနဲ့ တူကြောင်း ထင်ရှားမှသာ လက်ခံကြပါမှာပဲ၊ ဒီလို လျှို့ဝှက်ထားလို့တော့ တပည့် တော်တို့ဆီက လူတွေက လက်မခံဘူး၊ တပည့်တော်တို့ဆီကို မဟာယာန ဘုန်းကြီးတစ်ပါးလာပြီး တရားရထားတဲ့ ပုဂ္ဂိုလ်တစ်ပါးရဲ့ ဓာတ်တော် တွေဆိုပြီး ပြဖူးတယ်၊ ဟိုက လူတွေက ရယ်ကြတယ်၊ ဒီလိုမရဘူး ဘုရား၊ ကမ္ဘာကို သာသနာပြုမယ်ဆိုရင်၊ ကမ္ဘာက လူတွေရဲ့ စိတ်သဘောထားကို လည်း သိထားမှ အဆင်ပြေလိမ့်မယ်' ဟုလည်း သူက အကြံပေးသွား သည်။

ဤကိစ္စကို ကြားသိရပြီးနောက် အကျွန်ုပ်၏ ခေါင်းထဲတွင် စိတ်ကူး နှစ်ခု ဖြစ်ပေါ်လာသည်။

(က) ဥတ္တရိမနုဿဓမ္မသည် ဘာလဲနှင့်

(ခ) ဥတ္တရိမနုဿဓမ္မကို ကမ္ဘာက နားလည် လက်ခံ ယုံကြည်လာ အောင် ဘယ်လိုလုပ်ပြီး သာသနာပြုမလဲ ဆိုသော ပုစ္ဆာကြီးနှစ်ခု ဖြစ်ပါ သည်။ ထိုပုစ္ဆာတွေကို မရှင်းနိုင်ဘဲနှင့် ဗုဒ္ဓဘာသာ၏ goal ပန်းတိုင် ဖြစ်သော 'နိဗ္ဗာန်' ကို ကမ္ဘာက လူတွေနားလည်ပြီး လက်ခံလာအောင် ဘယ်လို သက်သေထင်ရှားပြမလဲ ဆိုသော ရောမပုစ္ဆာကြီးကို ရှင်းနိုင် မည်မဟုတ်ပါ။

ဤစဉ်းစားစရာ အချက်များကို မိမိခေါင်းထဲ ထည့်ပြီး ပထမဦးစွာ 'ဥတ္တရိမနုဿဓမ္မ' ကို နားလည်အောင် ရှင်းရှင်းလင်းလင်း သိမြင် သဘော ပေါက်အောင် လုပ်ဖို့ကို ဆုံးဖြတ်ချက်ချလိုက်ပါသည်။

၁။ ပထမ ဥတ္တရိမနုဿဓမ္မ - ဆိုသော ပါဠိစာလုံး၏ အနက် အဓိပ္ပာယ်ကို စူးစမ်းဖို့ ဆုံးဖြတ်ပါသည်။ အနက်မထင်ရှားမီ မြတ်စွာဘုရား ပညတ်တော်မူထားသော စတုတ္ထပါရာဇိက သိက္ခာပုဒ်ကို လေ့လာကြည့်ပါသည်။

## သိက္ခာပုဒ်ပါဠိ

၄။ ယော ပန ဘိက္ခု အနဘိဇာနံ၊ ဥတ္တရိမနုဿဓမ္မံ၊ အတ္တုပနာယိကံ၊ အလမရိယဉာဏဒဿနံ သမုဒါစရေယျ 'ဣတိ ဇာနာမိ၊ ဣတိ ပဿာမိ' တိ၊ တတော အပရေန၊ သမယေန၊ သမနုဂ္ဂါဟီယမာနော ဝါ၊ အသမနုဂ္ဂါဟီယမာနော ဝါ အာပန္နော ဝိသုဒ္ဓါပေက္ခော ဧဝံ ဝဒေယျ 'အဇာနမေဝံ၊ အာဝုသော အဝစံ၊ ဇာနာမိ၊ အပဿံ ပဿာမိ၊ တုစ္ဆံ မုသာ ဝိလပိ' န္တိ၊ အယမ္ပိ ပါရာဇိကော၊ ဟောတိ၊ အသံဝါသော။

အဓိပ္ပာယ်။ ။ ဈာန်မဂ်ဖိုလ်တရား မရပါဘဲလျက် ဝါကြွားလိုသော စိတ်၊ အထင်ကြီးခံလိုသော စိတ်ဖြင့် ဈာန်မဂ်ဖိုလ် ရသည်ဟု ပြောလျှင်၊ ပါရာဇိက ကျသည်။ ငါသည် ဈာန်ရသည်၊ အဘိညာဉ်ရသည်၊ ဈာန်သမာပတ် ဝင်စားနိုင်သည်ဟု ဝါကြွားပြောဆိုလျှင် ပါရာဇိကကျသည်။ ပထမဈာန်ရသည်၊ ဒုတိယဈာန်ရသည်၊ တတိယဈာန်ရသည်၊ စတုတ္ထဈာန်ရသည်၊ ပဉ္စမဈာန်ရသည် မဟုတ်မမှန် ပြောဆိုလျှင် ပါရာဇိက ကျသည်။ ငါသည် အတိတ်ဘဝကို သိသည်၊ တစ္ဆေသရဲ ပြိတ္တာကို မြင်နိုင်သည်။ နတ်တို့ ဟောပြောသော စကားကို ကြားနိုင်သည်ဟု ပြောလျှင် အာပတ်သင့်သည်။ ငါသည် သောတာပန် ဖြစ်သည်၊ သကဒါဂါမ် ဖြစ်သည်၊ အနာဂါမ် ဖြစ်သည်၊ ရဟန္တာ ဖြစ်သည်ဟု ပြောလျှင်လည်းကောင်း၊ ဝိဇ္ဇာသုံးပါး၊ သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါးကိုလည်း ဝင်စားနိုင်သည် မျက်မှောက်ပြုအပ်ပြီဟု မဟုတ်မမှန်

ပြောဆိုလျှင် ပါရာဇိကကျသည်။ ငါသည် ရာဂ၊ ဒေါသ၊ မောဟကို စွန့်ပြီးပြီ၊ ကင်းကွာပြီဟု မဟုတ်မမှန် ပြောလျှင် ပါရာဇိကကျသည်။'[၁]

ဤကားစတုတ္ထပါရာဇိက သိက္ခာပုဒ်ကို အနက်ပေးပုံဖြစ်၏။

ဤသိက္ခာပုဒ်အရ -

၁။ ဝါကြွား ပြောဆိုခြင်းသည် ဥတ္တရိမနုဿဓမ္မ မိမိကိုယ်မှာ မရှိဘဲလျက် ရှိလေဟန် (မဟုတ်မမှန်) လိမ်လည်ပြောဆိုခြင်း အနက်ရသည်။

၂။ ဝါကြွားပြောဆိုခြင်းတွင် မြှောက်စားခံလို၍ အထင်ကြီးခံလို၍ မိမိအမှန်တကယ် ပြုလုပ်နေသည်ကို ထုတ်ဖော်ပြောဆိုခြင်းလည်း ပါသည်။ ဥပမာ - ငါတောရဆောက်တည်နေသည်ဟု ပြောဆိုခြင်း။

- ဤစကားသည် ဥတ္တရိမနုဿဓမ္မနှင့် မဆိုင်။ ရဟန်း၏ စိတ်သဘောထားနှင့် ဆိုင်သည်။ လာဘ်လာဘကို အလိုရှိခြင်း၊ လူအထင်ကြီးခြင်းကို အလိုရှိခြင်း၊ ကုဟနာခေါ် ကောက်ကျစ်စဉ်းလဲခြင်း အံ့ဖွယ်ပြုခြင်းနှင့်သာ ပို၍ သက်ဆိုင်သည်။ တကယ်တောရ ဆောက်တည်လျက်နေပြီး ပြောဆိုခြင်းဖြစ်ပါက လိမ်လည်ခြင်းမဟုတ်။ အလိုဆိုးရှိခြင်းကြောင့် ပါပစ္ဆတ္တတာဟု ဆိုနိုင်မည်လား။ သို့သော် ပါပစ္ဆာသည် မဟုတ်မမှန် ဂုဏ်များကို လိမ်ညာကြွားဝါခြင်းဖြစ်သည်ဟု ထင်ပါသည်။ အမှန်မှာ ဂုဏ်ဖော်ခြင်း (လျှို့ဝှက်ထားအပ်သည်ဟု ထေရဝါဒအစဉ်အစဉ်လက်ခံထားချက်ကို မလိုက်နာခြင်း) လည်း ဖြစ်နိုင်သည်။ အရှေ့တိုင်းသားများ၊ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ရှင်ရဟန်းများသည် လျှို့ဝှက်ခြင်း၊ ဂုဏ်မဖော်ခြင်း၊ နှိမ့်ချခြင်းကို တန်ဖိုးထားသည့်သဘော ဖြစ်ကြောင်းက ပို၍ ထင်ရှားပါသည်။

'ငါ တောရဆောက်တည်နေသည်' ဆိုခြင်းသည် ဥတ္တရိမနုဿဓမ္မကို ထုတ်ဖော်ပြောဆိုခြင်းမဟုတ်။ မိမိကျင့်သော အကျင့်ကို လူသိရှင်

[၁] ရဟန်းကျင့်ဖွယ် ၂၂၇ သွယ် - နှာ ၆၁-၆၂

ကြားဖြစ်အောင် (အမှန်ကို အမှန်အတိုင်း) ထုတ်ဖော်ပြောဆိုခြင်းသာ ဖြစ်သော်လည်း ကြားသူနာသူ စိတ်ထဲတွင် မိမိကို အထင်ကြီးစေလို၊ ကြည်ညိုစေလိုသော ပါပစ္ဆ အလိုဆိုးပါသည်ဟု ဆိုသော် ဆိုနိုင်ပါသည်။ သို့သော် မိမိ၏ ကျင့်သောအကျင့်သည် မြတ်သောအကျင့် ဖြစ်ပါလျက် ၎င်းကို ဂုဏ်ဖော်လို၍ ထုတ်ဖော်ပြောဆိုသောအခါ ထိုမြတ်သောဂုဏ်သည် ယုတ်ညံ့သွားနိုင်သည်။ အလိုဆိုးပါသွားနိုင်သည်။ မာနပါသွားနိုင်သည်။ ထို့ကြောင့် ထိုကဲ့သို့ ပြောဆိုငြားအံ့။ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်တော့သည်။

ဝါကြွားပြောဆိုခြင်းဆိုသော စကား၏ အနက်သည် လိမ်လည်ပြောဆိုခြင်းအနက်လည်းရသည်။ ဂုဏ်ဖော်ပြောဆိုခြင်းအနက်လည်းရသည်။ ထိုစေတနာက နှစ်မျိုးစလုံးကိုပင် ပါပစ္ဆအလိုဆိုးဆိုသောအနက်ယူသော်ရလိမ့်မည်ထင်သည်။

- ဤသို့ ပြောဆိုရာ၌ (လိမ်လည်ပြောဆိုခြင်းနှင့် ဂုဏ်ဖော်ပြောဆိုခြင်းတို့ကို) မိမိကိုယ်တိုင်လည်း ပြောနိုင်ပြီး တစ်ပါးသူက သွယ်ဝိုက်၍လည်း ပြောနိုင်သည်။

ပါရာဇိက အာပတ်သည် သူတစ်ပါးက သွယ်ဝိုက်၍ ပြောဆိုခြင်းနှင့်မဆိုင်ကြောင်း ကျမ်းဂန်မှာပြထားသည်။ ဥပမာ 'ငါတို့ ဥပဇ္ဈာယ်ဆရာ၏ အတူနေတပည့်များသည် အားလုံး ရဟန္တာများဖြစ်ကြသည်' ဟု ပြောခြင်းမျိုးဖြစ်သည်။ အားလုံးဆိုသော စကားထဲတွင် မိမိ (ပြောသူလည်း) အကျုံးဝင်ပါသည်။ သို့သော် တိုက်ရိုက် ဝန်ခံပြောဆိုခြင်း မဟုတ်ဘဲ သွယ်ဝိုက်၍ ပြောဆိုခြင်းဖြစ်သည်။ ထိုသို့ ပြောဆိုလျှင် ပြောဆိုသောရဟန်းအား ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စည်းအာပတ်သင့်သည်။

- ဤနေရာ၌ ပြောဆိုသူသည် ပရိယာယ်စကားဖြင့် ဆိုခြင်းဖြစ်သည်။ ပို၍ပင် လှည့်ပတ်တတ်သော သဘောရှိပါ၏။ ခေတ်လူငယ်စကားဖြင့်ပြောလျှင် 'လူလည်ကျသည်' ဟုပင် ဆိုသင့်မည် ထင်ပါ၏။ သို့သော် ထိုသူပါရာဇိက အာပတ်မသင့်ဘဲ ထုလ္လစ္စည်းအာပတ်သာ သင့်သည်ဟု ပညတ်ထားသည်။ ထိုသူကား 'ဥတ္တရိမနုဿဓမ္မ' ကိုပင် ပြော

ဆိုခြင်း ဖြစ်ပါလျက် ပါရာဇိကသို့ မကျခြင်းမှာ အဘယ်ကြောင့် ဖြစ်ပါသနည်း။ အကျွန်ုပ်သည် ဒဿနသမားပီပီ လူ့မနောကို စစ်ကြောချင်စိတ် ရှိပါသည်။ စစ်ကြောကြည့်သောအခါ ထိုပုဂ္ဂိုလ်သည် စာတတ်ပုဂ္ဂိုလ်ပီပီ၊ ဝိနည်းတတ်ကြက်သတ်နိုင်သည် ဆိုသကဲ့သို့ ပါရာဇိကသို့ မကျစေဘဲ မိမိမှာလည်း ဥတ္တရိမနုဿဓမ္မရှိကြောင်း ထုတ်ဖော်ပြောဆိုခွင့်ရအောင် ပြုခြင်းဖြစ်နိုင်သည်။ ဤကား လူတို့မှာ ရှိတတ်သော ဥပဒေကိုလက် တစ်လုံးခြား လှည့်ဖြားပြီး အပြစ်လွတ်အောင် ရှောင်ခြင်း၊ ရှောင်တတ်ခြင်း ဖြစ်နိုင်သည်။ ဤစကားမျိုးကို ဘယ်လိုလူမျိုး ပြောနိုင်မလဲဟု ဆင်ခြင်ကြည့်မိသည်။ ဝိနည်းဥပဒေကို ကောင်းစွာ ကျွမ်းကျင်ပြီးသူများသာ ပြောတတ်သည့်စကား ဖြစ်သည်။ သို့ပါလျက် ဤစကားသည် ဥတ္တရိမနုဿဓမ္မကို ဝါကြွားလိမ်ညာ ပြောဆိုခြင်း၌ အကျုံးဝင်လျက်ပင်ရှိပါ၏။

ထိုသူ အဘယ်ကြောင့် ပါရာဇိက အာပတ်မသင့်ပါသနည်း။ တိုက်ရိုက်ဝန်ခံပြောဆိုခြင်း မဟုတ်ဘဲ သွယ်ဝိုက်၍ ဝန်ခံပြောဆိုခြင်းကြောင့်ပါဟု ဖြေလျှင် 'ဒါဆို ဒီလို လှည့်ပတ်ပြောဆိုတတ်လျှင် အာပတ်ကလွတ်နိုင်သလား၊ အပြစ်က လျော့ကျသွားနိုင်သလား' ဟု စောဒကတက်ဖွယ်ရှိသည်။

ထိုသို့ကား မဖြစ်သင့်ပေ။ ဖြစ်နိုင်မည်ဟုလည်း မထင်ပါ။ အမှန်ဖြစ်နိုင်သည်ကား ဤသို့ဖြစ်ပါ၏။

ဤစကားကို ဝိနည်းမတတ်သော သာမန်လူ ပရိသတ်တို့အလယ်တွင် ပြောဆိုလျှင် လွယ်လွယ်ကူကူ နားမလည်နိုင်ခြင်းကြောင့်သာ ဖြစ်ပေလိမ့်မည်။ အကယ်၍ ဤစကားသည် ဤရဟန်းက ဥတ္တရိမနုဿဓမ္မကို ဝန်ခံပြောဆိုခြင်းဖြစ်သည်ဟု နာသူကြားသူ ပရိသတ်ထဲက နားလည်သူရှိလျှင်မူကား ပါရာဇိက အာပတ်ကျနိုင်ကြောင်း ဖော်ပြထားပါသည်။

သို့သော် ဤကိစ္စ၌ အငြင်းပွားဖွယ် အချက်တစ်ချက်ပဲ ရှိတော့သည်။ ထိုကဲ့သို့ ဥတ္တရိမနုဿဓမ္မကို ဝါကြွားပြောဆိုသော စကားများ၏ အနက်အဓိပ္ပာယ်ကို နားထောင်သူက ချက်ချင်းနားလည်ခြင်း၊ နားမလည်

ခြင်းဆိုရာ၌ နာသူကြားသူသည် တစ်ဦးတစ်ယောက်တည်း မဟုတ်ဘဲ၊ အများဖြစ်ခဲ့သော် ထိုပရိသတ် အများထဲတွင် ထိုစကား၏ အနက် အဓိပ္ပာယ်ကို တချို့က နားလည်ပြီး ကျန်တချို့က နားမလည်သော အခြေအနေလည်း ရှိနိုင်ပါ၏။ ထိုသို့ရှိလျှင် ထိုကဲ့သို့ ဝါကြွားပြောဆိုသူ သည် နားလည်သူများအတွက်သာ ပါရာဇိကကျပြီး နားမလည်သူများ အတွက် ထုလ္လစ္စည်းအာပတ်ပဲ ကျသလား။ ပါရာဇိက အာပတ်က လွတ်ပါ သလား။ မေးစရာအကြောင်း ပေါ်ပေါက်လာလေတော့သည်။ ဤ ပြဿနာ အတွက်မူ ဝိနယပါရဂူများ၏ ဝိနိစ္ဆယ လိုအပ်လိမ့်မည် ထင်ပါ သည်။

စတုတ္ထပါရာဇိကသိက္ခာပုဒ်၌ တိုက်ရိုက်ပြောဆိုခြင်း။ စာစကားဖြင့် ဆိုသော 'အတ္တုပနာယိက' မိမိ၌ ကပ်ဆောင်၍ ပြောခြင်း၊ ဝါ 'မိမိမှာ ဈာန်မဂ်ဖိုလ်တရားမျိုး ရှိသည့်အနေအထားမျိုး ဖြစ်အောင် မိမိသန္တာန် နှင့်ကပ်၍ ဆောင်ယူခြင်းမျိုးတည်း [၁]'ဆောင်' ဟူသည်လည်း လက်ဖြင့် ယူဆောင်ခြင်းမဟုတ်၊ နှုတ်အပြောအားဖြင့် ယူဆောင်ခြင်းတည်းဟု တောင်မြို့ ဆရာတော်ဘုရားကြီး ရှင်းလင်းဖွင့်ဆိုထားလေသည်။

စတုတ္ထပါရာဇိကအာပတ်ကိစ္စတွင် ဥတ္တရိမနုဿဓမ္မကို ဝန်ခံပြော ဆိုရာ၌ ဝါကြွားလိုစိတ်မရှိဘဲ ပြောဆိုလျှင်လည်း အာပတ်မသင့်ပါ။ ဥပမာ 'အခါတစ်ပါး၌ ရဟန်းတို့သည် မကျန်းမမာ ဖြစ်နေသော ရဟန်းတစ်ပါး အား သေခြင်းမှ မကြောက်ရန် ပြောဆို၏။ ထိုရဟန်းက 'သေခြင်းကိုကား ငါမကြောက်' ဟု ပြန်ပြော၏။ ဝါကြွားလိုစိတ် မရှိသဖြင့် အာပတ်မသင့်။[၂]

ထို့ပြင် သီလစင်ကြယ်၍ ကမ္မဋ္ဌာန်းအားထုတ်လေ့ရှိသော ရဟန်း သည် မိမိကိုယ်ကို မိမိ ရဟန္တာဖြစ်ပြီ (အနာဂါမ်၊ သကဒါဂါမ်၊ သောတာ ပန်)ဖြစ်ပြီဟူ၍ အဓိမာနဖြင့် ပြောမိလျှင်လည်း အာပတ် မသင့်ကြောင်း ကျမ်းဂန်မှာ လာပါသည်။

---

[၁] အရှင်ဇနကာဘိဝံသ - ပါတိမောက်ဘာသာဋီကာ - နှာ - ၅၁

[၂] ရဟန်းကျင့်ဖွယ် ၂၂၇ သွယ် - နှာ - ၆၂ - ၆၃

ဤကိစ္စမှာလည်း ဆက်စပ်စဉ်းစားစရာ အချက်များ ပါရှိနေပြန်သည်။ 'အညတရအဓိမာန' အရ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသောအားဖြင့် ဥတ္တရိမနုဿဓမ္မကို ဝန်ခံ ပြောဆိုလျှင်လည်း အာပတ်မသင့်ကြောင်း ပြထားပေရာ[၁]

(က) ရဟန်းမဟုတ်သော လူပုဂ္ဂိုလ်များကို ပြောစေကာမူလည်း အာပတ်မသင့်သလော။

(ခ) အညတရအဓိမာနကို ဘယ်လို ဆုံးဖြတ်မလဲဆိုသော ပုစ္ဆာများ ပေါ်ပေါက်လာပြန်ပါသည်။

တစ်ဖန် 'အညာပဒေသ' ဆိုသော ကိစ္စလည်းရှိသေး၏။ မိမိကိုယ်ကို သူတစ်ပါးအနေမျိုးဖြင့် 'သင်္ဒါယကာရဲ့ ကျောင်းမှာနေတဲ့ ဘုန်းကြီးဟာ ရဟန္တာပဲ' စသည်ဖြင့် ပြောဆိုခြင်းကို 'အညာပဒေသ' - အည+အပဒေသ = ဤကဲ့သို့ မိမိကိုယ်ကို သူတစ်ပါးကဲ့သို့ ပြောဆိုရာ၌ နားထောင်သူက ထိုပြောတိုင်း နားလည်လျှင် ပါရာဇိကမကျ၊ တုလ္လစ္စဉ်းအာပတ်သာ သင့်သည်ဟုလည်းကောင်း၊ နားထောင်သူက နားမလည်လျှင် ဒုက္ကဋ်အာပတ် သာသင့်သည်ဟု ကျမ်းဂန်မှာ လာပြန်ရာ အစက မိမိတွေးတော ယူဆချက်များပင် မှားနေကြောင်း တွေ့ရပြန်သည်။

မိမိ၏ ထင်မြင်ချက်မှာ 'ဥတ္တရိမနုဿဓမ္မ' ကို ဝိနည်းတတ် ဘုန်းကြီးက သွယ်ဝိုက်သောနည်းဖြင့် ပြောဆိုသော အခါ၊ နာသူကြားသူ လူပရိသတ်များ ချက်ချင်း နားမလည်သောကြောင့်သာ ပါရာဇိက အာပတ် မသင့်ဟု ဆိုထားခြင်း၊ ခွင့်လွှတ်ထားခြင်း ဖြစ်မည်ဟု ထင်ခဲ့မိ၏။ ယခုမူ 'အညပဒေသ' ပုဒ်အရ ထိုကဲ့သို့ တိုက်ရိုက် မပြောဆိုဘဲ သွယ်ဝိုက်ပြီး ပြောဆိုပါက ကြားရသူ နာရသူက ဘာဆိုလိုသည်ကို ချက်ချင်း နားလည်စေကာမူလည်း အာပတ်မသင့်ကြောင်း ဖော်ပြထားပြန်လေသည်။

---

[၁] ပါတိမောက်ဘာသာဋီကာ - ၃၁ - ၅၄

ဤစကား၏ နက်ခဲသောသဘောကို မိမိ ထိုးထွင်းစဉ်းစားပါ၏။ တိကျသော အဖြေကိုကား မရနိုင်ပါ။

ဤကဲ့သို့ တိုက်ရိုက် မဆိုဘဲ သွယ်ဝိုက်၍ ပြောဆိုတတ်ပါက နာသူက နားလည်စေကာမူ ပါရာဇိကအာပတ်မကျဟု အဘယ်ကြောင့် ခွင့်ပြုတော်မူခဲ့ကြလေသနည်း။

## ဖြစ်ရပ်မှန်တစ်ခု

စာရေးသူ ကျောက်ပန်းတောင်းမြို့တွင် အလွတ်သင် အခြေပြု ဝိပဿနာသင်တန်းတရား ဟောကြားနေစဉ်က ဖြစ်ပါ၏။ တစ်နေ့သ၌ ထိုမြို့တွင် နာမည်ကြီး မင်းကိုးကွယ်ခံ ဆရာတော်ကြီးတစ်ပါးအကြောင်း ကို ဒကာကြီး ဦးချစ်သောင်းအမည်ရှိ ပန်းထိမ်ဆရာကြီးက မိမိအား ပြောပြဖူးသည်ကို ဤသို့ ကြားသိခဲ့ရပါ၏။

'လွန်ခဲ့တဲ့ အနှစ်အားဖြင့် ၁၃-၁၄ နှစ်လောက်ကပေါ့ ဘုရား၊ ဒီဆရာတော်ကြီး သိပ်နာမည်မကြီးသေးဘူး၊ အဲဒီတုန်းက ဆရာတော်ဟာ ဒကာကြီးတစ်ဦးအိမ်ကို ကြွလာပြီး 'ဒကာကြီး၊ ရဟန္တာကို ဆွမ်းမကျွေးချင်ဘူးလား' လို့ မေးတယ်၊ ဒကာလုပ်တဲ့သူကလည်း 'ဟာ၊ အရှင်ဘုရားရယ် ရဟန္တာကို ဆွမ်းကျွေးရမယ်ဆိုလို့ကတော့ တပည့်တော်တို့ မိသားစုမှာ အတိုင်းထက်အလွန် ကံထူးလို့သာ ဒီလို အခွင့်ပြုရတာပဲဘုရား၊ ကျွေးချင်လှပါတယ် ဘုရား' လို့ လျှောက်သတဲ့။

ဒီတော့ ဆရာတော်က 'ဒကာကြီး၊ ဒါဖြင့် ဘယ်နေ့ဘယ်ရက်ကျရင် ဆွမ်းပြင်ထား၊ ရဟန္တာကိုယ်တော်မြတ်ကြီးကို ဘုန်းကြီးကိုယ်တိုင် ပင့်လာမယ်' လို့ အမိန့်ရှိပြီး ပြန်ကြွသွားသတဲ့။

ချိန်းဆိုထားတဲ့ ရက်လည်းရောက်ရော၊ ဆွမ်းကပ်ချိန်မှာ ပြောသွားတဲ့ ဆရာတော်ဟာ သူကိုယ်တိုင် ဆွမ်းစားကြွလာပါတော့တယ်။ ဒကာကြီး လုပ်တဲ့သူကလည်း ရဟန္တာ ပါလာမယ်ဆိုတော့ စောင့်နေတာ၊ ဒီဆရာတော်ပဲ ဆွမ်းဘုဉ်းပေးပြီး ပြန်ကြွသွားတော့တယ်။ လှူဖွယ်ပစ္စည်းတွေကိုလည်း အားလုံး အလှူခံတော်မူသွားတယ် ဆိုပဲ။

ဒီကိစ္စဖြစ်ပြီး များမကြာခင်မှာပဲ ဆွမ်းကပ်တဲ့ ဒကာကြီးဟာ ဒီဖြစ်ရပ်ကို မန္တလေးတိုင်း သံဃာ့နာယကအဖွဲ့ကို တိုင်တန်းတယ်တဲ့။ ဒီအခါ မန္တလေးရဟန်းပျိုအဖွဲ့က မှန်လုံကားကြီး လေးငါးစီးနှင့် ကြွလာတော်မူကြပြီး ဒီဆရာတော်ကို လိုက်ဖမ်းကြတယ်။ ပထမတော့ ဆရာတော်ဟာ ပုန်းအောင်းနေသေးတယ်။ နောက် ပုန်းနေလည်း လွတ်မှာမဟုတ်ဘူး ဆိုတာသိလို့ ထွက်လာပြီး ရဟန်းပျိုအဖွဲ့က သံဃာတော်များနဲ့ ပြဿနာကို ရှင်းဖို့အတွက် ရင်ဆိုင်ပါတယ်တဲ့။ ဒီတော့ ရဟန်းပျိုအဖွဲ့က 'အရှင်ဘုရားဟာ ရဟန္တာလား' လို့ မေးကြတာပေါ့။ ဆရာတော်ကလည်း မိမိ ရဟန္တာ မဟုတ်ကြောင်း ဝန်ခံပါသတဲ့။ ဝန်ခံရင်ဖြင့် ဒီမှာ ရဟန္တာ မဟုတ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးပါဆိုလို့ လက်မှတ် ရေးထိုးတဲ့စာ ရှိပါတယ်လို့ ကြားခဲ့ရဖူးတယ်။

'အညာပဒေသ' အရ ဒီဆရာတော်ဟာ ပါရာဇိက အာပတ်မသင့်ကြောင်း ထင်ရှားပါသော်လည်း ဒီဖြစ်ရပ်ကို သိကြတဲ့ ဒကာ ဒကာမတွေ အဖို့မှာတော့ အကြည်ညိုပျက်စရာ ဖြစ်သွားရတယ်ဟု ဆိုသင့်မည် ထင်ပါသည်။

အကျွန်ုပ်သည် 'အညာပဒေသ' နှင့် 'အညတြအဓိမာန' နှစ်ချက်ကို ခြွင်းချက် အဖြစ်နှင့် ဘာကြောင့် မြတ်စွာဘုရား ဟောကြားပညတ်တော်မူထားခဲ့ပါသလဲဟု အကြိမ်အခါများစွာ စဉ်းစားဆင်ခြင်ခဲ့ပါသည်။ တိကျသော အဖြေကိုကား မရသေးပါ။ ဝိနည်းမိုရ်ဆရာတော်ကြီးများ၏ ဝိနစ္ဆယကို ကြားရပါမူကား ကောင်းလေစွဟု အောက်မေ့လျက်သာ နေခဲ့ရလေသည်။

မကြာမီကမူ ရန်ကုန်မြို့မှ ဒကာကြီး ဦးမြတ်ထွန်း ပေးပို့လိုက်သော ပိဋကမြန်မာပြန်ကျမ်းများထဲတွင် 'ကျမ်းဦးမှတ်ဖွယ်' ဆိုသော ကျမ်းငယ်တစ်စောင်ပါလာသည်။ 'ပိဋကပါဠိတော် မြန်မာပြန်ကျမ်းများ၏ အဆီအနှစ်အရသာကို ဖော်ထုတ်သည့် မိတ်ဆက်စာတမ်းဖြစ်သော 'ပါဠိ

မြန်မာပြန်ကျမ်းများ၏ ကျမ်းဦးမှတ်ဖွယ်များ' စာအုပ်တစ်အုပ်ကို ရရှိခဲ့လေသည်။

ထိုစာအုပ် (စာတမ်း) ထဲတွင် စတုတ္ထပါရာဇိက သိက္ခာပုဒ်နှင့် စပ်လျဉ်းသော အောက်ပါ ကောက်ချက်ချ စကားကို မှတ်သားဖွယ်ရာ တွေ့ရလေသည်။

စတုတ္ထပါရာဇိက သိက္ခာပုဒ်ကို ဖော်ပြရာ၌ လိမ်လည်လှည့်ဖြား ဝါကြွားပြောဆို၍ စားသောက်ခြင်းနှင့် ခိုးဝှက်၍ စားသောက်ခြင်းတို့၏ တူညီပုံကို ခိုးသူကြီးငါးယောက်ဥပမာဖြင့် မြတ်စွာဘုရား ဟောကြားထားသည်မှာလည်း အထူးမှတ်သားစရာ ကောင်းလှပေသည်။ ထိုသိက္ခာပုဒ်ဆိုင်ရာ၌ အရှင်မဟာမောဂ္ဂလာန်ဟောကြားသော ပြိတ္တာအမျိုးမျိုး အကြောင်းမှာ အလွန်သံဝေဂဖြစ်ဖွယ်ရာ တစ်ရပ်ပင်ဖြစ်လေသည်။

**(ဤအကြောင်းကို ပါရာဇိကဏ် အဖွင့်ပိုင်းသို့ ရောက်သောနေရာ၌ အကျယ်ဖော်ပြထားပါသည်။)**

'ပါ ရာ ဇိ က သိ က္ခာ ပုဒ် လေး ပါး သည် ဗုဒ္ဓ ဥပဒေတော်တွင် အကြီးလေးဆုံး သိက္ခာပုဒ်တော်များ ဖြစ်လင့်ကစား ကရုဏာတော်ရှင် မြတ်စွာဘုရားသည် အာဒိကမ္မိက (အဦးဆုံး ကျူးလွန်သူ) များအား အာပတ်မှ လွတ်ခွင့်ပေးတော်မူခဲ့၏။ ထိုအာဒိကမ္မိက ပုဂ္ဂိုလ်များသည် ပါရာဇိက သိက္ခာပုဒ်များအား လွန်ကျူးမိခဲ့သော်လည်း နောင်အခါ မကျူးလွန်အောင် စောင့်စည်း၍ သိက္ခာသုံးပါး (သီလ၊ သမာဓိ၊ ပညာ) ကို ကျင့်သုံးသွားလျှင် အရဟတ္တဖိုလ်သို့ ရောက်နိုင်သည်။ (မည်သို့ပင်ဆိုစေ အာဒိကမ္မိက ပုဂ္ဂိုလ်များအား ၎င်းတို့ စွမ်းအားအလျောက် သိက္ခာသုံးပါး မြတ်တရားကို ကျင့်ကြံအားထုတ်ပါက မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်နိုင်ရန် လမ်းဖွင့်ပေးထားသည့် အနေနှင့် မြတ်စွာဘုရားက အပြစ်မှ ခွင့်လွှတ်ခဲ့သည်ဟူသော အချက်ကိုကား မှတ်သားထားရမည် ဖြစ်သည်။ [၁]

---

[၁] ကျမ်းဦးမှတ်ဖွယ် - နှာ ၈-၉

## ခွင့်ပြုချက်များစွာ ရှိပါသည်

ဤတွင် စတုတ္ထပါရာဇိက သိက္ခာပုဒ်ပါ 'ဥတ္တရိမနုဿဓမ္မ' ကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ပြောဆိုရာ၌ အာပတ်မသင့်သော ကိစ္စများ စွာ ရှိလေသည်။ ဤအကြောင်းများကို စာဖတ်သူ ဗဟုသုတလည်းဖြစ်၊ ဆင်ခြင်စရာလည်း ဖြစ်ရလေအောင် ဤတွင် ဖော်ပြသင့်သည်ဟု ထင်၍ ဖော်ပြပါသည်။

ရဟန်းတစ်ပါးသည် လူသူမရှိရာ အရပ်၌ မိမိတစ်ပါးတည်း ဝါကြွား လိုသောစိတ်ဖြင့် ငါသည် ဈာန်မဂ်ဖိုလ်ရသည်ဟု ဝါကြွားပြောဆိုလေ၏။ နတ်သား တစ်ယောက်က ကြား၍ ထိုရဟန်းအား မမှန်သောစကား မပြောကြားပါနှင့်ဟု တားမြစ်၏။ ထိုအရာ၌ နတ်သားသည် ရဟန်းပြော သော စကား၏ အဓိပ္ပာယ်ကို နားလည်၏။ သို့သော် လူသားမဟုတ်သဖြင့် ထို ရဟန်းအား ပါရာဇိက အာပတ်မသင့်၊ အလွန်သေးငယ်သော ဒုက္ကဋ် (မကောင်းသဖြင့် ပြုခြင်းကြောင့် သင့်ရောက်သော အာပတ်) အာပတ် သာသင့်၏။

အခါတစ်ပါး ပုဏ္ဏားတစ်ယောက်သည် ရဟန်းတို့ကို ပင့်ဖိတ်၍ 'ရဟန္တာအရှင်မြတ်တို့ ထိုင်ပါလော့'၊ ရဟန္တာအရှင်မြတ်တို့ ဆွမ်းဘုဉ်းပေး ပါလော့' စသည်ဖြင့် ရဟန္တာဟု ခေါ်ဝေါ်၍ ခရီးဦးကြိုပြု၏။ ရဟန်းတို့ သည် မိမိတို့ ရဟန္တာမဟုတ်သဖြင့် မထိုင်ရဲကုန်။ ဆွမ်းမဘုဉ်းပေးရဲ ဖြစ်ကုန်၏။ မြတ်စွာဘုရားက ကြည်ညိုသောကြောင့် ခေါ်ဝေါ် ပြောဆို ရာ၌ အာပတ်မသင့်ဟု မိန့်တော်မူသည်။

ဤတွင် စတုတ္ထပါရာဇိက သိက္ခာပုဒ်လာ ဥတ္တရိမနုဿဓမ္မနှင့် စပ် သမျှ သိဖွယ်အကျဉ်းမှတ်ဖွယ်များကို ဦးစွာ ဖော်ပြထားလိုပါ၏။ သို့မှ သာ နောက်ပိုင်းတွင် အကျွန်ုပ်တွေးတောသုံးသပ်သော အချက်များကို ဆက်စပ်စဉ်းစားရာတွင် လွယ်ကူမှု ရှိမည်ထင်ပါသည်။

## စတုတ္ထပါရာဇိက အင်္ဂါ၅ပါး

အောက်ပါအင်္ဂါ၅ချက်နှင့် ညီလျှင် စတုတ္ထပါရာဇိက အာပတ်သင့်သည်။

(၁) မိမိ၌ စျာန်၊ မဂ်ဖိုလ် မရှိဘဲနှင့် ရှိသည်ဟု ပြောခြင်း။

(၂) ဝါကြွားလိုသောစိတ် ရှိခြင်း (တကယ်ရသည်ထင်မှတ်၍ ပြောလျှင် ပါရာဇိက မကျ)

(၃) ငါစျာန်မဂ်ဖိုလ်ရသည်ဟု မိမိကိုယ်ကို တိုက်ရိုက်ညွှန်ပြခြင်း (သွယ်ဝိုက်၍ ပြောလျှင်မကျ၊ ထုလ္လစ္စဥ်းအာပတ်သာ သင့်၏)

(၄) အပြောခံရသူသည် လူသားဖြစ်ခြင်း (ရဟန်းနှင့် နတ်အား ပြောလျှင်မကျ)

(၅) နားထောင်သူက ချက်ချင်းနားလည်မှ ကျသည် (ပြောပြီး အတန်ကြာတွေးပြီးမှ နားလည်လျှင်လည်း ပါရာဇိကမကျ)[၁]

အမှန်တကယ်ရသော စျာန်မဂ်ဖိုလ်ကို ရဟန်းအချင်းချင်း ပြောလျှင် အာပတ်မသင့်။ လူ သာမဏေအား ပြောပါမူကား ပါစိတ် (ကုသိုလ်မှ လျှောကျစေသောအပြစ်) သာသင့်သည်။

တရားအားထုတ်နေစဉ် တရားထူးမရဘဲလျက် ရသည်ဟု အထင်ရှိ၍ ရဟန်းအချင်းချင်း ပြောရာ၌ အာပတ်မသင့်၊ လူ သာမဏေအား ပြောလျှင် ပါစိတ်အာပတ်သင့်သည်။

မိမိ ကမ္မဋ္ဌာန်းထိုင်ရာ ဝိပဿနာရှုရာ၌ တွေ့ရှိချက်များကို လူသာမဏေအား မပြောရ၊ မိမိဆရာသမားအား ဖွင့်ဟ ပြောခွင့်ရှိသည်။ မိမိနှင့် အလားတူ တရားအားထုတ်နေသူ ရဟန်း အချင်းချင်းကို ဖွင့်ဟ ပြောခွင့်ရှိသည်။ ဝါကြွားလိုစိတ်ဖြင့် မပြောရ၊ ထိုစကားကို ပြောခြင်းကြောင့် တရားအားထုတ်သည့် အဖော်ဖြစ်သူ ဓမ္မမိတ်ဆွေ (ရဟန်း) အား သဒ္ဓါတရား ထက်သန်စေလိုသော စေတနာဖြင့် ပြောခွင့်ရှိသည်။

---

[၁] ရဟန်းကျင့်ဖွယ် ၂၂၇ သွယ် - နှာ - ၆၂-၆၃

ဤကား ဥတ္တရိမနုဿဓမ္မနှင့် ဆိုင်သော ဝိနည်းသိက္ခာပုဒ် ပညတ်ချက်များဖြစ်သည်။

ဓုတင်ဆောင် ရဟန်းများ အနေနှင့် မိမိဆောင်ထားသော ဓုတင်အကျင့်များကိုလည်း လူသိမခံဘဲ ကျင့်ရကြောင်း ကျမ်းဂန်မှာလာသည်။ ဘာကြောင့် သူသိမခံရသလဲဟု မေးသင့်သည်။ လျှို့ဝှက်လိုသော သဘောလားဟု ထင်မြင်ယူဆစရာရှိပါ၏။ မဟုတ်ပါ။ မိမိအပေါ် လူများ အထင်မကြီး စေလိုသောကြောင့်သာ ဖြစ်ပါ၏။ လူအများ အထင်ကြီး စေလိုသောကြောင့် တောရ ဆောက်တည်ခြင်း၊ သုသာန်ဓုတင်ဆောင်ခြင်း စသည်ပြုလုပ်လျှင် ဒုက္ကဋ်အာပတ်သင့်၏။[၁]

ဤကိစ္စနှင့် ပတ်သက်၍ မိမိ၏ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို ဤနေရာ၌ တိုက်ဆိုင်နေသဖြင့် ပြောပြလိုပါ၏။ မိမိသည် ရဟန်းပြုပြီးနောက် မကြာမီ တစ်ဝါရပြီးသောအခါ တောင်ငူမြို့အနောက်ဘက် ၃၅ မိုင်ခန့် ကွာဝေးသော အနောက်ရိုးမ (အုတ်တွင်းမြို့နယ်) ပေါ်ရှိ အနောက် ဘုရားဟု လူသိများသော ရှင်ပင်ကြက်သောက် တောရသို့ ရောက်သွားလေသည်။ ရဟန်းပြုစဉ်က အင်းလေးကန် အရှေ့ဘက်ကမ်းပေါ်ရှိ ဝက်သကင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။ အင်းလေး ဝက်သကင်ကျောင်းမှာ ပထမဝါဆိုပါသည်။ ရည်ရွယ်ချက်မှာ ဝက်သကင်ကျောင်း၌ စိတ်အေးချမ်းသာ တရား အားထုတ်ခြင်းအလုပ်ကို လုပ်ဖို့ဖြစ်ပါ၏။ သို့သော် နာမည်ဂုဏ်သတင်းရှိသူအတွက် ဆိတ်ကွယ်ရာရှားလှပါသည်။ ဝက်သကင် ဆရာတော်ကား ရှမ်းပြည်နယ် တောင်ပိုင်း အင်းလေးဒေသတွင် နာမည်ကျော်ကြား လူသိများလှပါသည်။ တစ်နေ့တစ်နေ့ လာဖူးကြသော ပရိသတ်များ အလွန်စည်ကားပါ၏။ ထို ပရိသတ်များတွင် နိုင်ငံခြားသား ခရီးသွားဧည့်သည်လည်း များလှ၏။ စာရေးဆရာ ဆန်းလွင် ဒီကျောင်းမှာ သီတင်းသုံးနေသည်ဟု သိပြီဆိုလျှင် မိမိ၏ စာဖတ် ပရိသတ်များ အားလုံး ကျောင်းပေါ်သို့ အလုံးအရင်းနှင့် တဝုန်းဝုန်း ပြေးတက်လာကြ

[၁] ရဟန်းကျင့်ဖွယ် ၂၂၇ သွယ် - နှာ - ၆၄-၆၅

၏။ စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်းသည်ပင် သုံးလေးရက် ဆက်တိုက်ရောက်လာပြီး မိမိနှင့်လာ၍ တရားစကားများ ပြောသည်။ နိုင်ငံခြားသားများ ရောက်လာလျှင် ဆရာတော်ကြီးက မိမိထံသို့ စေလွှတ်၏။ သူတို့က အလွန် အမေးအမြန်း သန်လှသည်။ မိမိလည်း သူတို့ ကျေနပ်လောက်အောင် ဗုဒ္ဓဘာသာနှင့် စပ်သမျှ ဝိပဿနာနှင့် စပ်သမျှ ဖြေကြားနေရ၏။ မိမိမှာ ကိုယ့်အလုပ်ကိုယ်လုပ်ချင်သဖြင့် ဤသို့ ချောင်ကျသော နေရာတွင် လာ၍ သီတင်းသုံးနေခြင်း ဖြစ်၏။ သို့ရာတွင် မိမိ အထင်နှင့် အတွေ့ လွဲလျက် ရှိ၏။ ထိုကြောင့် ဝါကျွတ်သည်နှင့် တောင်ငူမြို့ အနောက်ဘက် ရိုးမပေါ်ရှိ အသွားအလာ ခက်ခဲသော နေရာသို့သွားပြီး သီတင်းသုံးနေခဲ့ခြင်း ဖြစ်၏။

တစ်နေ့သ၌ မိမိ၏ နိဿရည်းဆရာက 'အရှင်ဘုရား တစ်နေ့ နိုင်ငံခြား တိုင်းတစ်ပါးကို သွားပြီး ဗုဒ္ဓသာသနာ ပြုတဲ့အခါ ကိုယ့်မှာ လောကီ ကိုယ်ခံပညာလည်း လိုတယ်၊ ဒါကြောင့် တောထဲသွားပြီး ရက္ခမူဗုတင်ဆောင်ပါ' ဟု အမိန့်ရှိလေသည်။ ဆရာတော်၏ စကားကို မိမိ အဓိပ္ပာယ် မသိပါ။ 'လောကီကိုယ်ခံပညာ' ဆိုတာ ဘာကို ခေါ်မှန်း ဘာကိုရည်ရွယ် ပြောဆိုမှန်း မသိပါ။ ဤကျောင်းသို့ ရောက်ကာစဖြစ်၍ ဆရာတော် အကြောင်းကိုလည်း ကောင်းကောင်းမသိပါ။ သို့သော် မိမိက သူ့ထံမှာ 'ဥပဇ္ဈာယောမေဘန္တေဟောဟိ' ဟု နိဿရည်း ဆရာတော် အဖြစ် တောင်းခံထားပြီးဖြစ်၏။ ထိုကြောင့် သူ ခိုင်းသည့်အတိုင်း လိုက်ပြီး လုပ်ရ၏။ တောထဲ သစ်ပင်အောက် သုသာန်ထဲမှာ ဆွမ်းတစ်ထပ်တည်း ကို ရောမွှေပြီးစား၊ သက်နီးသုံးထည်ဖြင့်နေ၊ ကျောချပြီးလည်း မအိပ်ဘဲ ကျင့်ရမည်ဟု ဆိုသဖြင့် ဆရာတော် ပြောတိုင်းသာ မိမိက လိုက်နာပြီး ဆောင်ရွက်ဖို့ ကြိုးစား၍ ဆုံးဖြတ်ချက်ချခဲ့ပါ၏။

သို့သော် မိမိ၏ ပင်ကိုစရိုက်အတိုင်း ဒါတွေကို ဘာအကျိုးအတွက် လုပ်ခိုင်းတာလဲဟု စိတ်ထဲကသာ မေးခွန်းများ မေးခဲ့ပါ၏။ ထိုအခါ ရန်ကုန်က ပို့လိုက်သော မိမိ၏ စာအုပ်များ တောထဲသို့ ရောက်လာ လေသည်။ ဝိသုဒ္ဓိမဂ်မဟာစည် ဆရာတော် ဘာသာပြန်မှ စုတင်နိဒ္ဒေသ

-ဓုတင်အကျယ်၊ ဓုတင် ၁၃ ပါးအကြောင်းကို လေ့လာကြည့်ပါ၏။ ဦးစွာ ဆရာတော် လုပ်ခိုင်းသော ရုက္ခမူဓုတင်ဆောင်လျှင် ဘာအကျိုးရသလဲ ဟု စိတ်ထဲကမေးပြီး အဖြေရှာကြည့်၏။ ဝိသုဒ္ဓိမဂ်၊ မြန်မာပြန် (မဟာစည်ဆရာတော်မူ) စာမျက်နှာ ၂၀၃-၂၀၆ တွင် ရုက္ခမူဓုတင်အကြောင်းကို တွေ့ရ၏။ ရုက္ခမူဓုတင်၏ အကျိုးအာနိသင်ကို ဤသို့ ပြထားသည်ကိုတွေ့ရ၏။

ဆိုလတ္တံ့သည်ကား (ရုက္ခမူဓုတင်၏) အကျိုးအာနိသင်ပေတည်း။

(၁) သစ်ပင်ရင်းတည်းဟူသော ကျောင်းကို အမှီပြုလျက် ရဟန်း၏ အဖြစ်သည် (မျှတတည်နေရ၏) ဟူသော၊ (ရဟန်းပြုစဉ် သိမ်ထဲက မထွက်မီ ကြားခဲ့ရသော) မြတ်စွာဘုရား၏ စကားတော်ကြောင့် (တတိယ) နိဿယ အားလျော်သော အကြောင်းရှိ၏။ ဟုတ်ပြီ။ ဤအချက်သည် နှစ်သက်ဖွယ် လက်ခံဖွယ် ကောင်းလှပါ၏။

(၂) အဖိုးလည်း နည်းကုန်၏။ ရလည်း ရလွယ်ကုန်၏။ ထိုအဖိုးနည်း၍ ရလွယ်သော ကျောင်းတို့သည် အပြစ်လည်းကင်းကုန်၏။ ဟုတ်ပြီ။ ဤအချက်လည်း နှစ်သက်ဖွယ်၊ လက်ခံနိုင်ဖွယ်ရှိသည် အမှန်ဖြစ်၏။

(၃) သစ်ရွက်တို့၏ မပြတ်ပြောင်းလဲ ဖောက်ပြန်ခြင်းကို မြင်ရသဖြင့် အနိစ္စသညာကို ဖြစ်စေနိုင်၏။ ဤအချက်သည်လည်း မိမိ၏ အဇ္ဈာသယနှင့် ကိုက်ညီလှပေသည်။

(၄) ကျောင်း၌ ဝန်တိုခြင်း၊ အမှုသစ် အလုပ်အကိုင်နှင့် မွေ့လျော်ခြင်းတို့ မရှိခြင်း၊ မှန်ပါ၏။ ဤအချက်လည်း နှစ်သက်ဖွယ်ဖြစ်၏။

(၅) ရုက္ခစိုးနတ်တို့နှင့်အတူတကွ နေရသည်၏အဖြစ်၊ ဤစကားကိုကား သံသယဖြစ်၏။ ရုက္ခစိုးနတ်ဆိုတာက ရှိလို့လား၊ ရုက္ခစိုးနှင့် အတူနေလို့ ဘာဖြစ်နိုင်သလဲ။ ဤအချက်အပေါ်တွင် သံသယများစွာ ဖြစ်၏။

(၆) အပ္ပိစ္ဆတာ စသည်တို့ အားလျော်သော အကျင့်ရှိ၏။ ဤကား ရုက္ခမူဓုတင်ဆောင်ခြင်း အကျိုးအာနိသင်ပေတည်းဟု ပြထား၏။ [၁]

---

[၁] မဟာစည်ဆရာတော် - ဝိသုဒ္ဓိမဂ် - မြန်မာပြန် (ပတွဲ) နှာ ၂၀၅

အကျွန်ုပ် စိတ်ထဲတွင် တခြားသော ဓုတင်များကိုကား မဆောင်ဘဲ နေလျှင် အဆင်မပြေသောကြောင့်သာ ဆောင်ရ၏။ ဆောင်ချင်၍ ဆောင်ခြင်း မဟုတ်ကြောင်း ဝန်ခံပါ၏။ ဆရာတော်က ရုက္ခမူဓုတင် ဆောင်ခိုင်းခြင်းမှာ အကြောင်းရှိပေလိမ့်မည်။ သူပြောထားသော လောကီ ကိုယ်ခံအားကိစ္စနှင့် စပ်နေသလားကိုလည်း သိချင်ပါသည်။ ဆရာတော် က သူ ဤတောထဲသို့ ရောက်ကာစ၌ ငှက်ဖျားမိပြီး မိမိ ကျောင်းသင်ခန်း ကလေးပေါ်မှာ လဲနေစဉ် ရက်အတန်ကြာသည် အထိ ဘယ်သူမှ မသိဘဲ တစ်ယောက်တည်း ရောဂါကိုသာ ခံစားနေရ၏။ ထိုအခါ သူ့ကို စောင့်ရှောက်သော ရုက္ခစိုးကြီးက ရွာသားများကို သွားပြီး နှိုးဆော် ကြောင်း၊ သူကိုယ်တိုင်လည်း မိမိကို လာ၍ ပြုစုကြောင်း အမိန့်ရှိလေ သည်။ အကျွန်ုပ်မှာ ဆရာတော်၏ စကားကို နားရှိ၍ ကြားနေရစေကာမူ လည်း စိတ်ထဲက မယုံမကြည်ဖြစ်လျက်သာ နေလေသည်။ ထိုကြောင့် ဆရာတော်က ရုက္ခမူဓုတင် ဆောင်ခိုင်းသဖြင့် ဆောင်ရသောအခါ တကယ်ပဲ ရုက္ခစိုးဆိုတာ ရှိသလား။ ရုက္ခမူဓုတင်ဆောင်သော ပုဂ္ဂိုလ်အား ရုက္ခစိုးက စောင့်ရှောက်ကြောင်း၊ စားစရာများ အလိုလို ရောက်လာတတ် ကြောင်း၊ ဆရာတော် ပြောသော စကားသည် အမှန်ပဲလား။ ငါကိုယ်တွေ့ သိနိုင်မလား။ ဗုဒ္ဓဘာသာသည် တကယ်ပဲ အစမ်းသပ်ခံနိုင်သော ခံရဲ သော ဘာသာ ဖြစ်သလား စသည်မေးခွန်းများအတွက် အဖြေကို ရှာလို ခြင်းသည်သာ အကျွန်ုပ်၏ တကယ့်စိတ်ဆန္ဒ ဖြစ်နေခဲ့ပါ၏။ ကျန်သော ဓုတင်များတွင် ဧကာသနိကင်၊ ပတ္တပိုဏ်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ သပဒါန စရိက ဓုတင်များမှာ မဆောင်မဖြစ်၍ ဆောင်ရခြင်းဖြစ်၏။ ဆောင်ချင် ၍ ဆောင်ခြင်း မဟုတ်ပါ။ တိစီဝရိက်ဓုတင်မှာလည်း တောထဲသို့ သင်္ကန်း များစွာ သယ်ယူ မသွားနိုင်၍သာ ဆောင်ခြင်းဖြစ်၏။ ပထမဦးစွာ သင်္ကန်း သုံးထည်ဖြင့် ရေချိုးလျှင် ဘယ်သို့ သင်္ကန်းကို ဝတ်ရုံရမလဲ မသိဘဲ မျက်စိလည်နေသဖြင့် ဆရာတော်အား မေးရသေးသည်။ ဆရာတော်က သင်းပိုင် ရေစိုနေသောအခါ ကိုယ်ရုံ ကေသီကို ခေါက်ပြီး ခေတ္တသင်းပိုင်လုပ်ပုံ၊ ဒုကုဋ်ကို ကေသီလုပ်ပုံကို ပြပေးပါသည်။

တောထဲသို့ ရောက်သောအခါ မိမိစိတ်ထဲတွင် ရုက္ခမူစုတင်ဆောင်နိုင်သော ဆရာတော်၏ ရည်ရွယ်ချက်ကိုသိဖို့ကိုသာ ပထမကြိုးစားသည်။ နောက် ရုက္ခမူစုတင်ဆောင်သူ၏ ရအပ်သော အကျိုးအာနိသင်ကို ကိုယ်တွေ့မျက်မြင် သိရအောင်သာ စိတ်စောလျက်ရှိလေသည်။

ပထမ ဆရာတော်ပြောဖူးသော ရုက္ခစိုးကြီးက သူ့ကို စောင့်ရှောက်ဖူးကြောင်း ပြောစကားကို အမှတ်ရသည်။ ငါ့ကိုကော ရုက္ခစိုးစောင့်ရှောက်မလား။ ဤအတွေးဝင်သည်။ ပြီးတော့ လောကီကိုယ်ခံအားဆိုသော ဆရာတော်၏ စကားကို အမှတ်ရပြန်သည်။ ရန်ကုန်မှာ နေစဉ်က ဤဆရာတော်ထံသို့ သွားပြီး သိတင်းသုံးမည်ဟု ပြောဖူးသည်။ ထိုအခါ ဆရာတော်နှင့် ဆက်စပ်သော ဒကာတစ်ဦးက 'ဦးဆန်းလွင်က သရဲဘုန်းကြီးဆီသွားမယ်ဆိုပဲ' ဟု ပုတ်ခတ်သံ ကြားဖူးသည်။ ကျောင်းကို ရောက်တော့ သူတို့ကျောင်းမှာ သက်သတ်လွတ်ပဲ စားရမည်ဟု ဆိုသည်။ ဆရာတော်၏ ကပ္ပိယကို မေးကြည့်သည်။ 'ငါတို့က မဟာယာနမှ မဟုတ်တာ၊ ဘာအကြောင်းကြောင့် သက်သတ်လွတ် စားရမလဲ' ဟု မေးတော့ သူ့ကပ္ပိယက 'ဒီမှာရှိတဲ့ ပရလောကက ပုဂ္ဂိုလ်တွေက အသားစားခွင့်မပြုဘူး၊ အသားစားရင် လည်ချောင်းထဲ ရောက်တာတောင် ကလော်ထုတ်တယ်'

'သရဲကြောက်လို့ သက်သတ်လွတ် စားတာပေါ့၊ ဒါဆို' ဆိုတော့ ကပ္ပိယက စကားဆက်မပြောဘဲ မျက်နှာပျက်လျက် ကြောက်ရွံ့ထိတ်လန့်စွာ ထွက်ခွာသွားလေသည်။

မကြာမီပင် အကျွန်ုပ်လည်း ရုက္ခစိုး ရှိ မရှိ၊ ရုက္ခမူစုတင်ဆောင်ပုဂ္ဂိုလ်ကို ရုက္ခစိုးစောင့် မစောင့်သိအောင် စမ်းသပ်လိုစိတ် ဖြစ်ပေါ်လာသည်။

မိမိအဖို့မူ ဓုတင်ဆောင်ခြင်းသည် လူအထင်ကြီးဖို့မဟုတ်၊ စမ်းသပ်လို၍ဖြစ်သည်။ ဗုဒ္ဓဘာသာသည် တကယ်ပဲ ဧဟိပဿိကော ဖြစ်သလား၊ သန္ဒိဋ္ဌိကော ဖြစ်သလား စမ်းသပ်ကြည့်ချင်သည်။

ဤတွင် မိမိ၏ တွေ့ရှိချက်များကို ပြောသင့်သည် ထင်ပါသည်။ အထင်ကြီးစေလို၍ မဟုတ်ပါ။ မြတ်ဗုဒ္ဓဟောကြားတော်မူသော တရားများသည် လက်တွေ့ အစမ်းခံနိုင်ကြောင်း သိစေလို၍ဖြစ်၏။

ဤတွင် မိမိ၏ အတွေ့အကြုံကို ပြောပြလိုခြင်းမှာ ယခု ကာလသား ဗုဒ္ဓ ဘာသာဝင်လူငယ်များ၊ ပညာတတ်များ၊ သိပ္ပံ ပညာကိုသာ အထင်ကြီးသူများအား 'ခင်ဗျားတို့ မယုံရင် စမ်းကြည့်၊ ဗုဒ္ဓဘာသာက အစမ်းခံတယ်' ဟု ပြောပြချင်ပါသည်။ ဤတရားသည် စိတ်ကူးယဉ် တရား၊ မှန်းဆပြီး တွေးကြံထားသော တရားမဟုတ်၊ မြတ်စွာဘုရား ကိုယ်တော်တိုင် တွေ့ဖူး၊ သိဖူးပြီး၊ စမ်းသပ်ဖူးပြီးမှ ဟောထားသော တရားဖြစ်ကြောင်း၊ ယုံကြည်သဒ္ဓါ ပွားများစေလိုသော စေတနာဖြင့်သာ ပြောပြခြင်းဖြစ်ပါသည်။

အဖြစ်အပျက်မှာ ဤသို့ဖြစ်ပါ၏။

တောထဲ လှိုဏ်ထဲရှိ ညောင်ကျပ်ပင်ကြီးတစ်ပင်ကို အကျွန်ုပ်သည် မှီရာပြုပါ၏။ ထိုသစ်ပင်အောက်တွင် မိမိတရားရှုမှတ်မည့်နေရာကို ရှင်း လင်းသုတ်သင်သည်။ ပြီးနောက် စိတ်ထဲက 'ဤသစ်ပင်၌ ရုက္ခစိုးနတ် ရှိသည်မှန်လျှင် သင့်အား ငါမမြင်ရပါ။ ငါ့အားမူ သင်မြင်မမြင်မသိပါ။ ယခုငါသည် သင်၏အရိပ်အာဝါသကို မှီခိုရပါပြီ။ ကံ ကံ၏အကျိုးကြောင့် ဖြစ်ပါမူကား ဘဝတစ်ခုဝယ် ငါ၏ အရိပ်ကို သင်ခိုနားခွင့်ရခဲ့ခြင်းကြောင့် လည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ ငါသည် သင့်အား ကျေးဇူးတင် သည်။ ထိုကျေးဇူးကြောင့် ငါပြုသော ကုသိုလ်ကောင်းမှုတို့ကို သင့်အား ငါအမျှဝေပါမည်။ သင်သည် ငါ့အား အစောင့်အရှောက်ကို ပြုပါစေ သတည်း' ဟု ရေရွတ်လိုက်သည်။ ထိုနောက် ဘာဖြစ်လာမလဲဟု သတိ ကပ်၍ စောင့်ကြည့်မိသည်။

ညနေ ၄ နာရီကျော်သည်အထိ ဘာမျှ ထူးထူးခြားခြား ဖြစ်မလာ ပါ။ ဝိပဿနာ သတိပဋ္ဌာန်အလုပ်ကိုသာ စိတ်က စူးစိုက်သွားသော ကြောင့် ရုက္ခစိုးကိုလည်း အမှတ်မရတော့ပါ။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး

၏ အနိစ္စသဘော၊ ဖြစ်ပျက်သဘော၌သာ ဉာဏ်သက်ဝင်နေပါသည်။ ဆောင်းတွင်းကာလ နတ်တော်လဖြစ်သောကြောင့် နေ့တာတိုသည်။ ၅ နာရီ မရောက်မီပင် မှောင်ရိပ်ပျိုးစ ပြုလာသည်။ ထိုအချိန်တွင် တောခြောက်လာသည်။ သစ်ရွက်ကြွေသံသည် သွပ်ပြားပေါ်၊ အုတ်ခဲကျသလောက် အသံပြင်းထန်စွာ မြည်သည်။ သစ်ရွက်ခြောက်အပေါ် တချွတ်ချွတ် နင်းသွားသော အကောင်များ၏ ခြေသံကလည်း စိတ်ကို ချောက်ချားစေသည်။ မိမိလည်း စိတ်ကို အပြင်မထွက်အောင် သတိပဋ္ဌာန်ကို မြဲမြံဖို့ ဖိပြီး အားထုတ်နေရသည်။ ထိုအချိန်တွင် ကိုယ်ပေါ်မှာ ရွရွမွမွတွေ ပေါ်လာသည်။ ပိုးကောင်လား၊ ခန္ဓာ ဖောက်ပြန်ပုံပြလာတာလား ဝေခွဲမရပါ။ ထိုရွရွမွမွများကိုပင် ဖြစ်ပျက်ရှုနေသည်။ ခဏကြာတော့ ကိုယ်ပေါ်မှာ အုံခဲ၍လာသည်။ မျက်စိဖွင့်ကြည့်ချင်စိတ် ပေါ်လာသည်။ ထိုစိတ်ကို သတိကပ်ပြီး ဖွင့်ကြည့်လိုက်သည်။ အောင်မလေး တစ်ကိုယ်လုံး ပုရွက်ဆိတ် အမည်းတွေ အုံခဲပြီး ကိုယ်တွင်းကိုယ်ပ တက်နေသည်ကို တွေ့ရသည်။ ပထမထပြီး သက်န်းကို လှုပ်ခါ ရမ်းပစ်ဖို့ စဉ်းစားသည်။ ထိုစိတ်ကို ပြန်ပြီး သုံးသပ်လိုက်သည်။ မိမိကြောင့် ဤသတ္တဝါငယ်များ သေကုန်နိုင်သည်။ သူတို့သည် မိမိကိုယ်ပေါ် အနံ့ တက်လာစေကာမူ တစ်ကောင် တလေသော်မျှ ကိုက်ခဲခြင်း မပြုသော သူတို့၏ စိတ်စေတနာကိုလည်း ထည့်စဉ်းစားမိသည်။

မတ်တပ်ရပ်၊ သက်န်းချွတ်ပြီး လှုပ်ခါပါမူကား တစ်နာရီလောက်ကြာတောင် ကုန်စင်အောင် ခါနိုင်ပါ့မလား၊ မိုးကလည်း ချုပ်တော့မည်။ ကောင်းပြီ၊ ယခု ခါလိုက်သဖြင့် ကင်းစင်သွားပြီပဲထား၊ နောက်ထပ်တက် မလာနိုင်ဘူးလား။ နောက်ထပ် ဒီထက်များများ ထက်လာပြီး မိမိကြောင့် ဒေါသဖြစ်ပြီး ကိုက်ခဲကြလျှင် ဘယ့်နှယ်လုပ်မလဲ။ စဉ်းစား၍မရပါ။ နာရီဝက်လောက် ထိုင်ပြီး စဉ်းစားနေမိသည်။ အဖြေမထွက်ပါ။ နောက်ဆုံးတော့ ဆရာတော်ပြောလိုက်သော ရက္ခစိုးကိစ္စကို သတိရသည်။ ဖြစ်လို ဖြစ်ငြား မယုံတစ်ဝက် ဖြစ်နေသော်လည်း အားကိုးစရာ တခြားနည်းလမ်း မမြင်သဖြင့် ရက္ခစိုးကိုသာ တမိသည်။ 'ဒကာတော်

ရုက္ခစိုးကြီး၊ ကျုပ်မှာ အားကိုးစရာ သင်ပဲရှိတော့တယ်။ ဤစကားသည် မှန်သော စကားပါ။ ဒါကြောင့် သင့်ကို အကူအညီ တောင်းပါသည်။ ကျုပ်က ယုံခဲသူ၊ ခေါင်းမာသူ ဖြစ်သည်။ သင်က ကျုပ်ကို ကူညီလျှင် လည်း သိသာ ထင်ရှားအောင် ပြပါ' ဟု ဆိုလိုက်သည်။ စိတ်ထဲက ဆိုတာပါ။

အံ့ဩဖို့ကောင်းလှပါ၏။ ငါးမိနစ်မကြာပါ။ မိမိကိုယ်ပေါ်မှာ ပုရွက် ဆိတ်တစ်ကောင်တလေမျှ မရှိတော့ကြောင်း တွေ့ရပါသည်။ အမှန်ကို ဆိုပါမည်။ အံ့ဩခြင်းဖြစ်သည်ကတော့ အမှန်ပါ။ သို့သော် ယုံကြည်ဖို့ ကျတော့ တိုက်ဆိုင်တာများလား မသိဆိုပြီး သံသယဖြစ်နေပြန်သည်။ စိတ်ထဲက ရိုးရိုးပဲ ဝန်ခံပြောဆိုလိုက်ပါ၏။ 'ကျုပ်စိတ်ထဲတော့ သင်ဒကာ ရုက္ခစိုးကြီး ကူညီလိုက်တာပဲလို့တော့ ထင်တယ်။ ဒါပေမဲ့ သံသယ လုံး လုံးမကင်းဘူး၊ မယုံတစ်ဝက်၊ ယုံတစ်ဝက် ဖြစ်နေတယ်' ဟု ပြောလိုက်ပါ သည်။ မိမိစိတ်ထဲကလည်း 'မင်းအယုံမလွယ်နဲ့၊ လူရယ်စရာ ဖြစ်နေဦး မယ်' ဟု ဆိုကာ မိမိကိုယ်ကို ဘရိတ်ဖမ်းထားလိုက်သည်။

နောက်တစ်နေ့ ညနေရောက်တော့ တရားရှုမှတ်မှု နားလိုက်ပြီး ကျင်ငယ်စွန့်မည်ပြုနေစဉ် မိမိပတ်ဝန်းကျင်မှာ တစ်ခါမှ မမြင်ဖူးသော မီးခိုးရောင် မကျတကျ ခပ်ဖြူဖယောင်ဖယောင် ကြွက်များ အရှေ့အရပ်၊ တောင်အရပ်၊ မြောက်အရပ် သုံးဘက်မှ ရာနှင့်ချီပြီး လာနေကြသည်ကို မြင်ရသည်။ ဤကြွက်မျိုး ဒီတစ်သက် တစ်ခါမျှ မမြင်ဖူးသေးပါ။ ပုတ် သင်ညိုလို အလျားရှည်သော ကြွက်များဖြစ်သည်။ မိမိဘက်သို့ ဦးတည် ပြီး တပ်နှင့်ချီကာ ချီတက်လာကြသည်။ ရုတ်တရက် မြင်လိုက်ရသဖြင့် အံ့ဩစိတ်နှင့် စိုးရိမ်စိတ်များ ဖြစ်သွားသည်။ ဘေးမှာ ချထားသော တောင်ဝှေးကို ယူပြီး သူတို့လာရာဘက် မြေကြီးကို ခေါက်လိုက်သည်။ ကြောက်လန့်ပြီး ပြန်ပြေးမလားဆိုပြီး လုပ်လိုက်ခြင်းဖြစ်သည်။ သို့သော် ကြွက်များ၏ အမူအရာမှာ မိမိအပြုအမူကို နားမလည်သလို လုံးဝ တုန်လှုပ်ခြင်း၊ တွန့်ဆုတ်ခြင်းမရှိဘဲ ရှေ့သို့သာ တိုးမြဲတိုင်း တိုးဝင်လာကြ သည်။ ခဏကြာတော့ မိမိခုထိုင်ထားသော သားရေနွယ်အောက်မှာ

ကြွက်များ ရာချီပြီး ဝင်တိုးနေကြသည်။ တင်ပါးအောက်က နှုတ်သီးဖြင့် ထိုးနေသလို ခံစားရသည်။ မိမိ မတ်တပ်ရပ်လိုက်ဖို့ စဉ်းစားသည်။ ခြေနင်းမိပြီး တစ်ကောင်တလေ သေသွားပါက ဒေါသဖြစ်ပြီး မိမိကို တက်ကိုက်မည်ကိုလည်း စိုးရိမ်ရသည်။ ဖိသတ်သလိုဖြစ်ပြီး အကုသိုလ် ဖြစ်မည်ကိုလည်း ကြောက်သည်။ မိုးချုပ်ရန်လည်း နီးကပ်နေပြီး ဘယ်လို လုပ်ရမှန်းလည်း မသိတော့၊ အကြံအိုက်လျက် ရှိစဉ် ရုက္ခစိုးကို တဖို့ သတိရပြန်သည်။ သတိထားပြီး ဤသို့ ပြောလိုက်မိသည်။ ပြောလိုက်ရ သည်ကို စိတ်ရွှင်လန်းနေသည်။ အဘယ်ကြောင့်ဆိုသော် ဤတစ်ကြိမ်၌ ရုက္ခစိုး စောင့်ရှောက်သလား၊ မစောင့်ရှောက်ဘူးလား ကွဲကွဲပြားပြား သိရတော့မည်ဟု နားလည်လိုက်သောကြောင့် ဖြစ်ပါ၏။

'ဒကာကြီး၊ ရုက္ခစိုးဒကာကြီး၊ ကျုပ်ကို ကူညီပြီး ယခုကြုံတွေ့နေရတဲ့ ပြဿနာကို ဖြေရှင်းပေးပါဦး၊ ကျုပ်မှာ ခင်ဗျားကို အားကိုးဖို့ပဲ ရှိပါတော့ တယ်၊ ဒီတစ်ခါတော့ ကျုပ်လုံးဝ သံသယကင်းသွားလောက်အောင် ခင်ဗျား စောင်မစမ်းပါဗျာ' ဟု ပြောလိုက်မိသည်။ မိမိစိတ်ထဲက ရေရွတ် ပြီး ချက်ချင်း ကြွက်တစ်ကောင် တလေမျှ မကျန်ဘဲ ပျောက်သွားလေ သည်။ ဩော် ဘုရားစကား အမှန်ပါပဲလား။ ရုက္ခစိုးနှင့် အတူနေရသည် ဆိုတာ မှန်လိုက်တာဟု အသိဉာဏ်ဝင်လာပြီး မြတ်စွာဘုရားကို ရှေးက ထက်ပိုပြီး ကြည်ညိုစိတ်ပွားရုံသာမက ဓမ္မတရားတော်ကလည်း သန္ဒိဋ္ဌိ ကော အစစ်ပါကလားဟု သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက် ချနိုင်ခဲ့လေသည်။

ဤအကြောင်းအရာသည် အထင်ကြီးစေလို၍ ပြောပြရသော အကြောင်းအရာမဟုတ်ကြောင်း ဘုရား တရားအပေါ် ယုံကြည်မှု သဒ္ဓါ တရား ပွားများစေလို၍ ပြောကြောင်း နားလည်နိုင်ပါလိမ့်မည်။

ဤကိစ္စကို တင်ပြရခြင်းမှာ ဓုတင်ကိုဆောင်ကြရာ၌ လူအထင်ကြီး စေလိုသော စေတနာအပြင်၊ အခြားသော တန်ခိုးဣဒ္ဓိ ရချင်သော စေတနာမျိုးဖြင့် ပြုလုပ်ခြင်းမျိုးလည်း ရှိနိုင်ပါသည်။ တန်ခိုးသိဒ္ဓိ အလို့ငှာ ဓုတင် အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်သည် ဤကိစ္စကို လျှို့ဝှက်ထားသည်။ လူသိ ခံမည်မဟုတ်ကြောင်း ထင်ရှားပါ၏။ သို့သော် ထိုသို့ ကျင့်ခြင်းသည်

မြတ်ဗုဒ္ဓဘုရား အလိုတော်အရ ဖြစ်ပါမည်လား ဆိုသော ပြဿနာသည် မိမိခေါင်းထဲသို့ ရောက်လာပါသည်။

ထိုအယူအဆကြောင့် မိမိနှင့် ထိုဆရာတော်တို့ စိတ်ဝမ်းကွဲကာ မိမိလည်း သူ့ထံက ခွဲခွာခဲ့ရဖူးလေပြီ။ (ဤအကြောင်းသည် အတွေ့အကြုံအရသာ သိနိုင်သော ကိစ္စဖြစ်ပါ၏။ စဉ်းစားစရာကိစ္စဖြစ်နေ၍ ဤတွင် တင်ပြဖို့ ကြိုးစားလိုက်ခြင်းဖြစ်ပါ၏)

## ဥတ္တရိမနုဿဓမ္မကို နားလည်အောင် ကြိုးစားခြင်း

ဥတ္တရိမနုဿဓမ္မဆိုတာ ဘာလဲ။

ပါဠိစာပေနှင့် အကျွမ်းမဝင်သူ သာမန် စာဖတ်သူများသည် ဤစကားလုံး၏ အနက်အဓိပ္ပာယ်ကို နားလည်ကြမည် မဟုတ်ပေ။ ရဟန်းသံဃာများ (ပရိယတ္တိကျွမ်းဝင်သော) သံဃာတော်များကတော့ အများအားဖြင့် သိကြပါလိမ့်မည်။ သို့သော် သိပုံသိနည်းက တစ်မျိုးတစ်ဘာသာစီ ဖြစ်နေလေသည်။ ဘယ်လို တစ်မျိုးတစ်ဘာသာစီ ဖြစ်နေကြသလဲ။ ဤ မေးခွန်းလည်း ပေါ်ပေါက်သင့်ပါ၏။

ပြောပြပါမည်။

ထေရဝါဒချင်းတူသော်လည်း သီရိလင်္ကာ (သီဟိုဠ်) သံဃာများ အဓိပ္ပာယ်ယူပုံနှင့် မြန်မာရဟန်းသံဃာများ အဓိပ္ပာယ်ကောက်ယူပုံ ကွာခြားနေခြင်းကို ဆိုလိုပါသည်။ ဤသို့ အဘယ်ကြောင့် (ထေရဝါဒချင်း အတူတူ) အဓိပ္ပာယ်ကောက်ယူပုံ ကွာခြားရသနည်း။ ဤမေးခွန်းလည်း မေးသင့်၏။

ဤသို့ ကွဲပြားစွာ နားလည်ရခြင်းအကြောင်းကို ရှင်းပြပါမည်။ 'ဥတ္တရိ မနုဿဓမ္မ' ဆိုသော စကားလုံးသည် အနက် နှစ်မျိုးထွက်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် 'ဥတ္တရိ' ဆိုသော နာမဝိသေသနပုဒ်ကို မနုဿဆိုသော နာမ်နှင့်တွဲလျှင် အဓိပ္ပာယ်တစ်မျိုး၊ ဓမ္မဆိုသော နာမ်နှင့် တွဲလျှင် အဓိပ္ပာယ်တစ်မျိုး ဖြစ်ပါသည်။ တွဲပုံမှာ ဤသို့ဖြစ်၏။

၁။ ဥတ္တရိ+မနုဿဓမ္မနှင့်

၂။ ဥတ္တရိမနုဿ+ဓမ္မဟူ၍ ဖြစ်၏။
၁။ ဥတ္တရိ+မနုဿဓမ္မ ဆိုလျှင် ဓမ္မ (တရား) နာမ်ကို အထူးပြုပြီး
၂။ ဥတ္တရိမနုဿ+ဓမ္မ ဆိုလျှင် လူပုဂ္ဂိုလ်နာမ်ကို အထူးပြုပုဒ် ဖြစ်သွားပါသည်။

ဤအကြောင်းကို မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ၏ ပါတိမောက် ဘာသာဋီကာနှင့် ပါရာဇိကဏ် အဋ္ဌကထာ၊ ဘာသာဋီကာ (တတိယတွဲ) တွင် ဤသို့ လေ့လာတွေ့ရှိနိုင်ပါ၏။

ဥတ္တရိမနုဿဓမ္မ ◦ 'ဥတ္တရိ-မြတ်ကုန်သော၊ မနုဿာ-လူတို့တည်း၊ ဥတ္တရိမနုဿ-'မြတ်သောလူ' ဟူသည် ရိုးရိုးပုထုဇဉ် လူများထက် သာလွန်သော ဈာယီ (ဈာန်ရသူ) နှင့် အရိယာ (မဂ်ဖိုလ်ရသူ) များတည်း။ ထို့ ကြောင့် ဥတ္တရိမနုဿဓမ္မသည် 'ထိုသူတို့၏ တရား' ဟု အနက်ရသည်။ 'ထိုသူတို့၏တရား' ဟူသည် ထိုသူတို့ သန္တာန်၌ ထင်ရှားရှိသော (ထိုသူတို့ အပိုင်ဖြစ်သော) ဈာန်တရား၊ မဂ်ဖိုလ်တရားများတည်း။ ဤတရားကား 'အလမရိယဉာဏဒဿနံလည်းဖြစ်၏။ (အလံ-စွမ်းနိုင်သော-အရိယံ-ကိလေသာတို့မှ စင်ကြယ်သော၊ ဉာဏ-ကသိုဏ်းစသော၊ အာရုံ၊ သစ္စာလေးပါး အာရုံကို သိတတ်+ဒဿန-မျက်စိဖြင့် မြင်သကဲ့သို့ ထိုအာရုံများကို မြင်တတ်သောဉာဏ်။ ဤပုဒ်အပေါင်းကို ဗဟုဗ္ဗီဟိသမာသ်တွဲ၍ ဥတ္တရိမနုဿဓမ္မကို ရစေသည်) အလံအရ 'စွမ်းနိုင်'ဟူသည် ကိလေသာကို ဖျက်ဆီးခြင်းကိစ္စ၌ စွမ်းနိုင်ခြင်းတည်း။ ထိုကဲ့သို့ စွမ်းနိုင်သော တရားဟူသည် ဈာန်မဂ်ဖိုလ်နှင့် ယှဉ်သော ဉာဏ်တည်း။ (ထိုဈာန် မဂ်ဖိုလ်တို့က ကိလေသာကို ဖျက်ဆီးခြင်း၌ စွမ်းနိုင်ပုံကို အဘိဓမ္မာလေ့လာသူတိုင်း သိနိုင်ပါသည်)[၁] ဤကား အနက်တစ်မျိုးဖြစ်၏။ ဤဥတ္တရိမနုဿဓမ္မကိုပင် ပါရာဇိကဏ် အဋ္ဌကထာ ဘာသာဋီကာတွင် ဤသို့ ပြတော်မူသည်။

[၁] အရှင်ဇနကာဘိဝံသ-ပါတိမောက်ဘာသာဋီကာ - နှာ ၅၀-၅၁

## မနုဿေဥတ္တရိဓမ္မဿ

ဥတ္တရတိ+ဧတေနာတိဥတ္တရိ၊ ဥ ပုဗ္ဗတရဓာတ် ဣပစ္စည်းဟု ကြံပါ။ (ပါပနက-ဟူသော ကာရိတ်အဖွင့်ကို ကြည့်၍ ဥတ္တရိကို ကရဏသာဓ်ကြံသည်) 'မနုဿေ+ဥတ္တရိ (မနုဿဥတ္တရိဟု ဆိုလိုလျက် ရှေ့နောက်ပြန်၍) 'ဥတ္တရိမနုဿော' ဟူ၍ဖြစ်၏။ 'ဥတ္တရိမနုဿေစ+သော+ဓမ္မော စာတိ ဥတ္တရိမနုဿဓမ္မော' ဟုပြု၊ မနုဿကိုလွန်ပုံပြလို၍ 'မနုဿေ၊ ပေ၊ အတ္တော' အဓိပ္ပာယ်တွဖွင့်ပြသည်။ 'လူတို့ကို လွန်မြောက်ကြောင်းဖြစ်သော ဈာန်မဂ်ဖိုလ်တရားဟုပေး။ တဖန် တောင်မြို့ဆရာတော်ကြီးက 'ဥတ္တရိမနုဿဓမ္မ' ကို ဤသို့လည်း ဖွင့်ပြပြန်သည်။

### ဥတ္တရိမနုဿာနံ၊ ပေ၊ ဓမ္မဿ

ဥတ္တရိသဒ္ဒါသည် သေဋ္ဌအနက်ဟော နိပါတ်ပုဒ်တည်း။ ထို့ကြောင့် ဥတ္တရိကို သေဋ္ဌဟု ဖွင့်သည်။ 'မနုဿ' အရ ယောကျ်ား၊ မိန်းမအားလုံးကို ရသော်လည်း ပဓာနနည်းအားဖြင့် ပုရိသာနံဟု ဖွင့်သည်။ ဥတ္တရိမနုဿာနံကို 'ဈာယီနဉ္စ၊ အရိယာနဉ္စ' ဟု သရုပ်ဖော် ထုတ်ပြသည်။ 'ဥတ္တရိစ+တေ+မနုဿစာတိ ဥတ္တရိမနုဿာ၊ ဥတ္တရိ မနုဿာနံ+ဓမ္မော၊ ဥတ္တရိမနုဿ ဓမ္မော' ဟုပြု၊ မြတ်သောလူဟူသော ဈာယီအရိယာပုဂ္ဂိုလ်တို့၏ ဈာန်မဂ်ဖိုလ်တရားဟုပေး။

ဤကား ပါရာဇိကဏ်အဋ္ဌကထာ၊ ဘာသာဋီကာ၊ စတုတ္ထပါရာဇိကအဖွင့်၏ အောက်ခြေမှတ်ချက်များ ဖြစ်ကြပါ၏။ စတုတ္ထပါရာဇိကကိုဖွင့်ဆိုပုံ၌-

'ဥတ္တရိမနုဿ ဓမ္မဿာတိ - ကား၊ မနုဿေ-လူတို့ကို၊ ဥတ္တိဏ္ဏဓမ္မဿ၊ လွန်မြောက်ကြောင်းတရား၏၊ မနုဿေ-လူတို့ကို၊ အတိက္ကမိတွာ-ကျော်လွန်၍၊ ဗြဟ္မတ္တံဝါ-ဗြဟ္မာ၏အဖြစ်သို့သော်လည်းကောင်း (ဈာန်တရားကို ရည်ရွယ်သည်) နိဗ္ဗာနံဝါ-နိဗ္ဗာန်သို့ သော်လည်းကောင်း

(မဂ်တရားကို ရည်ရွယ်သည်) ပါပနကဓမ္မသ-ရောက်စေတတ်သော တရား၏။ (ဝဏ္ဏံ-ကို၊ ဘာသိဿမနိစ္စ) ဣတိအတ္တော-နက်၊ ဝါ-တစ်နည်း ဥတ္တမပုရိသာနံ-မြတ်သောလူ ဖြစ်ကုန်သော ဝါ- လူထူးလူမြတ် ဖြစ်ကုန် သော သေဋ္ဌပုရိသာနံ-မြတ်သောယောကျ်ား ဖြစ်ကုန်သော၊ ဈာယီနဥ္စ- ဈာန်ဝင်စားနိုင်သော ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ ဝါ-ဈာန်ရ ပုဂ္ဂိုလ်တို့၏ လည်းကောင်း၊ အရိယာနဥ္စ-မဂ်ရဖိုလ်ရ ပုဂ္ဂိုလ်တို့၏ လည်းကောင်း၊ ဓမ္မသ-တရားဖြစ်၏။

ဤကား ဥတ္တရိမနုဿဓမ္မ၏ အနက်ရပုံဖြစ်၏။ မြန်မာကျမ်းဂန် များတွင် ဆိုသည်ကား၊ ဥတ္တရိမနုဿဓမ္မကို အနက်ပြန်ရာ၌ ဥတ္တရိ+ မနုဿဓမ္မ ဟူသော အနက်ကို အစဉ်အလာအားဖြင့် အများလက်ခံထား ကြသည်ကို တွေ့ရ၏။ ထိုအနက်ဖြင့် ယူလျှင် ဥတ္တရိ+မနုဿဓမ္မသည် လူပုဂ္ဂိုလ်ကို အထူးမပြုဘဲ (ဓမ္မ) တရားကိုသာ အထူးပြု ပြောဆိုသောပုဒ် ဖြစ်သွား၏။ ဆရာကြီး ဦးဟုတ်စိန်၏ ပဒတ္ထမဉ္ဇူသာခေါ် ပါဠိ မြန်မာအဘိဓာန်တွင် ဥတ္တရိမနုဿဓမ္မကို 'လူတို့၏ ကုသိုလ်ကမ္မပထ တရား ဆယ်ပါးကို လွန်သော ဈာန်မဂ်ဖိုလ်တရား' ဟု ပြထား၏။ ဤ အနက်ကိုပင် စာသင်သား အများလည်း နားလည်ထားကြ၏။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိနယဝိနိစ္ဆယ သင်္ဂဟကျမ်း၊ နှာ (၁၈၇) တွင်လည်း ဥတ္တရိမနုဿဓမ္မကို-

'ဥတ္တရိမနုဿဓမ္မော - လူတို့၏ သာမာန်ကုသိုလ်ထက် လွန်ကဲသော တရားထူး တရားမြတ်ကို (ဝါ) လူမြတ်တို့၏ တရားထူး တရားမြတ်ကို နဥလ္လ ပိတဗ္ဗော-ဝါကြွား၍မပြောအပ်ဟု ပြထားပါ၏။ တရား (ဓမ္မ) ကိုပင် အထူးပြု၍ ဖွင့်ဆိုထားပါ၏။ ဤစကားအရဆိုလျှင် 'မနုဿဓမ္မ' ကို ဦးစွာ အဓိပ္ပာယ် (အနက်) ကြံသင့်၏။ မနုဿပုဒ်သည် ဘာကို ဟောသနည်း။ ပဒတ္ထမဉ္ဇူသာ ပါဠိမြန်မာ အဘိဓာန်တွင် မနုဿသည် လူကိုပင် ဟော၏။ ကမ္ဘာ့ပါဠိပညာရှင် R.C.Childers ၏ A Dictionary of the Pali Language တွင်လည်း မနုဿကို Manusso - A human being, a man ဟူ၍ ပြထား၏။ မနုဿ 'လူ' တွင် ယောကျ်ား

ရော မိန်းမလည်းပါစေကာမူ ပုရိသ a man ဟု အနက်ယူထားပုံမှာ အထက်တွင် ဖော်ပြခဲ့ပြီးသော အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီး၏ အနက်ယူပုံနှင့် ကိုက်ညီပါ၏။

အကယ်၍ လူဟူ၍လည်းကောင်း၊ ယောကျ်ားဟူ၍ လည်းကောင်း ဟောသောအနက်ကို ယူမည်ဆိုလျှင် ရဟန်းဘိက္ခု (သာမန်ပုထုဇဉ်ရဟန်း) သေက္ခ- ကျင့်ဆဲပုဂ္ဂိုလ်များအားလုံး ပါဝင်သင့်၏။ ထိုသို့ ပါဝင်လျှင် မနုဿဓမ္မသည် ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် များစွာကျယ်ပြန့်နိုင်မည် ထင်ပါ၏။ ကုသိုလ်ကမ္မပထတရား (၁၀) ပါး (ဝါ) ပုညကြိယာတရားဆယ်ပါး ဆိုသည်ကား ၁။ ဒါန၊ ၂။ အပစာယ ၃။ ဝေယျာဝစ္စ ၄။ သီလ ၅။ ပတ္တိဒါန ၆။ ပတ္တာနုမောဒနာ ၇။ ဓမ္မဒေသနာ ၈။ ဘာဝနာ ၉။ ဓမ္မသဝန ၁၀။ ဒိဋ္ဌုဇုကမ္မတို့ဖြစ်၏။

မှန်၏။ သို့ဆိုလျှင် 'ဥတ္တရိမနုဿဓမ္မ' နယ်သည် ဘယ်မျှကျယ်ပါသနည်း။ ဤမေးခွန်း၏ အဖြေကို ပါရာဇိကဏ်ပါဠိတော် မြန်မာပြန်ကျမ်း၊ နှာ-၁၂၂ တွင် ဤသို့ ဖော်ညွှန်းထား၏။

၁၉၉။ ။ လူတို့ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားမည်သည်၊ ဈာန်၊ ဝိမောက္ခသမာဓိ၊ သမာပတ်၊ ဉာဏ်အမြင်၊ မဂ်ကိုပွားများခြင်း၊ ဖိုလ်ကို မျက်မှောက်ပြုခြင်း၊ ကိလေသာကို ပယ်ခြင်း၊ နီဝရဏမှ ကင်းခြင်း၊ ဆိတ်ငြိမ်ရာ ကျောင်းသင်ခန်း၌ မွေ့လျော်ခြင်းတည်းဟု ပြထားပါ၏။ .

ဈာန်သည် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တည်း။

ဝိမောက္ခဟူသည် ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း၊ 'သုညတဝိမောက္ခ' ကိလေသာအကြောင်းနိမိတ်မရှိ၍ လွတ်မြောက်ခြင်း၊ 'အနိမိတ္တဝိမောက္ခ' ကိလေသာတောင့်တမှု မရှိ၍ တည်ကြည်ခြင်း၊ 'အပ္ပဏိဟိတ ဝိမောက္ခ' တည်း။

သမာဓိဟူသည် ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း၊ 'သုညတသမာဓိ'၊ ကိလေသာအကြောင်းနိမိတ်မရှိ၍ တည်ကြည်ခြင်း၊ 'အနိ

မိတ္တ သမာဓိ' ကိလေသာတောင့်တမှု မရှိ၍ တည်ကြည်ခြင်း၊ 'အပ္ပဏိဟိတ သမာဓိ' တည်း။

သမာပတ်ဟူသည် ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတ သမာပတ်' ကိလေသာအကြောင်းနိမိတ်မရှိ၍ ဝင်စားခြင်း၊ 'အနိမိတ္တ သမာပတ်'၊ ကိလေသာတောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတ သမာပတ်' တည်း။

ဉာဏ်အမြင်ဟူသည် ဝိဇ္ဇာသုံးပါးတည်း။ (ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယဉာဏ်များ)

မဂ်ကိုပွားများခြင်း ဟူသည် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ၇ ပါး၊ မဂ္ဂင်ရှစ်ပါးတည်း။

ဖိုလ်ကို မျက်မှောက်ပြုခြင်းဟူသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်း၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းတို့တည်း။

ကိလေသာကို ပယ်ခြင်း ဟူသည် ရာဂကို ပယ်ခြင်း၊ ဒေါသကို ပယ်ခြင်း၊ မောဟကို ပယ်ခြင်းတည်း။

နီဝရဏကင်းခြင်းဟူသည် ရာဂမှ စိတ်၏ အပိတ်အပင် နီဝရဏ ကင်းခြင်း၊ ဒေါသမှ စိတ်၏ အပိတ်အပင် နီဝရဏ ကင်းခြင်း၊ မောဟမှ စိတ်၏ အပိတ်အပင် နီဝရဏကင်းခြင်းတို့တည်း။

ဆိတ်ငြိမ်ရာ ကျောင်းသင်ခန်း၌ မွေ့လျော်ခြင်းဟူသည် ပဌမစျာန်ဖြင့် ဆိတ်ငြိမ်ရာ ကျောင်းသင်ခန်း၌ မွေ့လျော်ခြင်း၊ ဒုတိယစျာန်ဖြင့် ဆိတ်ငြိမ်ရာ ကျောင်းသင်ခန်း၌ မွေ့လျော်ခြင်း၊ တတိယစျာန်ဖြင့် ဆိတ်ငြိမ်ရာ ကျောင်းသင်ခန်း၌ မွေ့လျော်ခြင်း၊ စတုတ္ထစျာန်ဖြင့် ဆိတ်ငြိမ်ရာ ကျောင်းသင်ခန်း၌ မွေ့လျော်ခြင်းတည်း။

ဤသို့လျှင် ပါရာဇိကဏ် အဋ္ဌကထာ အဖွင့်၌ဆိုသော်လည်း မနုဿမေွဟုပြထားသော ကုသိုလ်ကမ္မပထတရား ၁၀ ပါးတွင် 'ဘာဝနာ' ပါဝင်

နေရကား၊ ဘာဝနာ၏ အနက် နယ်အကျယ်အဝန်းကို သိချင်လာပြန်သည်။

ပါဠိမြန်မာ အဘိဓာန်တွင် ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ ပွားစေခြင်းဟုသာ သာမန်ပြထားပါ၏။ ပါဠိဝေါဟာရအဘိဓာန် (အင်္ဂလိပ်)တွင်မူကား အောက်ပါအတိုင်း ပြထားပါ၏။

BHĀVANĀ- Producing, increasing, developing, being devoted to, realizing, attainging, earnest consideration, meditation. ဤသို့ ပြဆိုထားပါ၏။ ဘာဝနာပုဒ်အရ ပွားစီးခြင်း၊ တိုးပွားခြင်း၊ ဖွံ့ဖြိုးခြင်း၊ အားထုတ်ခြင်း၊ မျက်မှောက်ပြုခြင်း၊ ဆိုက်ရောက်ခြင်း၊ အားတက်သရော တွေးတောဆင်ခြင်ခြင်း၊ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းဖြစ်ကြောင်း ပြပါ၏။ သံယုတ်သုတ်တွင်လည်း ကာယဘာဝနာ၊ စိတ္တဘာဝနာ ပညာဘာဝနာဟု ပြကြောင်း ဖော်ပြထားပါ၏။ ဝိသုဒ္ဓိမဂ် မြန်မာပြန် (မဟာစည်မူ) နှာ ၃၂၃ တွင် ဘာဝနာ အစီအရင်ကို ဖော်ပြထားပါ၏။

'ပွားစေပုံ ဘာဝနာအစီအရင် အလုံးစုံကို မယုတ်မလျော့စေဘဲ ပွားစေအပ်၏' ဟူသော စကား၌ ဆိုလတ္တံ့သည်ကား ပထဝီကသိုဏ်းကို အစပြု၍ အလုံးစုံသော ကမ္မဋ္ဌာန်းတို့၏ အစွမ်းအားဖြင့် အကျယ်ကို ပြဆိုထားပါ၏။ ဘာဝနာထဲတွင် ကမ္မဋ္ဌာန်း လေးဆယ် (ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ အနုဿတိဆယ်ပါး၊ ဗြဟ္မာဝိဟာရလေးပါး၊ အာရုပ္ပ လေးပါး၊ သညာတစ်ပါး၊ ဝဝတ္ထာန်တစ်ပါး) ကို ပြထားပါ၏။

အထက်တွင် ပြဆိုခဲ့ပြီးသော ဥတ္တရိမနုဿဓမ္မနှင့် မနုဿဓမ္မဖွင့်ဆိုချက်များအရ ဤကမ္မဋ္ဌာန်းလေးဆယ် ဘာဝနာ ၄၀ သည် မနုဿဓမ္မထဲမှာ ထည့်ရလျှင် ထိုတရားများကို ဥတ္တရိမနုဿဓမ္မများ မဟုတ်ဟု ဆိုရမလား မဝေခွဲနိုင်ပါ။ ထိုတရားများလည်း ဥတ္တရိမနုဿဓမ္မများပင်ဖြစ်သည်ဆိုပါမူကား ဥတ္တရိမနုဿဓမ္မနှင့် မနုဿဓမ္မကို ခွဲခြားရခက်ခဲပြန်ပါ၏။ သမာဓိဆိုရာတွင် ဥတ္တရိမနုဿဓမ္မ၌ ပထမဈာန်မှစ၍

စတုတ္ထစျာန်အထိ အထက်တွင် ဖော်ပြခဲ့ရာ၊ ဥပစာယသမာဓိနှင့် အပ္ပနာသမာဓိကို ဘယ်လို ခွဲသင့်ပါသလဲ။ (အပ္ပနာကို ဆောင်သော ကမ္မဋ္ဌာန်းသုံးဆယ်တို့တွင် အာနာပါနဿတိနှင့် မကွာ၊ ကသိုဏ်းဆယ်ပါးတို့သည် ရူပါဝစရ ဈာန်လေးပါးတို့၏ အာရုံဖြစ်ကြကုန်၏။[၁] ဟု ဆိုထားပြန်သဖြင့် ဥတ္တရိ မနုဿဓမ္မနှင့် မနုဿဓမ္မကို ခွဲခြားရန် မလွယ်ကူဘဲ ဖြစ်ရပြန်ပါ၏။ ထို့ပြင် ကာယဂတာသတိနှင့် အသုဘ ဆယ်ပါးတို့သည် ရူပါဝစရပထမဈာန်၏ အာရုံဖြစ်ကြောင်း၊ (မေတ္တာ၊ ကရုဏာ၊ မုဒိတာဟူသော) ဗြဟ္မဝိဟာရ သုံးပါးတို့သည် အောက်ရူပါဝစရ ဈာန်သုံးပါး၏ အာရုံဖြစ်ကြပြန်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်မှာ ဖော်ပြထားပြန်သေး၏။ စတုတ္ထဗြဟ္မာ့ ဝိဟာရနှင့် အာရုပ္ပလေးပါးတို့သည် စတုတ္ထဈာန်၏ အာရုံဖြစ်ကုန်၏။ ဤသို့ ဈာန်ကို ဝေဖန်သောအားဖြင့် (အဆုံးအဖြတ်ကို သိအပ်၏) ဟူ၍လည်း တိတိကျကျ ဖော်ပြထားပေရာ ထိုဘာဝနာကမ္မဋ္ဌာန်းများသည် မနုဿဓမ္မထဲမှာပင် ထည့်ရမည့် တရားများလား၊ ဥတ္တရိမနုဿဓမ္မထဲမှာ ထည့်သွင်းရေတွက်ရမည့် တရားများလား မိမိမှာ ဒွိဟပွားဆဲ ဖြစ်ပါ၏။

ဤကမ္မဋ္ဌာန်း လေးဆယ်တို့တွင် ကသိုဏ်းဆယ်ပါးတို့ကိုသာလျှင် ပွားစေအပ်ကုန်၏။ အကျိုးကား ကသိုဏ်းဖြန့်ရာ အရပ်အတွင်း၌ ဒိဗ္ဗသောတာ အဘိညာဉ်ဖြင့် အသံကို ကြားခြင်းငှာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အဆင်းကို မြင်ခြင်းငှာ၊ စေတောပရိယတ္တိ အဘိညာဉ်ဖြင့် သူတစ်ပါးတို့၏ စိတ်ကို သိခြင်းငှာ စွမ်းနိုင်၏။ ဤစကားများသည် ဝိသုဒ္ဓိမဂ်၌ ထင်ရှားပါ၏။ ဤတွင် မနုဿဓမ္မနှင့် ဥတ္တရိမနုဿဓမ္မကို ဘယ်နေရာ၌ အကန့်အသတ်ထား၍ ပိုင်းခြားအပ်သနည်းဆိုသော ပြဿနာသည် မိမိအတွေးမှာ ဖြစ်ပေါ်လာ၏။

တစ်ဖန်လည်း ဝိပဿနာဉာဏ်စဉ်အားဖြင့် ဥဒယဗ္ဗယဉာဏ်မှ သင်္ခါရုပေက္ခာ၊ အနုလောမ ဂေါတြဘူအထိကို မနုဿဓမ္မဟု သတ်မှတ်ပြီး မဂ် (သောတာပတ္တိမဂ်)ကစ၍ အထက်ကိုသာ၊ ဥတ္တရိမနုဿဓမ္မဟု သတ်

---

[၁] မဟာစည်ဆရာတော်၊ ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပတွဲ) နှာ -၂၉၇

မှတ်သင့်ပါသလား။ ဤသို့ဆိုပြန်လျှင်လည်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက သဠါရုပက္ခာ၊ အနုလောမ၊ ဂေါတြဘူမဂ်သည် တစ်ဝီထိတည်းပဲဟု ဟောကြားထားချက်လည်း ရှိပြန်သည်။ [၁]

**ဓုတင်ကိစ္စ** ။ ။ ဓုတင် ၁၃ ပါးကိုကျင့်သော ပုဂ္ဂိုလ်သည် အထက်တွင် ဖော်ပြခဲ့သလို၊ ယခုကာလ၌ လူအထင်ကြီးဖို့ တန်ခိုးသိဒ္ဓိရဖို့အတွက် လိုဖြစ်နေသည်။ ဘုရားအလိုမှာ ဓုတင်သည် (အပ္ပိစ္ဆတာ)အလိုနည်းခြင်း (သန္တုဋ္ဌိတာ) ရောင့်ရဲလွယ်ခြင်းစသော ဂုဏ်ကျေးဇူးတို့ကြောင့် အပြားရှိသော သီလ၏ စင်ကြယ်ခြင်းသည် ပြီးစီး၏။ အကျိုးကား ဤသို့ ဓုတင်ဆောက်တည်လတ်သော်၊ ထိုယောဂီရဟန်း၏ 'အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာတို့ကို ခေါင်းပါးစေခြင်း၊ အားထုတ်အပ်သော ဝီရိယ ရှိခြင်း၊ ဒါယကာတို့က ပြုစုမွေးမြူလွယ်ခြင်း' အစရှိသော ဂုဏ်ကျေးဇူးတည်းဟူသော ရေစင်ဖြင့် ဆေးလျှော်အပ်ပြီးသော အညစ်အကြေးရှိသည်ဖြစ်၍ (ဝါ) အညစ်အကြေးကို ဆေးလျှော် ပယ်ရှင်းပြီးသည်ဖြစ်၍ သီလသည်လည်း အလွန်စင်ကြယ်သည် ဖြစ်ပေလတ္တံ့၊ ဓုတင်အကျင့်တို့သည်လည်း ပြည့်စုံကြပေလတ္တံ့။ ဓုတင် အကျင့်တို့သည်လည်း ပြည့်စုံကြပေလတ္တံ့။ ဤသို့ (သီလစင်ကြယ်ခြင်း၊ ဓုတင်ပြည့်စုံခြင်း) ဖြစ်လတ်သော် အပြစ်ကင်းသော သီလနှင့် ဓုတင်အကျင့်ဟူသော ဂုဏ်ကျေးဇူးတို့ဖြင့် စင်ကြယ်သော အလုံးစုံသော၊ ကိုယ်၊ နှုတ်၊ စိတ် အမူအရာ၊ အကျင့်ရှိသော ယောဂီသည် (ဘုရားအစရှိသော) ရှေးသူတော်ကောင်းတို့၏ ဥစ္စာ ဖြစ်သော၊ အရိယာဝံသအကျင့်သုံးပါးအပေါင်း၌ တည်၍ ဘာဝနာ၌ မွေ့လျော်ခြင်းရှိသည်၏ အဖြစ်ဟု ဆိုထိုက်သော ၄ ခုမြောက်ဖြစ်သော အရိယာဝံသကို ရထိုက်သည် ဖြစ်ပေလတ္တံ့။ [၂]

ဝိသုဒ္ဓိမဂ်လာစကားအရ

၁။ 'ဓုတင်အကျင့်သည် သီလစင်ကြယ်ကြောင်း အကျင့်ဖြစ်သည်မှာ ထင်ရှား၏။

[၁] မဟာစည်ဆရာတော်-ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပတွဲ)-နှာ ၁၅၉/၁၆၀
[၂] မဟာစည်ဆရာတော်-ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပတွဲ)-နှာ ၁၅၉/၁၆၀

'သီလ' သည်ကား ဥတ္တရိမနုဿဓမ္မမဟုတ်။ မနုဿဓမ္မဖြစ်သော ကုသိုလ်ကမ္မပထတရားတစ်ပါးသာ ဖြစ်၏။

၂။ ထို့ပြင် ဤသို့ သီလစင်ကြယ်ခြင်းအကျိုးငှာကျင့်သော ဓုတင် အကျင့်သည် 'ဘုရားအစရှိသော သူတော်ကောင်းတို့၏ ဥစ္စာဖြစ်သော အရိယာဝံသအကျင့်သုံးပါး အပေါင်း၌တည်၍ ဘာဝနာ၌ မွေ့လျော်ခြင်း ရှိသည်၏အဖြစ်' ဟု ရှင်းလင်းစွာ ဖော်ပြထားသော စကားအရ၊ ဤတရားသည် ဘာဝနာနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း ထင်ရှားပါ၏။

၃။ ထိုကြောင့် မနုဿဓမ္မ၌ ရေတွက်အပ်သော သီလတရား၊ ဘာဝနာတရားအတွင်း၌သာ ဓုတင်သည် အကျုံးဝင်လျက်ရှိကြောင်း ထင်ရှားပါ၏။

သို့သော်လည်း-

၄။ အောက်ပါစကားအရ ဓုတင်အကျင့်ကို မြတ်စွာဘုရား ခွင့်ပြုတော်မူခြင်းအကြောင်းကို သိရ၏။

'မှန်ပေ၏။ မြတ်စွာဘုရားသည် (လာဘ သက္ကာယ) စသော၊ လောကာမိသကို ပယ်စွန့်ထားကုန်သော ကိုယ်နှင့်အသက်၌ ငဲ့ကွက်ခြင်း ကင်းကုန်သော (နိဗ္ဗာန်ကို ရခြင်းအား) လျော်သော ဝိပဿနာ ဘာဝနာ အကျင့်ကိုသာလျှင် ပြီးစီးစေခြင်းငှာ၊ အလိုရှိကုန်သော အမျိုးကောင်းသားတို့အား၊ ၁၃ ပါးသော ဓုတင်တို့ကို ခွင့်ပြုတော်မူ၏။'[၁]

၅။ စင်စစ်ဓုတင်ဆိုသည်မှာ ကိလေသာကို ခါထုတ်ဖျက်ဆီးတတ်သော အကြောင်းအင်္ဂါ စေတနာဖြစ်၏။ ထို့ပြင် ကိလေသာကို ခါထုတ်ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်သည်လည်းကောင်း၊ ကိလေသာကို ခါထုတ်ဖျက်ဆီးတတ်သော တရားသည်လည်းကောင်း 'ဓုတ' မည်၏ဟု ဖွင့်ဆိုချက်လည်းရှိ၏။

၆။ ထို့ပြင် ဓုတဓမ္မတို့ကို သိအပ်ကုန်၏ဟူရာ၌ (၁) အလိုနည်းသည်၏အဖြစ် (၂) ရောင့်ရဲလွယ်သည်၏ အဖြစ် (၃) ကိလေသာကို

---
[၁] မဟာစည် ဆရာတော် ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပ-တွဲ) နှာ ၁၆၀

ခေါင်းပါးစေတတ်သည်၏ အဖြစ် (၄) ဆိတ်ငြိမ်ခြင်းကို လိုလားသည်၏ အဖြစ် (၅) ဓုတင်ကုသိုလ်တရားဖြင့် အလိုရှိသည်၏အဖြစ် ဟူကုန်သော ဓုတင် စေတနာ၏ အခြံအရံဖြစ်ကုန်သော ငါးပါးသောတရားတို့သည် 'အလိုနည်းခြင်းကိုသာလျှင် မှီ၍' ဤသို့စသည်ဖြင့် ဟောတော်မူခြင်းကြောင့်၊ ဓုတဓမ္မ (ကိလေသာကို ခါထုတ်တတ်သောတရား) မည်ကုန်၏။ ထိုငါးပါးတို့တွင် အလိုနည်းသည်၏ အဖြစ်သည်လည်းကောင်း၊ ရောင့်ရဲလွယ်သည်၏ အဖြစ်သည်လည်းကောင်း (တရားကိုယ်အားဖြင့်) အလောဘပေတည်း၊ ကိလေသာကို ခေါင်းပါးစေတတ်သည်၏ အဖြစ်သည်လည်းကောင်း၊ အလောဘနှင့် အမောဟဟူသော ဤတရားနှစ်ပါးတို့၌ ကျရောက်သက်ဝင်၏။ ဓုတင်ကုသိုလ်တရားဖြင့် အလိုရှိအပ်သည်၏အဖြစ်သည် ဉာဏ်သာလျှင်တည်း။[၁]

၇။ ဤသို့ဖော်ပြအပ်ပြီးသော ကျမ်းဂန်လာစကား၏ ဦးတည်မှုအရ ဓုတင်သည် 'ဉာဏ်' (ပညာ)ကို အလိုရှိအပ်ကြောင်း ပေါ်ပါ၏။ သို့ဆိုပါလျှင် ဓုတင်သည် မနုဿဓမ္မမှာရော၊ ဥတ္တရိမနုဿဓမ္မမှာရော၊ ရောနှော သက်ဝင်နေပုံပေါ်ပါ၏။ အဘယ်ကြောင့်ဆိုသော် ဓုတင်အကျင့်သည် သေက္ခပုဂ္ဂိုလ်၊ ပုထုဇဉ်နှင့် ရဟန္တာများပါ အကျုံးဝင်သောကြောင့် ဖြစ်၏။ ကုသိုလ်နှင့်စပ်သော ဓုတင်သည် သေက္ခပုဂ္ဂိုလ်နှင့် ပုထုဇဉ်ဓုတင်ဖြစ်၍ အဗျာကတနှင့် စပ်သော ဓုတင်သည် ရဟန္တာဓုတင် ဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်- မြန်မာပြန် (ပတွဲ)နှာ ၂၂၀ တွင် ဖော်ပြထားသောကြောင့် ဖြစ်၏။

၈။ ထိုသို့ ဆိုနိုင်ပါမူကား ဓုတင်သည် ဥတ္တရိမနုဿဓမ္မ၌လည်း အကျုံးဝင်နေကြောင်း ထင်ရှားပါ၏။

ထိုအကြောင်းကြောင့်လားမသိ၊ ဓုတင်ဆောင်သော ဓုတပုဂ္ဂိုလ်သည် မိမိ ဓုတင်ဆောင်ခြင်းကို လူသိမခံရ၊ ထုတ်ဖော်ဝန်ခံခြင်း မပြုရကြောင်း သာကေကို စတုတ္ထပါရာဇိက အင်္ဂါငါးရပ်ကို ဖွင့်ဆိုခန်း၌

[၁] ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပ-တွဲ) နှာ ၂၂၅-၂၂၆

'ရဟန်းကျင့်ဖွယ် နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်' ကျမ်း (နှာ ၆၄) တွင် ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါ၏။

'ရှေးအခါက ဆရာတော်ကြီးတစ်ပါးသည် ကေသနိက်ဓုတင်ဟု ခေါ်သော တစ်နေ့လျှင် တစ်ကြိမ်၊ တစ်နေရာတည်း၌သာ ဆွမ်းဘုဉ်းပေးသောအကျင့်ကို ဆောက်တည်ရာ အနှစ် ၄၀ ကြာခဲ့လေပြီ။ မလိမ္မာသော ဒါယကာတစ်ဦးသည် ဆွမ်းဘုဉ်းပေးပြီးနောက် တစ်နေရာသို့ ပြောင်းရွှေ့ နေထိုင်နေသော ဆရာတော်ကြီးအား မုန့်ကပ်လှူလေသည်။ ဆရာတော်ကြီးက မုန့်ကို ဘုဉ်းမပေးသဖြင့် 'အရှင်ဘုရား ကေသနိက်ဓုတင်ဆောက်တည်ပါသလား' ဟု မေးမြန်းလျှောက်ထားသည်။ 'ဆရာတော်ကြီးသည် မိမိဓုတင်ဆောက်တည်ထားခြင်းကို လူမသိစေလိုသဖြင့် အနှစ် ၄၀ ကျော် ဆောက်တည်ခဲ့သော ဓုတင်အကျင့်ကို ဖျက်၍ ဒါယကာကပ်လှူသော မုန့်ကို ဘုဉ်းပေးပြီး၊ နောက်မှတစ်ဖန် ပြန်၍ ဓုတင်ဆောက်တည်မှုကို ပြုရရှာလေ၏' ဟု ဖော်ပြထားသည်ကို တွေ့ရ၏။

သုသာန်ဓုတင်(သောသာနိကဓုတင်) ကျင့်သော ရဟန်းသည် ည အချိန် လူခြေတိတ်မှ သုသာန်သို့သွား၍ နေရသည်။ နံနက် အရုဏ် မတက်မီ မိမိကျောင်းသို့ ပြန်ရသည်။ မိမိအပေါ် လူအများ အထင်မကြီးစေရဟု ဆိုလိုသည်။ အထင်ကြီးစေရန် ရည်ရွယ်ချက်ဖြင့် တောရ ဆောက်တည်ခြင်း၊ သုသာန်ဓုတင်ဆောင်ခြင်းကို ပြုလျှင် ဒုက္ကဋ်အာပတ် သင့်၏။ (နှာ-၆၅)

## ဥတ္တရိမနုဿဓမ္မကို အဘယ်ကြောင့် ထုတ်ဖော်ပြောဆိုခြင်း မပြုအပ်သနည်း

စတုတ္ထပါရာဇိက သိက္ခာပုဒ်သည် 'ဥတ္တရိမနုဿဓမ္မ' နှင့် စပ်ဆိုင် သော သိက္ခာပုဒ်ဖြစ်၏။ ကျမ်းဂန်၌မူ-

ငါသည် သောတာပန်ဖြစ်သည်၊ သကဒါဂါမ်ဖြစ်သည်၊ အနာဂါမ်ဖြစ်သည်၊ ရဟန္တာဖြစ်သည်ဟု ပြောလျှင်လည်းကောင်း၊ ဝိဇ္ဇာသုံးပါး၊ သတိ

ပဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ၇ ပါး၊ မဂ္ဂင် ၈ ပါးကိုရသည်။ ဝင်စားနိုင်သည်၊ မျက်မှောက်ပြုအပ်သည်ဟု-

(က) မဟုတ်မမှန် (ဝါကြွားလိုသော ပါပစ္ဆတ အလိုဆိုးဖြင့်) ပြောဆိုလျှင် သူပြောဆိုသော စကား၏ အနက်အဓိပ္ပာယ်ကို နားထောင်သူက 'ချက်ခြင်းနားလည်လျှင်' ပါရာဇိကကျ၏။

(ခ) နားထောင်သူက ချက်ခြင်းနားမလည်၊ မသိ၊ နောက်မှ မိမိဘာသာဖြစ်စေ၊ သူများပြောမှဖြစ်စေ၊ နားလည်ပါက ပါရာဇိကမကျ၊ ထုလ္လစ္စည်း အာပတ်သာသင့်၏။

ဤစကား အသွားအလာကို ထောက်ရှုခြင်းအားဖြင့် 'ဥတ္တရိမနုဿဓမ္မ' ကို ရဟန်းသံဃာများ (လူများမပါ) သည် လျှို့ဝှက်ထားအပ်သည်ဟူသော အနက်အဓိပ္ပာယ်သည် ပေါ်လွင်လျက်ရှိ၏။

## အဘယ်ကြောင့် လျှို့ဝှက်ထားအပ်ပါသနည်း

ရှေးအခါကမူ ရှေးလူကြီး မြန်မာဗုဒ္ဓဘာသာများကား အစဉ်အလာကိုစွဲများ၍ စောဒကမတက်၊ လွယ်လွယ်ကူကူ လက်ခံတတ်ကြ၏။

ယခုခေတ် လူငယ်များ၊ သိပ္ပံပညာနှင့် အနောက်တိုင်း ယဉ်ကျေးမှုဩဇာခံများကမူ အစဉ်အလာ ဓလေ့ထုံးစံကို လေးစားလိုက်နာလိုစိတ် လျော့ပါးလာကြ၏။ ဓလေ့ထုံးစံများကို ယုတ္တိမရှိ၊ ခေတ်မမီ၊ ခေတ်ကုန်သွားပြီ (Out of Date) ဟု သဘောထားလာကြပါ၏။ အနောက်တိုင်းသားများကိုကား ပြောဖွယ်မရှိပြီ။ ထိုခေတ် ပညာတတ် အနောက်တိုင်းဩဇာခံ လူငယ် လူလတ်အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဗုဒ္ဓဘာသာ၏ သင်ကြားချက်များနှင့် အလှမ်းဝေးနေကြသော၊ မိရိုးဖလာမျှသာ ဗုဒ္ဓဘာသာအမည်ခံနေကြရစေကာမူ မိမိကိုယ်မိမိ ဘာမှန်းမသိသူများ၊ ကုသိုလ် အကုသိုလ်၊ ပညတ် ပရမတ်၊ သီလ၊ သမာဓိ၊ ပညာကိုပင် မခွဲခြားတတ်သူများ၊ ခေတ်ကာလသားများကမူ 'ယုတ္တိမရှိ' ဆိုသော စကားကို လက်ကိုင်ဓားအဖြစ် အသုံးပြုနေကြလေသည်။ ထိုသူတို့ကို

ဗုဒ္ဓ ဓမ္မများကို နားလည်ပြီး သက်ဝင်ယုံကြည်လာအောင် တရားဟော တရားပြ လုပ်သောအခါ ကျမ်းဂန်ထဲက ပါဠိတော်တွေကို ရွတ်ဖတ်ပြပြီး ယုံကြည်အောင် ပြော၍မရပါ။ 'ယုတ္တိ' ကို (သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ သာဓက ယုတ္တိ) ကို ပြပြီး ပြောမှရပါ၏။

ထိုကြောင့် အကျွန်ုပ်လည်း အထက်ပါ မေးခွန်းပုစ္ဆာကို မေးပြီး အဖြေရအောင် ကြိုးစားခဲ့ပါ၏။

ဘာကြောင့် လျှို့ဝှက်ထားရမည်ဟု ယူဆပါသလဲ။

အဖြေတစ်ခု ။ ။ လူတွေ အထင်ကြီးမှာကို ကြောက်လို့၊ အထင်ကြီး ခြင်းကို မဖြစ်စေလိုလို့ လျှို့ဝှက်ထားအပ်သည်ဟူ၍ ပထမဦးစွာ နားလည် လာပါ၏။

သို့သော် ဘာကြောင့် လူအထင်ကြီးခြင်းကို ကြောက်သင့်ပါ သနည်း။

လူအထင်ကြီးလျှင် ပရိသတ်စည်ကားမည်။ ပရိသတ်စည်ကားလျှင် လာဘ်လာဘပေါ်များမည်။ လာဘ်လာဘ ပေါ်များလျှင် ရဟန်းတို့၌ ရှိအပ်သော

'သန္တုဿကောစ၊ သုဘရောစ
အပ္ပကိစ္စောစ၊ သလ္လဟုကဝုတ္တိ
သန္တိန္ဒြိယောစ၊ နိပကောစ၊
အပ္ပဂဗ္ဘော၊ ကုလေသွ နနုဂိဒ္ဓေါ
ဆိုသော တရားများအားလုံး ပျက်ပြားသွားစေနိုင်၏။

(၄၉) သန္တုဿကောစ- တင်းတိမ်ရောင့်ရဲလွယ်သူလည်း၊ အဿ- ဖြစ်ရာ၏။

သုဘရောစ- အမွေးအမြူလွယ်သူလည်း၊ အဿ-ဖြစ်ရာ၏။
အပ္ပကိစ္စောစ- နည်းသော ကိစ္စရှိသူလည်း၊ အဿ-ဖြစ်ရာ၏။
သလ္လဟုကဝုတ္တိ- ပေါ့ပါးသော အဖြစ်ရှိသူလည်း၊ အဿ-ဖြစ်ရာ ၏။

သန္တိန္ဒြိယောစ- ငြိမ်သက်သော ဣန္ဒြေရှိသူလည်း၊ အဿ-ဖြစ်ရာ၏။
နိပကောစ- ရင့်ကျက်သော ပညာရှိသူလည်း၊ အဿ-ဖြစ်ရာ၏။
အပ္ပဂဗ္ဘောစ- ကြမ်းတမ်းရိုင်းပျခြင်းမရှိသူလည်း ဖြစ်ရာ၏။
ကုလေသု- ဒကာ၊ ဒကာမ၊ အိမ်သား အိမ်သူတို့၌
အနနုဂိဒ္ဓေါစ- တွယ်တာမက်မောခြင်း မရှိသူလည်း ဖြစ်ရာ၏။ [၁]
ဟူသော တရားများအားလုံး ပျက်ပြားသွားနိုင်သည်။ ရဟန်းတို့ ကျင့်အပ်သော တရားများ ပျက်ပြားသွားလျှင် သာသနာလည်း ပျက်စီးသွားနိုင်သည်။ အရှည်အဝေး တွေးဆ မြော်မြင်ပြီး ဘုရားက တားမြစ်ထားခြင်း ဖြစ်ပေလိမ့်မည်။ ဤကား ယုတ္တိစကားဖြစ်၏။

သို့ရာတွင် မိမိသည် တစ်ခါက နိဿရည်းဆရာအဖြစ် ကိုးကွယ်ခဲ့သူ ဝိနည်းအတော်အတန် ကျွမ်းကျင်သော ဆရာတော်တစ်ပါးအား ဤမေးခွန်းကို မေးခဲ့၏။ ထိုအခါ ဆရာတော်က 'ဦးပဥ္စင်းနှယ်၊ တရားရတဲ့ ရဟန်းက သူ တရားရကြောင်း ထုတ်ဖော်ပြောလိုက်ရင် လူတွေက အရိယာ ရဟန်းဖြစ်တဲ့သူကိုပဲ ကိုးကွယ်မှာပေါ့၊ ပုထုဇဉ် ရဟန်းတွေကို ဘယ်ကိုးကွယ်တော့မလဲ။ ဒါဆို ပုထုဇဉ်ရဟန်းတွေ အားလုံး ငတ်ကုန်မယ်၊ ပုထုဇဉ် ရဟန်းကို ကြည်ညိုမှုလည်း ပျက်စီးကုန်မှာပေါ့။ ဒါကြောင့် ဘုရားက တားမြစ်တော်မူတာ ဖြစ်နိုင်တယ်' ဟု ရှင်းပြခဲ့ဖူးလေသည်။ ထိုရှင်းပြ စကားကိုမူကား မိမိက ယုတ္တိရှိသော စကားဟု မထင်ပါ။ အတ္တနောမတိသာ ဖြစ်သည်ဟု ထင်မြင်ယူဆခဲ့ဖူးပါသည်။

## ဥတ္တရိမနုဿဓမ္မ၏ နောက်အဓိပ္ပာယ်

ဥတ္တရိမနုဿဓမ္မကို ဥတ္တရိမနုဿ+ဓမ္မဟု တွဲစပ်သော အဓိပ္ပာယ် ဖြစ်သည်။ 'ဥတ္တရိမနုဿ-မြတ်သောလူတို့-မြတ်သောလူဟူသည် ရိုးရိုး လူမဟုတ်၊ ပုထုဇဉ်လူများထက် သာလွန်သူ၊ ဈာယိပုဂ္ဂိုလ် (ဈာန်ရသူ၊ အဘိညာဉ်ရသူ) နှင့် အရိယာ (မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရသူ) များတည်း။

[၁] သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ- ပရိတ်ကြီးနိဿယသစ်- နှာ - ၃၃၂

ဥတ္တရိမနုဿဓမ္မ-ထိုသူတို့ သန္တာန်၌ ထင်ရှားရှိသော ထိုလူထူး လူမြတ်တို့သာ ရအပ်သောတရား (ထိုသူတို့အပိုင်ဖြစ်သော) ဈာန်တရား မဂ်တရား[၁]

ဤဖွင့်ဆိုချက်အရ လူကို အထူးပြုဖော်ပြထားသော အနက်ရသည်။ မနုဿဓမ္မထက် ထူးကဲလွန်မြတ်သော တရားဟူရာ၌ မနုဿဓမ္မနှင့် ဥတ္တရိ မနုဿဓမ္မကို နှိုင်းယှဉ်ထားချက် ပါသည်။ ဥတ္တရိမနုဿဓမ္မကို 'ထူးကဲ မွန်မြတ်သော လူတို့သာ ပိုင်ဆိုင်သော ရရှိသော တရား' ဟု ဖော်ပြရာ၌ လူကို အထူးပြုထားသည်။ ထိုသဘောကို အနောက်တိုင်း ပါဠိပညာရှင်များနှင့် သီဟိုဠ် သံဃာတော်များက ပို၍ နှစ်သက်ဟန် တူပါသည်။ ဘာကြောင့် ထိုသို့ ဆိုသင့်ပါသနည်း။

အကြောင်းကို ယခုဆိုပါမည်။ Dictionary of The Pali Language ကို ပြုစုသူ Robert Caesar Childers. ဆိုသူ၏ ဥတ္တရိမနုဿ ဓမ္မပိုဒ် အဓိပ္ပာယ်ကို ဤသို့ ဖွင့်ပါ၏။

Uttri (ဥတ္တရိ) (adj) superior highest, best ဆိုပြီး သူက

I Should be inclined to take the phrase Uttrimanussdhamma (ဥတ္တရိမနုဿဓမ္မ) as meaning "Superhuman condition"ဟု ပြပါ၏။ Superhuman condition ဆိုသည်မှာ လူထူးလူမွန် လူမြတ်တို့၏ အဖြစ် အနေဟု အဓိပ္ပာယ်ရပါ၏။

သောတာပန် ဖြစ်ကြောင်းအမှန်ကို အမှန်အတိုင်း (အလိုဆိုးမပါ၊ ဝါကြွား လိမ်ညာခြင်း မရှိဘဲ) ထုတ်ဖော် ဝန်ခံခြင်းသည် ပါရာဇိက မကျသင့်။ အလိုဆိုးဖြင့် ဝါကြွားလိုသောသဘောဖြင့် ထုတ်ဖော် ပြောဆိုသော ရဟန်းများသာလျှင် ပါရာဇိကကျသင့်ကြောင်း ဖော်ပြ ထားလေသည်။ ဤသဘောကို မြတ်စွာ ဘုရားက ပါစိတ်ပါဠိတော် ၁၊ မုသာဝါဒဝဂ် ၈ - ဘူတာရောစနေ သိက္ခာပုဒ်တွင် အောက်ပါအတိုင်း ပညတ်ထား၏။

---

[၁] အရှင်ဇနကာဘိဝံသ - ပါဠိမြောက်ဘာသာဋီကာ - နှာ - ၅၀

၅၇-၈-၆၉ 'အကြင်ရဟန်းသည် ရဟန်း မဟုတ်သောသူအား လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်၊ မဂ်ဖိုလ် တရားတို့ကို ပြောကြားငြားအံ့၊ ပြောသောအတိုင်း ဟုတ်မှန်သော (ထိုရဟန်းအား) ပါစိတ်အာပတ်သင့်၏။' (ဤသို့ ပြကုန်လော့ဟု မိန့်တော်မူ၏)

ဤပညတ်ချက်ကို အဓိပ္ပာယ်ဖွင့်ဆိုထားပုံမှာလည်း ဤသို့ဖြစ်၏။

၇၀။ အကြင်ဟူသည် အကြင်သဘောရှိသော-ဟူ၍ဖြစ်၏။ ရဟန်းဟူသည် ဤအရာ၌ ဉ တ္တိ စတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို 'ရဟန်း' ဟု အလိုရှိအပ်၏။

ရဟန်းမဟုတ်သောသူ မည်သည်၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမကို ချန်ထား၍ ကြွင်းသောသူသည် ရဟန်းမဟုတ်သောသူ မည်၏။

လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော ဈာန် မဂ်ဖိုလ်တရား - မည်သည့်ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်၊ ဉာဏ်အမြင်၊ မဂ်ကိုပွားများခြင်းဖြင့် ဖိုလ်ကို မျက်မှောက်ပြုခြင်း၊ ကိလေသာကို ပယ်ခြင်း၊ စိတ်၏ အပိတ်အပင် 'နီဝရဏ' မှကင်းခြင်း၊ ဆိတ်ငြိမ်ရာ ကျောင်းသင်ခန်း၌ မွေ့လျော်ခြင်းတည်း။

၇၁။ ပြောကြားငြားအံ့ဟူသည် ရဟန်းမဟုတ်သူအား ပထမဈာန်ကို ဝင်စားခဲ့ပြီ၊ ပထမဈာန်ကို ဝင်စား၏၊ ပထမဈာန်ကို ဝင်စားနေ၏ဟု ပြောဆိုသောရဟန်းအား ပါစိတ်အာပတ်သင့်၏။ ပထမဈာန်ကို ရ၏။ ပထမဈာန်ကို လေ့လာ၏။ ပထမဈာန်ကို ငါမျက်မှောက်ပြု၏ဟု ပြောသော ရဟန်းအား ပါစိတ်အာပတ်သင့်၏။

ပြောကြားငြားအံ့ဟူသည် ရဟန်းမဟုတ်သူအား ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို ဝင်စားခဲ့ပြီ။ ဝင်စားသည်၊ ဝင်စားနေသည်။ စတုတ္ထဈာန်ကိုရ၏။ လေ့လာ၏။ မျက်မှောက်ပြုအပ်ပြီ။ ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကို 'ပ' ကိလေသာအကြောင်း နိမိတ်မရှိ၍ လွတ်မြောက်ခြင်း၊ 'အနိမိတ္တဝိမောက္ခ' ကို

ကိလေသာ တောင့်တမှုမရှိ၍ လွတ်မြောက်ခြင်း၊ 'အပ္ပဏိဟိတ ဝိမောက္ခ' ကို ကိလေသာဆိတ်သုဉ်း၍ တည်ကြည်ခြင်း၊ 'သုညတသမာဓိ' ကို ကိလေသာအကြောင်း နိမိတ်မရှိ၍ တည်ကြည်ခြင်း၊ 'အနိမိတ္တသမာဓိ' ကို ကိလေသာတောင့်တခြင်း မရှိ၍ တည်ကြည်ခြင်း၊ 'အပ္ပဏိဟိတ သမာဓိ' ကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ အပ္ပဏိဟိတ သမာဓိကို ရ၏။ လေ့လာ၏။ ငါမျက်မှောက်ပြု၏။

- ကိလေသာ ဆိတ်သုဉ်းခြင်း၌ ဝင်စားခြင်း၊ သုညတသမာပတ်-ပ

- ကိလေသာအကြောင်း နိမိတ်မရှိ၍ ဝင်စားခြင်း၊ အနိမိတ္တသမာပတ်

- ကိလေသာတောင့်တခြင်း မရှိ၍ လွတ်မြောက်ခြင်း-အပ္ပဏိဟိတ သမာပတ်ကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။

- ဝိဇ္ဇာသုံးပါးကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ရ၏။ လေ့လာသည်။ မျက်မှောက်ပြု၏။

- သတိပဋ္ဌာန်လေးပါးတို့ကို။ ပ။ သမ္မပ္ပဓာန် လေးပါးတို့ကို၊ ဣဒ္ဓိပါဒ် လေးပါးတို့ကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ရ၏။ လေ့လာ၏။ မျက်မှောက်ပြု၏။

- ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါးတို့ကို ဝင်စားခဲ့၏။ ဝင်စားသည်။ ဝင်စားနေ၏။ ရ၏။ လေ့လာ၏။ မျက်မှောက်ပြု၏။

- ဗောဇ္ဈင်ခုနစ်ပါးကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ မြတ်သောမဂ္ဂင်ရှစ်ပါးကို ရ၏။ လေ့လာ၏။ မျက်မှောက်ပြု၏။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ရ၏။ လေ့လာ၏။ မျက်မှောက်ပြု၏ဟု ပြောသော ရဟန်းအား ပါစိတ်အာပတ်သင့်၏။[၁] (ပို၍ အကျယ်ကိုသိလိုသော် ပါစိတ်ပါဠိတော် မြန်မာပြန်၊ ဘူတာရောစနေ သိက္ခာပုဒ်အဖွင့်ကို ကြည့်ပါလေ)

[၁] ပါစိတ်မြန်မာပြန် - နှာ - ၄၃-၄၄။

မှတ်ချက်။ ။ ဤနေရာတွင် ဆက်စပ်ဆင်ခြင်စရာ ကိစ္စများစွာ ရှိပါ၏။

(၁) မြတ်စွာဘုရားသခင်သည် သောတာပတ္တိမဂ်ကို အမှန်တကယ် ရရှိသော ရဟန်းအား (အမှန်တကယ်ရကြောင်း မသေချာစေကာမူ မိမိကိုယ်ကို ရရှိပြီးပြီဟု အဓိမာနဖြင့် ထင်မြင်သော ရဟန်းအား၊ ထိုမျှသာမကသေး မရရှိမှန်း သိလျက်ပင်၊ သွယ်ဝိုက်သောအားဖြင့် ပရိယာယ်စကားဖြင့် ဒကာ၏ ကျောင်းမှာနေသော ရဟန်းကား ရဟန္တာဖြစ်၏) ဟု ပြောဆိုသော ရဟန်းကိုပင် ပါရာဇိကကဏ် အာပတ်မကျကြောင်း ခြွင်းချက် ထားတော်မူခဲ့ပါ၏။

(၂) ပါရာဇိက သိက္ခာပုဒ်တို့ကဲ့သို့ ဒဌတရဖြစ်ရအောင် အာပတ္တိဥပတ္ထမ္ဘကဟု အနုပညတ်ကိုသာ ပညတ်သင့်ပါလျက် အဘယ်ကြောင့် အနာပတ္တိကရ-အနုပညတ်ကိုသာ ပညတ်တော်မူခဲ့ပါသနည်း။

(၃) မိမိအား သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီး၊ သောတာပတ္တိဖိုလ်ကို အမှန်ပင်ရပြီး ဝင်စားနိုင်ပြီးသူ ဖြစ်လျှင် ထိုရဟန်းအား အမှန်အတိုင်း ရဟန်းမဟုတ်သူကို ပြောဆိုပါက အဘယ်ကြောင့် ပါရာဇိကအာပတ် သင့်သည်ဟု ပညတ်ခြင်းမပြုဘဲ ပါစိတ်အာပတ်သို့သာ လျှော့ချပြီး ပညတ်တော်မူပါသနည်း။

(၄) သောတာပတ္တိမဂ်သည် အောက်မဂ်ဖြစ်သည်။ ဗိမ္ဗိသာရမင်း မြတ်စွာဘုရားကို ဖူးမြော်စဉ်က ပါသွားကြသော သရဏဂုံ လုံးဝမရှိသေးသော သီလ၌ မတည်သေးသော ဗြဟ္မဏမဟာသာလများ၊ သုဗ္ဗဗုဒ္ဓလို အနုဝဲစွဲ သူတောင်းစားများ၊ ကာဠီလို တစ်ဆင့်စကား ကြားရုံမျှဖြင့် ကရဝိက် ငှက်မြည်သံကို ကြားပြီး သဒ္ဓါပီတိ ဖြစ်ရုံမျှဖြင့်။ အထူးသဖြင့် တရားအားမထုတ်ရဘဲ တရားကို နာကြားကာမျှ၊ သဒ္ဓါတရား ထက်သန်စွာ ဖြစ်ရုံမျှဖြင့် ရအပ်သော ဤမဂ်သည် Superhuman spiritual attainment ထူးမြတ်သော ဥတ္တရိမနုဿများသာ ရအပ်သောတရား မဟုတ်ကြောင်း အရှင်ပဏ္ဍိတသုမင်္ဂလ၏ ထုတ်ဖော် ပြောကြားချက်ကို အဘယ် အကြောင်းကြောင့် ငြင်းသင့်ပါသနည်း။

(၅) လူတိုင်း ပုထုဇဉ်တိုင်း ပါရမီမလို၊ နာကြားပြီး ဉာဏ်အမြင် (ဒဿန)ဖြင့် ကိလေသာသုံးပါး၊ သံယောဇဉ် သုံးပါးကို ဉာဏ်အမြင်ဖြင့် ပယ်ရမည့်တရား (ဒဿနေန ပဟာ တဗ္ဗ) သာ ဖြစ်ကြောင်း သဗ္ဗာသဝ သုတ်မှာ မြတ်စွာဘုရား အဘယ်ကြောင့် ကွဲကွဲပြားပြား ပိုင်းခြား၍ ဟောတော်မူပါသနည်း။

- ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ဝိပဿနာအလုပ် တရားကို ကျင့်ကြံအားထုတ်ရာ၌ ခေတ်ကိုလည်း ထည့်တွက်ရမည်ဟု ဆုံးမထားတော်မူပါသည်။

- အရှင်ပဏ္ဍိတ သုမင်္ဂလ မထေရ်ကြီးက သတိပြုဖွယ်ကောင်းသော အောက်ပါ အချက်အလက်များကိုလည်း ကျမ်းကိုးကျမ်းကားဖြင့် ဖော်ပြ ထားပါသည်။

- But the Buddha's teaching is that even a person who practices samatha meditation can gain sotapatti state on hearing the Dhamma being taught. The Buddha taught that attainment to the paths of saithoot fruitions after a period of practice.

အဓိပ္ပာယ်မှာ-မြတ်ဗုဒ္ဓ၏ ဒေသနာတော်၌ သမထကို အားထုတ် နေသူတစ်ယောက်သည်ပင်လျှင် ဓမ္မတရားကို နာကြားကာမျှဖြင့် သော တာပတ္တိမဂ်ကို ဆိုက်ရောက်နိုင်ကြောင်း၊ အထက်မဂ်များ၊ အရဟတ္တမဂ် ဖိုလ် ကိစ္စများမှာသာ ပွားခြင်းဖြင့် ကိလေသာကို ပယ်အပ်သော တရား များဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ပြောကြားထားတော်မူပါ၏။

သို့သော်လည်း အရှင်မဟာဗုဒ္ဓဃောသနှင့် အဋ္ဌကထာ ဆရာ မြတ်များသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် ဟောတော်မူ သော သုတ္တန်ဒေသနာတော်၏ လမ်းညွှန်မှုထက် အဘိဓမ္မာ၏ လမ်းညွှန်မှုကို ပိုပြီး လိုက်နာလိုသော သဘောရှိကြောင်း တွေ့ရပုံကို ထောက်ပြထားသည်။

(ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကလည်း ဝိပဿနာ အလုပ်တွင် အဘိဓမ္မာနည်းမလို၊ သုတ္တန်နည်းသာ အလိုရှိအပ်ကြောင်း

ကိုလည်း ဟောတော်မူထားပါသည်။ မူလ သပိတ်အိုင်ဆရာတော် အရှင်ကိတ္တိကလည်း သူ၏ 'စူဠသောတာပန်ဖြစ်ခန်း၊ ခာတ်ကမ္မဋ္ဌာန်းကျမ်း' တွင် 'အဘိဓမ္မာများများတတ်ရင် တရားရဖို့ များများခက်တယ်။ နည်းနည်းတတ်ရင် နည်းနည်းခက်တယ်။ ဘာမှမတတ်ရင် အလွယ်ဆုံးပဲ' ဟု အတိအလင်း ဖော်ပြထားချက်လည်း ရှိပါ၏။[၁]

အနာဂတ ဘယသုတ် (အင်္ဂုတ္တိုရ်) တွင် မြတ်ဗုဒ္ဓက မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သာသနာတော်၏ အနာဂတ် ဘေးအန္တရာယ်များကို မြင်၍ အနာဂတ ဘယသုတ် ဒေသနာတော်မြတ်ကြီးကို လေးပိုင်းခွဲပြီး ဟောကြားဆုံးမထားတော် မူပါသည်။ ဤဟောကြားချက်များသည် အကျွန်ုပ်တို့ ယခု လေ့လာနေကြသော ကိစ္စတွင် ထည့်သွင်း စဉ်းစားအပ်သောကြောင့် ဤတွင် မူရင်းအတိုင်း ထုတ်နုတ်ဖော်ပြရလျှင် သင့်မည်ဟု ထင်မြင်မိပါသဖြင့် ထုတ်နုတ်တင်ပြပါအံ့။

## ၉-တတိယ အနာဂတ ဘယသုတ်

၇၉။ ရဟန်းတို့၊ ဤအနာဂတ်ဘေး ငါးမျိုးတို့သည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်ကြလိမ့်မည်။ ထိုဘေးတို့ကို သင်တို့ သိရမည်။ သိပြီး၍လည်း ထိုဘေးတို့ကို ပယ်ရန် အားထုတ်ရမည်။

အဘယ်ငါးမျိုးတို့နည်းဟူမူ-

ရဟန်းတို့၊ အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကိုမပွားများသူ၊ စိတ်သမာဓိကို မပွားများသူ၊ ပညာကို မပွားများသူတို့ ဖြစ်ကြလိမ့်မည်။

ထိုရဟန်းတို့သည် (မိမိတို့က) ကိုယ်ကို မပွားများ၊ စိတ်သမာဓိကို မပွားများ၊ ပညာကို မပွားများကြကုန်သည် ဖြစ်ပါလျက်၊ သူတစ်ပါးကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြလိမ့်မည်။ (ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော) ထိုဆရာတို့သည်လည်း လွန်မြတ်သော သီလ၊ လွန်မြတ်သောစိတ်၊ လွန်မြတ်သော ပညာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ကြလိမ့်မည် မဟုတ်ကုန်။

[၁] စူဠသောတာပန်ဖြစ်ခန်း ခာတ်ကမ္မဋ္ဌာန်းကျမ်း - ဦးကိတ္တိ-နှာ-၂၂

(ဤသို့သော ဆရာတို့ထံ ပဥ္စင်းခံကြကုန်သော) ထိုတပည့် ရဟန်းတို့သည်လည်း ကိုယ်ကိုမပွားသူ သီလကို မပွားသူ၊ စိတ်ကို မပွားသူ၊ ပညာကို မပွားသူများ ဖြစ်ကြကုန်ပေလိမ့်မည်။

- ထိုတပည့်ဖြစ်သူ ရဟန်းတို့သည် (မိမိတို့က) ကိုယ်ကိုမပွား၊ စိတ်ကိုမပွား၊ ပညာကို မပွားများကြကုန်သည် ဖြစ်ပါလျက် တခြားလူတို့ကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးကြလိမ့်ဦးမည်။

ထိုရဟန်းတို့သည် လွန်မြတ်သော သီလ၊ လွန်မြတ်သော စိတ်၊ လွန်မြတ်သောပညာ၌ ဆုံးမခြင်း၌ စွမ်းနိုင်ကြလိမ့်မည် မဟုတ်ကုန်။

ထိုတပည့်ရဟန်းတို့သည်လည်း ကိုယ်ကို မပွားသူ၊ သီလကို မပွားသူ၊ စိတ်ကို မပွားသူ၊ ပညာကို မပွားသူများ ဖြစ်ကြလိမ့်ဦးမည်။

ရဟန်းတို့၊ ဤပထမအနာဂတ်ဘေးသည် ယခုအခါ မပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်ဦးမည်။ ထိုဘေးကို သင်တို့ သိရမည်။ သိပြီး၍လည်း ထိုဘေးကို ပယ်ရန်အားထုတ်ရမည်။

- ရဟန်းတို့၊ နောက်တစ်မျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကိုမပွားသူများ၊ သီလကို မပွားသူများ၊ စိတ်ကို မပွားသူများ ပညာကို မပွားသူများဖြစ်ကြလိမ့်မည်။

ထိုရဟန်းတို့သည် (မိမိတို့က) ကိုယ်ကိုမပွားများ၊ သီလကို မပွားများ၊ စိတ်ကို မပွားများ၊ ပညာကို မပွားများကြကုန်သည် ဖြစ်ပါလျက် အခြားသူတို့အား နိဿရည်းပေးကြလိမ့်ဦးမည်။

ထိုရဟန်းတို့သည် (မိမိတို့က) ကိုယ်ကို မပွားများသူ၊ သီလကို မပွားများသူ၊ စိတ်ကို မပွားများသူ၊ ပညာကို မပွားများသူများ ဖြစ်ကြပါကုန်လျက် တခြားသူတို့ကို နိဿရည်းပေးကြကုန်လိမ့်ဦးမည်။

ထိုရဟန်းတို့သည်လည်း လွန်မြတ်သောသီလ၊ လွန်မြတ်သောစိတ်၊ လွန်မြတ်သော ပညာ၌ဆုံးမခြင်း၌ စွမ်းနိုင်ကြလိမ့်မည် မဟုတ်ကုန်။

ထိုတပည့်ရဟန်းတို့သည်လည်း ကိုယ်ကို မပွားသူ၊ သီလကို မပွားသူ၊ စိတ်ကို မပွားသူ၊ ပညာကို မပွားသူများဖြစ်ကြကုန်ပေလိမ့်ဦးမည်။

ရဟန်းတို့၊ ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်းပျက်စီး၏။ ဝိနည်းပျက်စီးခြင်းကြောင့် တရားပျက်စီး၏။

××× ရဟန်းတို့၊ ဤဒုတိယ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်ဦးမည်။ ထိုဘေးကို သင်တို့သိရမည်။ သိပြီး၍လည်း ထိုဘေးကို သင်တို့ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့၊ နောက်တစ်မျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကို မပွားသူ၊ သီလကို မပွားသူ၊ စိတ်ကို မပွားသူ၊ ပညာကို မပွားသူများ ဖြစ်ကြကုန်လိမ့်ဦးမည်။

ရဟန်းတို့သည် (မိမိတို့က) ကိုယ်ကို မပွားများ၊ သီလကို မပွားများ၊ စိတ်ကို မပွားများ၊ ပညာကို မပွားများကြကုန်သည် ဖြစ်ပါလျက် (သီလစသော) အဘိဓမ္မကထာနှင့် ဝေဒလ္လကထာတို့ကို ပြောဟောကြကုန်လျက်၊ မည်းညစ်သောအကုသိုလ်တရားသို့ သက်ရောက်ကုန်သည် ဖြစ်၍ သိမြင် နိုင်ကြလိမ့်မည် မဟုတ်ကုန်။ ရဟန်းတို့ ဤသို့လျှင် တရားပျက်စီးခြင်းကြောင့်၊ ဝိနည်းပျက်စီး၏။ ဝိနည်းပျက်စီးခြင်းကြောင့် တရား ပျက်စီး၏။

××× ရဟန်းတို့ ဤတတိယအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်ဦးမည်။ ထိုဘေးကို သင်တို့ သိရမည်။ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရလိမ့်မည်။

ရဟန်းတို့ နောက်တစ်မျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကိုမပွားများ၊ သီလကို မပွားများသူ၊ စိတ်ကို မပွားများသူ၊ ပညာကို မပွားများသူတို့ ဖြစ်ကြကုန်လိမ့်မည်။

ထိုရဟန်းတို့သည် (မိမိတို့က) ကိုယ်ကို မပွားများ၊ သီလကို မပွားများ၊ စိတ်ကို မပွားများ၊ ပညာကို မပွားများကြကုန်သည် ဖြစ်ပါလျက်၊ မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော၊ နက်နဲကုန်သော၊ နက်နဲသော အနက်ရှိကုန်သော၊ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်လျက် (သတ္တမှ) ဆိတ်သုဉ်းခြင်းနှင့် ယှဉ်ကုန်သော၊ သုတ္တန်တရားတို့ကို ဟော

အပ်ကုန်သည်ရှိသော် ကောင်းစွာ နာယူကြလိမ့်မည်မဟုတ်ကုန်။ နားထောင်ကြလိမ့်မည် မဟုတ်ကုန်။ သိနားလည်လိုစိတ် ဖြစ်ကြလိမ့်မည်မဟုတ်ကုန်။ ထိုသုတ္တန်တရားတို့ကို သင်ယူအပ် အဖန်တလဲလဲ လေ့လာအပ်၏ဟူ၍ မှတ်ထင်ကြလိမ့်မည် မဟုတ်ကုန်။

ကဗျာဆရာတို့ ပြုအပ်ကုန်၍ ကဗျာဆရာတို့၏ ဥစ္စာဖြစ်ကုန်သော ဆန်းကြယ်သော အက္ခရာ သဒ္ဒါပုဒ်ဗျည်း ရှိကုန်လျက် (သာသနာတော်မှ) အပဖြစ်ကုန်၍ (သာသနာပဆရာတို့၏) တပည့်ဟော သုတ္တန်ပါဠိတို့ကို ဟောကုန်အပ်သည်ရှိသော် ကောင်းစွာ နာယူကုန်ကြလိမ့်မည်။ နားထောင်ကြကုန်လိမ့်မည်။ ထိုသုတ္တန်တရားတို့ကို သင်ယူအပ်၊ အဖန်တလဲလဲ လေ့လာအပ်၏ဟူ၍ မှတ်ထင်ကြလိမ့်မည်။

××× ရဟန်းတို့၊ ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်းပျက်စီး၏။ ဝိနည်းပျက်စီးခြင်းကြောင့် တရားပျက်စီး၏။

××× ရဟန်းတို့၊ ဤစတုတ္ထအနာဂတ်ဘေးသည် ယခုအခါမဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်ဦးမည်။ ထိုဘေးကို သင်တို့သိရမည်။ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

နောက်တစ်မျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကိုမပွားများသူ၊ စိတ်ကို မပွားများသူ၊ ပညာကို မပွားများသူတို့ ဖြစ်ကြလိမ့်ဦးမည်။

ထိုရဟန်းတို့သည် (မိမိတို့က) ကိုယ်ကို မပွားများ၊ စိတ်ကို မပွားများ၊ ပညာကို မပွားများကြကုန်သည် ဖြစ်ပါလျက် မထေရ်ကြီး ရဟန်းကြီးတို့သည် ပစ္စည်းများရန်သာ ကျင့်ကြလိမ့်မည်။ (သိက္ခာကို) လျော့လျော့ပေါ့ပေါ့သာ ကျင့်ကြလိမ့်မည်။ အောက်သို့ သက်စေတတ်သောတရား၌ ရှေ့သွားဖြစ်ကြကုန်လိမ့်မည်။ ဥပဓိဝိဝေက (နိဗ္ဗာန်) ၌ တာဝန်မဲ့ ဖြစ်ကြကုန်လိမ့်မည်။

မရောက်သေးသော (စျာန်မဂ်ဖိုလ်) သို့ ရောက်ရန်၊ မရသေးသည့် (စျာန်မဂ်ဖိုလ်) ကို ရရန်၊ မျက်မှောက်မပြုရသေးသည့် (နိဗ္ဗာန်) ကို မျက်မှောက်ပြုရန် လုံ့လဝီရိယကို အားထုတ်ကုန်ကြလိမ့်မည် မဟုတ်ကုန်။

နောင်လာနောက်သား လူအများတို့သည် မြင်ရသော ဆရာ့အပြုအမူသို့ အစဉ်တစိုက် လိုက်ကြကုန်လိမ့်မည်။ ထိုနောင်လာနောက်သား လူအများ သည်လည်း ပစ္စည်းပေါ်များရန်သာ ကျင့်ကြကုန်လိမ့်မည်။ (သိက္ခာကို) လျော့လျော့ပေါ့ပေါ့ ကျင့်ကြလိမ့်မည်။ အောက်သို့ သက်စေသော တရား နှင့် ရှေ့သွားဖြစ်ကြလိမ့်မည်။ မရောက်သေးသော (ဈာန်မဂ်ဖိုလ်) သို့ ရောက်ရန်၊ မရသေးသည့် (ဈာန်မဂ်ဖိုလ်) ကို ရရန်၊ မျက်မှောက်မပြု ရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် လုံ့လဝီရိယကို အားထုတ်ကြ လိမ့်မည် မဟုတ်ကုန်။

ရဟန်းတို့ ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်းပျက်စီး၏။ ဝိနည်းပျက်စီးခြင်းကြောင့် တရားပျက်စီး၏။

ရဟန်းတို့ ဤပဥ္စမ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်ဦးမည်။ ထိုဘေးကို သင်တို့ သိရမည်။ သိပြီး ၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။[၁]

ဒါက သာသနာတော်မှာ အနာဂတ်ကာလ၌ ဆိုက်ရောက်လာမည့် ဘေးများကို မြတ်စွာဘုရား၊ သဗ္ဗညုတဉာဏ်၌ သိမြင်တော်မူခြင်းကို ကြိုတင်၍ ဟောတော်မူခဲ့ခြင်း ဖြစ်ပါ၏။ သာသနာတော် အနှစ် ၂၅၀၀ ကျော်လာသော ကာလ၌ မြတ်စွာဘုရား ကြိုတင် သိမြင်ပြီး၊ သတိပေး ဟောကြားတော်မူခဲ့သော ဘေးများ ဆိုက်ရောက်လျက် ရှိပြီဖြစ်ပါ၏။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကမူ သောတာပတ္တိမဂ် သည် တရားတော်ကို နာယူခြင်း၊ သိမြင်အပ်သော ဒဿနအမြင်ဖြင့် သံယောဇဉ်သုံးပါးကို ဉာတပရိညာဖြင့် ပယ်နိုင်ကာမျှဖြင့် ရနိုင်၊ ရောက် နိုင်သောတရား ဖြစ်သည်ဟု ဟောထားပါလျက်၊ ထိုတရားကို ရိပ်သာတွေ မှာသွားပြီး အချိန်ကုန် လူပန်းခံကာ အားထုတ်ခိုင်းသော ထုံးတမ်းအစဉ် အလာ တစ်ရပ် ဖြစ်ပေါ်နေပုံကို အရှင်ပဏ္ဍိတ သုမင်္ဂလက ထောက်ပြ ထားလေသည်။ သူက ဤသို့ဆို၏။

Today people are deluded by the momentarial tradition and waste their time in meditation centres. One can attain Sotapatti

[၁] အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် (ဒု - တွဲ) နှာ ၁၁၃-၁၁၅

State by listening to an exposition of the Dhamma. Many of today's preacher's and teachers of the Dhamma do not know how to make use of the "Mirror of the Dhamma" taught by the Buddha. They obstruct the spiritual progress of the thousand of pious Buddhists devotees. This is a matter to be deplored. ဟု ဖော်ပြထား၏။

သောတာပတ္တိမဂ်သည် တရားနာရုံဖြင့် ဉာတပရိညာဖြင့် ရနိုင်ကြောင်း၊ ယခုအခါ ဓမ္မာစရိယများ၊ ကမ္မဋ္ဌာနာ စရိယများသည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားကြေးမုံ 'ဂိဉ္ဇကာဝသထသုတ်-(မဟာဝဂ္ဂသံယုတ်ပါဠိတော်)[၁] ကို ဘယ်လို အသုံးချရမည်ကို မသိဖြစ်နေကြပုံကို ထောက်ပြသည်။

[ပရိယတ် မကျွမ်းကျင်သော စာဖတ်သူများ အလွယ်သိစေနိုင်ရန် ထိုသုတ်၏ အနှစ်ချုပ်သဘောကို အခြေပြု ပဋ္ဌာန်းတရားတော် အဆုံး၌ အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီး ဖော်ပြထားပုံကို ထုတ်နုတ် တင်ပြပါမည်။]

ပါဠိတော် - တသ္မာတိဟာနန္ဒ ဓမ္မာဒါသံ နာမဓမ္မပရိယာယံ ဒေသဿာမိ။

'ယေန သမန္နာဂတော၊ အရိယသာဝကော၊ အာကင်္ခမာနော၊ အတ္တ နာဝ၊ အတ္တာနံ၊ ဗျာကရေယျ၊ ခီဏနိရယောမှိ ခီဏတိရစ္ဆာန၊ သောတာ ပန္နောဟမသ္မိ၊ အဝိနိပါတဓမ္မော၊ နိယတော၊ သမ္ဗောဓိ၊ ပရာယဏော' တိ။

မြန်မာပြန် - နောက်၌ ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ သံဃာ့ဂုဏ်တော် ၉ ပါး၊ ဤဂုဏ်တော်များ၌ အဝေစ္စပသာဒ (ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ခြင်း) ၃ မျိုး။ ငါးပါးသီလနှင့် ပြည့်စုံခြင်း။ ဤဂုဏ်အင်္ဂါလေးပါးနှင့် ပြည့်စုံသူသည် မိမိကိုယ်ကို သောတာပန်ဖြစ်ပြီဟု ဆုံးဖြတ်နိုင်သည်။[၂]

[၁] မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် (သံယုတ်-တတွဲ) နှာ ၃၁၂

[၂] အခြေပြုပဋ္ဌာန်းတရားတော် - အရှင်ဇနကာဘိဝံသ-နှာ-၃၅၉

- ဤအချက်အလက်များကို ခြုံငုံသုံးသပ်ခြင်းအားဖြင့် သောတာပန် ဖြစ်ခြင်းသည် လူတိုင်း ပုထုဇဉ်တိုင်း လက်လှမ်းမီနိုင်သော မနုဿဓမ္မ မျိုးသာ ဖြစ်သင့်ကြောင်း၊ ဤတရားသည် လူထူးလူမြတ်များသာ ရနိုင် သောတရား Superhuman attainment ဥတ္တရိမနုဿဓမ္မဟု သိမ်းကျုံး ပြီး မယူသင့်ကြောင်းကို အရှင်ပဏ္ဍိတသုမင်္ဂလက သုံးသပ်တင်ပြထားပါ၏။

ထိုနောက် အရှင်ပဏ္ဍိတသုမင်္ဂလထေရ်က သက္ကာယဒိဋ္ဌိအကြောင်း ကို ရှင်းပြထားပါ၏။ ငါစွဲသက္ကာယ ဒိဋ္ဌိသည် ဝိညာဉ်ကောင်၊ အတ္တကောင် ရှိသည်။ ထိုဝိညာဉ်ကောင် အတ္တကောင်က မြဲသည်။ လူသေသော်လည်း ဝိညာဉ်မသေဘဲ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြောင်းရွှေ့ပဋိသန္ဓေတည် သည်ဟု ယုံကြည်သောအမြင်။ ထိုအမြင်သည် ဝေဒန္တဟိန္ဒူအယူ အတ္တဝါဒမှလာသော အယူဖြစ်ကြောင်း၊ သောတာပန်သည် ထိုငါစွဲ အတ္တစွဲကို ပယ်သတ်နိုင်လျှင် ရကောင်းသော မဂ်ဖြစ်ကြောင်း သူပဲ၊ ငါပဲ၊ ငါသည် တခြားသူ မဟုတ်ဟူသော မာနစွဲငါကား ရဟန္တာမှာပင် ရှိသေးကြောင်း ဖော်ပြထားသည်။ ထိုမာန ငါရှိသဖြင့် ရဟန္တာမှာ သက္ကာယဒိဋ္ဌိ ရှိသည်ဟု မဆိုနိုင်ကြောင်း၊ နိရောဓသမာပတ် ဝင်စားနေ စဉ်မှာသာ ထိုမာန ငါကို ပယ်နိုင်ကြောင်း၊ ရဟန္တာသည် သောတာ ပတ္တိမဂ် ခဏကပင် သက္ကာယဒိဋ္ဌိကို ပယ်ခဲ့ပြီးကြောင်း၊ ဆိုလိုသည်မှာ 'စိတ္တစေတ သိက ပရံပရာ' Psychophysical Flux နာမရူပဖြစ်စဉ်သည် အနိစ္စဓမ္မ၊ ဒုက္ခဓမ္မ၊ အနတ္တဓမ္မသာဖြစ်ကြောင်း ထိုကြောင့် ဝိညာဉ်ကောင်၊ အတ္တကောင် မဖြစ်နိုင်ကြောင်း ရှင်းပြထားပါ၏။

ဝိစိကိစ္ဆာ (ယုံမှားခြင်း၊ သံသယဖြစ်ခြင်း) သည် ဒဿကုသလ ကမ္မပထတရား ၁၀ ပါးကို သိနားလည်သောသူ၌ ထိုသို့ သိနားလည်စဉ် ကပင် ဝိစိကိစ္ဆာ ကင်းရှင်းခဲ့ပြီးဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်အား အကုသိုလ် တရား ၁၀ ပါးကို ကျူးလွန်ခြင်း မရှိတော့ကြောင်း၊ ကုသိုလ်ကံများက ထိုသူအား ဒုဂ္ဂတိဘဝ၌ ပဋိသန္ဓေကို မဖြစ်စေတော့သကဲ့သို့ အကုသိုလ် ကံများကလည်း သုဂတိဘဝ၌ ပြန်၍ ပဋိသန္ဓေရခြင်းကို မဖြစ်စေတော့

ကြောင်း၊ ထိုပုဂ္ဂိုလ်သည် မဂ္ဂင်ရှစ်ပါး မြတ်တရားကသာ နိဗ္ဗာန်မဂ်ဖိုလ်သို့ ဆိုက်ရောက်စေနိုင်သော တရားဖြစ်ကြောင်း ယုံကြည်သက်ဝင်ပြီးဖြစ်တော့၏။

အကြွင်သူသည် ဘာသာရေး ပူဇော်သက္ကာယပြုမှုများ၊ ကုသိုလ်ကောင်းမှုများက နိဗ္ဗာန်မဂ်ဖိုလ်ကို မရရှိနိုင်ကြောင်း၊ ပညာကသာ နိဗ္ဗာန်ကို ရရှိစေနိုင်ကြောင်း ယုံကြည်သည်နှင့် ထိုပုဂ္ဂိုလ်၏ သန္တာန်ဝယ် သီလဗ္ဗတ ပရာမာသ သံယောဇဉ်ကို ပယ်ပြီးဖြစ်တော့ကြောင်း သုံးသပ်တင်ပြထားပါ၏။

ထို့နောက် အရှင်ပဏ္ဍိတ၊ သုမင်္ဂလသည် မဟာပရိနိဗ္ဗာနသုတ်မှ ဓမ္မကြေးမုံဘုရားဟောတရားကို သုံးသပ်တင်ပြထားပြန်၏။ ဘုရား၌လည်းကောင်း၊ တရား၌လည်းကောင်း၊ သံဃာ၌လည်းကောင်း အဝေစ္စပသာဒသဒ္ဒါ ဉာဏ်ပညာဖြင့် သက်ဝင်ယုံကြည်သူ၊ အရိယာကန္တသီလ၌တည်သောသူသည် မိမိကိုယ်ကို သောတာပန် ဖြစ်ပြီဟု ကြေညာနိုင်ကြောင်း၊ ဆုံးဖြတ်ချက် ချနိုင်ကြောင်း ထောက်ပြထားလေသည်။

ရတနသုတ်တွင်လည်း 'ကိဉ္စာပိ၊ သောကမ္မံကရောတိပါပကံ၊ ကာယေန၊ ဝါစာယုဒစေတသာဝါ' ဟု ဟောထားချက်ကိုလည်း ဖော်ပြသည်။

၃၉။ သော- ထိုသောတာပန်ပုဂ္ဂိုလ်မြတ်သည်၊ ကာယေနဝါ-ကိုယ်ဖြင့်သော်လည်းကောင်း၊ ဝါစာယဝါ-နှုတ်ဖြင့်သော်လည်းကောင်း၊ ဥဒ-ထို့ပြင်၊ စေတသာဝါ-စိတ်ဖြင့်သော်လည်းကောင်း၊ ပါပကံကမ္မံ-မကောင်းသော ပြစ်မှုကို၊ ကိဉ္စာပိကရောတိ-မသိခဲ့၍ မော့လျော့မှု ပြုခဲ့စေကာမူ ထိုသောတာပန်ပုဂ္ဂိုလ်မြတ်သည်၊ တဿ-ထိုပြုသောအမှုကို၊ ပဋိစ္ဆာဒါယ-ဖုံးကွယ်ထိန်ဝှက်ခြင်းငှာ၊ အဘဗ္ဗော-မထိုက်တော့ပေ။ ဒိဋ္ဌပဒဿ-မဂ်ဖြင့်မြင်သိ နိဗ္ဗာန်ရှိသော အရိယာ သောတာပန်ပုဂ္ဂိုလ်၏၊ အဘဗ္ဗတာ-မကောင်းမှု ပြုမိသောအခါ ကွယ်ကာဖုံးမှု မပြုထိုက်သူ၏ အဖြစ်ကို၊ ဝုတ္တာ-ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်၏။ သံယေ-သောတာ

ပန် သံယောဇဉ်၌၊ ဣဒမ္ပိရတနံ-ရတနာဟု၊ သိဿရတုံ-ဤဂုဏ်တော် သည်လည်း၊ ပဏီတံ-ထူးမြတ်လှပါပေ၏။

စကားပြေ။ ။ သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ၊ မကောင်းသောပြစ်မှုကို လွန်ကျူးမိစေကာမူ ထိုသောတာပန်မှာ ထိုပြုမိသော ပြစ်မှုကို ကာကွယ်ဖုံးဝှက်သူ မဖြစ်နိုင် ပေ။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီးသော အရိယာသောတာပန်၏ မိမိပြုသော ပြစ်မှုကို မဖုံးကွယ်ထိုက်သူဖြစ်ကြောင်းကို ရှင်တော်ဘုရား ဟောကြားတော်မူအပ်၏။ သောတာပန်သံယောဇဉ်၌ ဤရတနာဟု သိနိုင်ကြောင်း ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေ၏။

## ပြုမိသောမကောင်းမှု

အချို့မကောင်းမှုမှ ရှက်တတ်သော ဘုရားရှင်အပေါ်မှာ ကြည်ညို သဒ္ဓါကြီးမား ဘုရားအမိန့်တော်ကို ရိုသေလေးစားတတ်သော သူတော် ကောင်း ပုထုဇဉ်ရဟန်းများပင်လျှင် ရှင်တော်မြတ်ဘုရားက မအပ်ဟု ပညတ်ထားသော သိက္ခာပုဒ်တော်များကို သိလျက်နှင့်ကား လွန်ကျူးမှု မပြုတော့ပေ။ သောတာပန်ရဟန်းမှာ ဆိုဖွယ်မရှိ။ ဤအချက်ကိုရည်၍ 'ငါဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်အပ်၏။ ထိုသိက္ခာပုဒ်ကို ငါ့တပည့်တို့သည် အသက်ဟူသောအကြောင်းကြောင့်ပင် မကျူးလွန်ကြ' ဟု ဟောတော်မူသည်။[၁]

The text becomes meaningful only if we admit that a sotapanna is liable to laspes by way of thoughts, words and deeds. In the Dhammapada the Buddha said, Pānimhice vanonassa, hareyya panina visam-a person who dose not have a wound in the hand can carry poison in his hand - refferring to a Sotapanna lady who helped her husband in his trade as a hunter."

[၁] သပြေကန်ဆရာတော်ကြီး ပရိတ်ကြီးနိဿယသစ်-နှာ-၂၉၃-၂၉၅

ဤဟောကြားတော်မူချက်အရ သောတာပန်သည်လည်း တွေးမှားကြံမှား၊ ပြောမိဆိုမှား၊ လုပ်မိကိုင်မှားမှုမျိုး ရှိနိုင်ကြောင်း သိရပါ၏။ ဓမ္မပဒတွင် မြတ်ဗုဒ္ဓက 'ပါဏိဟိစေ၊ ဝနောနာဿ ဟရေယျာပါဏိဏာ ဝိသံ' လက်မှာ အနာမရှိသူအား အဆိပ်ကို လက်ဖြင့်ကိုင်စေကာမူလည်း ကိုင်နိုင်ရာ၏ဟု လင်ဖြစ်သူ မုဆိုးအား ပြုစုကူညီသော မယားဖြစ်သူ သောတာပန်ကို ရည်ရွယ်ပြီး ဟောတော်မူထားပါ၏။

The Sarakāni Sutta of the Sanyutta Nikāya refers to Sarakāni a Sakyan who had been declared by the Buddha to be a Sotapanna. One day he had been found drunk to the dismay of the sakyans who were followers of the Buddha.

After Sarakāni had died, Mahānāma the Sakyan came to the Buddha and related there is some confusion among the sakya people about this matter, i.e. how a Sotapanna could have taken intoxicating drinks. The Buddha confirmed his previous statement that sarakāni was a Sotapanna, and that he could not go to the woeful state. Thus we see that Sotapanna commit laspses.

သံယုတ္တနိကာယ် သာရကာနိသုတ္တန်တွင် သာကီဝင်မျိုးဖြစ်သော သာရကာနိကို မြတ်စွာဘုရားက သောတာပန်ဖြစ်ပြီဟု ကြေညာထားခဲ့၏။ တစ်နေ့သောအခါ သာရကာနိသည် အရက်သေစာများကို မူးယစ်အောင် သောက်စားလေသည်။ မကြာမီ သာရကာနိ ကွယ်လွန်သောအခါ သာကီဝင် မျိုးများအတွင်း၌ သာရကာနိ အကြောင်းကို အငြင်းပွားကြလေတော့၏။ ထိုအခါ မဟာနာမ်ဆိုသော သာကီဝင်တစ်ဦးက မြတ်စွာဘုရားကို လျှောက်ထားလေသည်။ မြတ်စွာဘုရားက သူဟောကြားထားပြီးသည့်အတိုင်း သာရကာနိသည် သောတာပန်ပင် ဖြစ်ကြောင်း သူသည် အပါယ်သို့ မရောက်တော့ကြောင်း ဟောကြားတော်မူခဲ့၏။ ဤအဖြစ်သနစ်ကို ထောက်ခြင်းအားဖြင့် သောတာပန်သည် ချောက်ပြစ်ကင်းမဟုတ်ကြောင်း၊ အပြစ်များကို ကျူးလွန်နိုင်သေးကြောင်း သိသာနိုင်ပါ၏။

သောတာပန်သည် အောက်ပါအပြစ်ကြီး ခြောက်မျိုးကိုသာ မကျူး လွန်တော့ကြောင်း မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့၏။ သောတာပန်သည်-

(၁) အမိကိုသတ်ခြင်း

(၂) အဖကို သတ်ခြင်း

(၃) ရဟန္တာကိုသတ်ခြင်း

(၄) ဘုရားကို သွေးထွက်အောင်ပြုခြင်း

(၅) သံဃာကို သင်းခွဲခြင်း

(၆) တခြားသော ဘာသာအယူဝါဒ၌ ယုံကြည်ကိုးကွယ် ဆည်းကပ်ခြင်းကို ဘယ်တော့မှ မပြုတော့ကြောင်း သုံးသပ်တင်ပြထားပါ၏။ ထိုနောက်အရှင် ပဏ္ဍိတသုမင်္ဂလက ဆက်၍ ဖော်ပြထားသည်မှာ

By faith in the Buddha is meant holding the belief that the Buddha is supreme among all beings.

By faith in the Dhamma is meant the belief that Nibbana is supreme among all Dhammas conditioned and unconditioned.

By faith in the sangha is meant accepting that the Ariya Sangha as holiest of religious orders. Of these, faith in Dhamma is the most important. The elemination of Sakkāya Ditthi gaining the Dhamma Cakkhu or Dhamma - Eye and gaining Samma Ditthi are mutually inclusive attainment. I am convinced that a person who has Dhamma pasāda or a proper understanding grounded in the Dhamma can declare himself to be a Sotapanna.

ဗုဒ္ဓသရဏဂစ္ဆာမိ-ဘုရား၌ သက်ဝင် ယုံကြည်ခြင်းဆိုသည့် သဘောသည်၊ ဤသတ္တလောကအားလုံး၌ မြတ်စွာဘုရား ဗုဒ္ဓသည်သာလျှင် အမြင့်ဆုံး၊ အမြတ်ဆုံးပုဂ္ဂိုလ်ဟု နားလည်ယုံကြည်ခြင်း။

ဓမ္မံသရဏံဂစ္ဆာမိ - တရား၌ သက်ဝင်ယုံကြည်ခြင်းဆိုသော သဘောသည်၊ သင်္ခါရဓမ္မ၊ အသင်္ခတဓမ္မတို့တွင် နိဗ္ဗာန်သည်သာ အမြတ်ဆုံးဟု သိမြင်နားလည်၍ ယုံကြည်သက်ဝင်ခြင်း၊

သံဃံသရဏံဂစ္ဆာမိ - သံဃာ၌ သက်ဝင် ယုံကြည်ခြင်းဆိုသော သဘောသည်၊ အရိယာသံဃာသည်သာ သံဃာ အပေါင်းတွင် အမြင့်ဆုံး

အမြတ်ဆုံး ဖြစ်သည်ဟု သက်ဝင်ယုံကြည်ခြင်း ဖြစ်၏။ ဤသရဏဂုံသုံးပါးတို့တွင် ဓမ္မတရားတော်၌ သက်ဝင်ယုံကြည်ခြင်းသည်ကား အရေးအကြီးဆုံးဖြစ်၏။ သက္ကာယ ဒိဋ္ဌိကို ပယ်ဖျက်ခြင်းသည် ဓမ္မစက္ခု (တရားမျက်လုံး) ရခြင်းပင်ဖြစ်၏။ ဓမ္မမျက်လုံး ရခြင်းသည်ကား သမ္မာဒိဋ္ဌိအမြင်ဖြစ်ပေါ်ခြင်းပင် ဖြစ်၏။ အကျွန်ုပ် အနေနှင့်မူ အမြင်ပုဂ္ဂိုလ်သည် ဓမ္မပသာဒကို ရပြီဆိုပါက၊ တရားကို ကောင်းစွာ နားလည်သဘောပေါက်မှုပညာကို ရပြီဆိုပါက ထိုသူသည် မိမိကိုယ်ကို သောတာပန်ဟု ကြေငြာနိုင်ပြီဟု ယုံကြည်ပါကြောင်း အရှင်ပဏ္ဍိတသုမင်္ဂလထေရ်က ဖော်ပြထားပါ၏။ ဤသို့ ပြောဆိုခြင်းသည် ကျမ်းဂန်လာ တရားဓမ္မများအပေါ် ကောင်းစွာ သုံးသပ်ဆင်ခြင်ခြင်းဖြင့် (ထူးသော ပညာဉာဏ်ဖြင့်မဟုတ်) ပြောဆိုခြင်းသာဖြစ်၏။

ပြီးနောက် အရှင် ပဏ္ဍိတသုမင်္ဂလက သံယုတ်ပါဠိတော် ရာဇကာရာမဝဂ်၊ မိတ္တာမစ္စသုတ်ကို ကိုးကားပြီး ဤသို့ ဖော်ပြပါ၏။

Again in the Mitta macca sutta of Samyutta Nikaya, the Buddha teaches as follows: "If there is a friend of yours, or a relation someone who is near and dear to you, one whose welfare you have at heart, you should establish him in the four features of the Sotapanna, viz.1. Firm faith in the Buddha.2. Firm faith in the Dhamma.3. Firm faith in the Sangha.4. In the Ariyakanta Sila,i.e. Ājīva Atthamaka Sīla."

Taking into account this exhortation on the part of the Buddha, I think, it is my bounded duty as a Buddhist monk to explain to the all Buddhist, both clerical and lay, that the sotapatti state is not so difficult to attain as is widely believed due to erroneous interpretation of the Buddha-world.

ထို့ပြင် သံယုတ္တနိကာယ်၊ မိတ္တာမဂ္ဂသုတ်တွင်လည်း မြတ်ဗုဒ္ဓက ဤသို့ဟောကြားတော်မူပါ၏။

၁၀၁၂။ ရဟန်းတို့ အစဉ်သနား စောင့်ရှောက်ထိုက်ကုန်သော သူတို့ကိုလည်းကောင်း၊ မိမိစကားကို လိုက်နာလိမ့်မည်ဟု မှတ်ထင်ရကုန်သော မိတ်ဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းတို့ကိုလည်းကောင်း၊ သောတာပန်၏ အင်္ဂါလေးပါး အင်္ဂါလေးမျိုးတို့၌ ဆောက်တည်စေအပ်ကုန်၏။ သွင်းထားအပ်ကုန်၏။ တည်စေအပ်ကုန်၏။ အဘယ်လေးပါးတို့နည်း၊ 'မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံထိုက်တော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူပါ၏' ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်း၌ ဆောက်တည်စေအပ်ကုန်၏။ သွင်းထားအပ်ကုန်၏။ တည်စေအပ်ကုန်၏။ ရဟန်းတို့ အစဉ်သနား စောင့်ရှောက်ထိုက်သူတို့အား တရားတော်၌ ။ပ။ သံဃာတော်၌ (မတုန်မလှုပ် ကြည်ညိုခြင်းဖြင့် ပြည့်စုံစေအပ်ကုန်၏)။ မကျိုးမပေါက် မပြောက်မကျားကုန်သော အရိယာတို့ နှစ်သက်သော အရိယာကန္တသီလ (ဂုဏ်းမှာ အာဇီဝဋ္ဌမကသီလ) ကို ဆောက်တည်စေအပ်ကုန်၏။ သွင်းထားအပ်ကုန်၏။ တည်စေအပ်ကုန်၏။[၁]

ဤစကားသည် အကျဉ်းပ်လည်း လွန်စွာနှစ်သက်သောစကား ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသမှာလည်း ဤသဘောထား ရှိခဲ့သောကြောင့် ဖြစ်၏။

## အရှင်ဇနကာဘိဝံသ၏ သဘောထားအမြင်
### သောတာပန်ဖြစ်ဖို့ ခက်သလား

ပါဠိတော် - တသ္မာတိဟာနန္ဒ ဓမ္မာဒါသံနာမ ဓမ္မပရိယာယံဒေသေဿာမိ။

'ယေနသမန္နာဂတော၊ အရိယာသာဝကော၊ အာကင်္ခမာနော၊ အတ္တနာဝအတ္တာနံ၊ ဗျာကရေယျ၊ ခီဏနိရယောမှိ ခီဏတိရစ္ဆာနယောနိ၊ ခီဏ

[၁] မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် (သံယုတ်-တတိယတွဲ)
သောတာပတ္တိသံယုတ် ရာဇကာရာမဝဂ်၊ မိတ္တာမစ္စသုတ်-နှာ-၁၃၉

ပိတ္တိဝိသယော ခီဏာပါယဒုဂ္ဂတိဝိနိပါတော သမ္ဗောဓိပရာယဏော' တိ။

မြန်မာပြန်

နောက်၌ ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ သံဃာ့ဂုဏ်တော် ၉ ပါး၊ ဤဂုဏ်တော်များ၌ အဝေစ္စပသာဒ (ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ခြင်း) ၃ မျိုး၊ ငါးပါးသီလနှင့် ပြည့်စုံခြင်း၊ ဤဂုဏ်အင်္ဂါလေးပါးနှင့် ပြည့်စုံသူသည် မိမိကိုယ်ကို သောတာပန်ဖြစ်ပြီဟု ဆုံးဖြတ်နိုင်သည်။

## သောတာပန်ဖြစ်ဖို့ မခဲယဉ်း

ဤတရားမှန်ကြီးကို ကြည့်ရှုသောအခါ သောတာပန် ဖြစ်ဖို့အကြောင်းမှာ ရတနာသုံးပါး၏ ဂုဏ်တော်ကို လေးလေးနက်နက် ကြည်ညိုခြင်းနှင့် လူ့ဝတ်ကြောင်းများ၌ ငါးပါးသီလ စင်ကြယ်ဖို့သာဖြစ်၏။ ထိုကြောင့်လည်း ဝိသာခါကျောင်းအမသည် ဗုဒ္ဓမြတ်စွာဘုရားကို ပထမဖူးရစဉ် ၇ နှစ်အရွယ်ကပင် သောတာပန်တည်ခဲ့၏။ မွှာသောကမင်း၏ အသန္ဓိမိတ္တာဒေဝီသည် ဘုရားရှင်၏ အသံတော်နှင့် အထိုက်အလျောက်တူသော၊ ကရဝိက်ငှက်၏ အသံကို ကြားရ၍ ဘုရားကို မဖူးလိုက်ရဘဲ ကြည်ညိုသော အဝေစ္စပသာဒ(သဒ္ဓါ)ကြောင့် မောင်းမ (၇၀၀) နှင့်အတူ၊ သောတာပန်ဖြစ်ကြ၏။ 'ပင်ကိုက ငါးပါးသီလ စင်ကြယ်သူများအတွက် ယခုလို သာသနာတွင်း၌ သောတာပန်ဖြစ်ဖို့ မခဲယဉ်း' ဟု မှတ်သင့်သည်။

ဆောင်ပုဒ်

ထောက်မှန်ပေါ်တွင်၊ ကိုယ့်ရုပ်သွင်ကို၊ ပြင်ဆင်လိုဘိ၊
နေ့စဉ်ကြည့်သို့၊ မိမိသီလ၊ ဆိုင်သမျှကို၊ နေ့ညခပင်း၊
လွန်သန့်ရှင်း၍၊ ပျံ့သင်းမွှေးမှု၊ အလေးပြုလျက်၊
သုံးလူ့ထွတ်ထား၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊
အရိယာ၏၊ ဆိုင်ရာဂုဏ်တော်၊ ဉာဏ်၌ပေါ်အောင်၊

ရှင်ပျော်ရှုစား၊ သဒ္ဓါပွားမူ၊ မလားအပယ်၊ တရား
ကယ်မည်၊ ရှုဖွယ်ထောက်မှန် အစစ်တည်း။

## ကမ္မဋ္ဌာန်းမှန်သမျှ အဝိဇ္ဇာနှင့် တဏှာကုန်ဖို့သာ

အဝိဇ္ဇာနှင့် တဏှာကြောင့် သံသရာဝယ် ဒုက္ခအမျိုးမျိုးနှင့် ကျင်လည်နေရပုံကို သိသောအခါ၊ အဝိဇ္ဇာနှင့် တဏှာကုန်အောင် ကြိုးစားနေရသော နည်းကို ရှာကြရ၏။ ထိုနည်းကို ဘုရားတစ်ဆူ ပွင့်တော်မူမှသာ ဘုရားဟောတော်မူ၍ သိကြရ၏။ သမုဒ္ဒရာသို့ ဝင်ဖို့ရန် ဆိပ်ကမ်းများစွာ ရှိသကဲ့သို့ သံသရာ၏ တစ်ဖက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ ဝင်ဖို့ရန်လည်း ကမ္မဋ္ဌာန်းတည်းဟူသော ဆိပ်ကမ်းတွေ အများအပြားပင် ရှိ၏။ ထိုကမ္မဋ္ဌာန်းကို အားထုတ်ရင်းပင် အဝိဇ္ဇာတဏှာတို့ နည်း၍နည်း၍ လာမှသာ ထိုကမ္မဋ္ဌာန်းလမ်းစဉ်သည် မှန်သောလမ်းစဉ် ဖြစ်၏။ ကမ္မဋ္ဌာန်းအားထုတ်သော်လည်း အဝိဇ္ဇာနှင့် တဏှာ မနည်းလျှင် ကမ္မဋ္ဌာန်းသော်လည်း မှားနေလိမ့်မည်။ သို့မဟုတ် မိမိကသော်လည်း အဝိဇ္ဇာနှင့် တဏှာနည်းလိုသော ဆန္ဒမရှိသောကြောင့် ဖြစ်လိမ့်မည်။ ကမ္မဋ္ဌာန်းနည်း မှန်၍ မိမိဆန္ဒက အဝိဇ္ဇာနှင့် တဏှာကုန်စေလိုလျှင်ကား ကမ္မဋ္ဌာန်းအားထုတ်ရင်း တဏှာနည်း မနည်းကို ကြည့်ရှုရန်၊ တရား ကြေးမုံထောက်မှန်ကြီးဖြစ်သည်ဟု မှတ်ပါ။[၁]

အင်္ဂါလေးပါး မြတ်တရားနှင့် ပြည့်စုံလျှင် မိမိကိုယ်ကို သောတာပန်ဖြစ်ပြီဟု ဆုံးဖြတ်နိုင်ပုံကို မြတ်စွာဘုရားသည် မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ အကြိမ်များစွာ ဟောကြားတော်မူပါ၏။

သောတာပတ္တိသံယုတ် ၁။ စက္ကဝတိရာဇသုတ်တွင် စကြဝတေးမင်းသည် လေးကျွန်းကို အစိုးရစေကာမူ (တရားလေးမျိုးတို့နှင့် မပြည့်စုံသောကြောင့်) ငရဲမှမလွတ်၊ တိရစ္ဆာန်ဘဝမှ မလွတ်၊ ပြိတ္တာဘဝမှ မလွတ်၊ မကောင်းသော လူတို့၏ လားရောက်ရာ၊ ပျက်စီးကျရောက်ရာ အပါယ်မှ မလွတ်နိုင်။ အရိယာတပည့်မူကား တရားလေးမျိုးနှင့် ပြည့်စုံ

[၁] အရှင်ဇနကာဘိဝံသ - အခြေပြုပဋ္ဌာန်းတရားတော်-နှာ-၁၃၉-၁၄၀

သောကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ မကောင်းသောလူတို့ ကျရောက်ပျက်စီးရာ အပါယ်ဘဝမှ လွတ်မြောက်၏။

အဘယ်တရား လေးမျိုးနည်း။

၁။ ဂုဏ်တော် ၉ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၌ အဝေစ္စ ပသာဒသဒ္ဓါ (ဉာဏ်ဖြင့် သိ၍ယုံကြည်ခြင်း)၊ တရားဂုဏ်တော်ကို ယုံကြည်ခြင်း၊ သံဃာ့ဂုဏ်တော်ကို ယုံကြည်ခြင်းနှင့် သမာဓိကို ဖြစ်စေသော အရိယာတို့ နှစ်သက်သော (အာဇီဝဋ္ဌမကသီလ) သီလတော်မြတ်နှင့် ပြည့်စုံခြင်းတို့ဖြစ်၏။

၂။ ဗြဟ္မစရိယောဂဓသုတ်တွင်လည်း မြတ်စွာဘုရားက 'ယုံကြည်မှု 'သဒ္ဓါ'၊ ကျင့်သုံးမှု 'သီလ'၊ ကြည်ညိုမှု 'ပသာဒ' နှင့် တရားတော်ကို သိမြင်မှု 'ဓမ္မဒဿနာ' ရှိကြသော ပုဂ္ဂိုလ်တို့သည် အကျင့်မြတ်၏။ အတွင်းသို့ ဝင်၍ တည်သော၊ (အထက်မဂ်နှင့်ယှဉ်သော) ချမ်းသာသို့ သင့်လျော်သော အခါ၌ စင်စစ်အားဖြင့် ရောက်နိုင်ကုန်၏ဟု မိန့်တော်မူ၏။

၃။ ပထမသာရိပုတ္တသုတ်တွင်လည်း ရှင်အာနန္ဒာက ဤသို့မေးသည်ကို ရှင်သာရိပုတ္တရာက ဤသို့ ဖြေတော်မူပါ၏။

'ငါ့ရှင် သာရိပုတ္တရာ၊ အဘယ်တရားတို့နှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့်၊ ဤသတ္တဝါကို မြတ်စွာဘုရားသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော၊ ကိန်းသေမြဲသော၊ အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော၊ သောတာပန်ဟု ဟောကြားတော်မူပါသနည်း'

'ငါ့ရှင်၊ တရားလေးမျိုးတို့နှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ဤသတ္တဝါကို မြတ်စွာဘုရားသည် ပျက်စီးကျရောက်ခြင်းသဘော မရှိသော၊ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန်ဟု ဟောကြားတော်မူ၏။' [၁]

၄။ ဒုတိယဂိဉ္ဇကာဝသထသုတ်တွင်လည်း အရှင်အာနန္ဒာအား အင်္ဂါ လေးပါးနှင့် ပြည့်စုံသောသူအား 'ငါ့အား ငရဲပဋိသန္ဓေကုန်ပြီ၊

[၁] သံယုတ်မြန်မာပြန် (တတိယတွဲ) - နှာ - ၂၉၉-၃၀၃

တိရစ္ဆာန် ပဋိသန္ဓေကုန်ပြီ၊ ပြိတ္တာပဋိသန္ဓေကုန်ပြီ၊ မကောင်းသော သူတို့၏ လားရောက်ရာ အပါယ်ပဋိသန္ဓေကုန်ပြီးဖြစ်၏။ ငါသည် ပျက်စီး ကျရောက် ခြင်းသဘောမရှိသော၊ ကိန်းသေမြဲသော၊ အထက်မဂ် ၃ ပါးလျှင် လဲလျောင်းရာရှိသော သောတာပန် ဖြစ်၏ဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏ဟု မိန့်တော်မူ၏။

**မိမိ၏ ခံယူချက်၊ ရပ်တည်ချက်**

အကျွန်ုပ်သည်လည်း

(၁) မြတ်စွာဘုရား၌ အဝေစ္စပသာဒသဒ္ဓါ (ဉာဏ်ဖြင့်ယှဉ်၍) မတုန်မလှုပ် ယုံကြည်ပြီဟု သိသောအခါ၊

(၂) တရားတော်၌လည်း ဤတရားမှလွဲ၍ ဘယ်သာသနာ ဘယ်မှာ မှ ဆင်းရဲလွတ်မြောက်ကြောင်းအမှန် မြတ်နိဗ္ဗာန်သို့ ပို့ဆောင်နိုင်သော တရားမျိုး မရှိနိုင်ပြီဟု မတုန်မလှုပ်သော သဒ္ဓါဖြင့် ယုံကြည်သောအခါ၊

(၃) ဤသံဃာတော်အပေါင်းတို့တွင် အရိယာသံဃာကား အမှန်ရှိ ပါတကားဟု မတုန်မလှုပ်သော အဝေစ္စပသာဒ သဒ္ဓါဖြင့် ယုံကြည်သက် ဝင်သောအခါ၊

(၄) အသက်မွေးမှု စင်ကြယ်သော အာဇီဝဋ္ဌမကသီလ၌ ငါမြဲပြီ၊ တည်ပြီဟု ယုံကြည်စိတ်ချသောအခါ၊

(၅) လောကီစည်းစိမ်ချမ်းသာများ မရရှိစဉ်အခါက လောကီစည်း စိမ် ချမ်းသာသည်၊ ဘဝ၏ ချမ်းသာခြင်းကို ပေးနိုင်မည်ဟု ထင်မြင် ယူဆပြီး နှစ်ပေါင်းများစွာ လောကီစည်းစိမ်များကို ရှာဖွေနေခဲ့ပါ၏။ အသက်ငါးဆယ်ကျော်သောအခါ လောကီစည်းစိမ်များ မိမိမှာ ပြည့်စုံ သောအခါ ဘဝသည် ပို၍ ကျဉ်းမြောင်းသွားပုံ၊ မရှိဆင်းရဲထက်၊ ရှိဆင်း ရဲက ပို၍ ကြီးကျယ်ပုံ၊ တောင့်တဆင်းရဲ ဘဝတစ်ခုသာရှိသော မရှိဆင်းရဲ ထက် တောင့်တမှုလည်း (လောဘအလိုကြီးတိုင်း) ပိုနေသည့်အတွက်၊ မဆုံးမသတ်၊ တောင့်တမှုလောဘက ပိုကြီးလာပြီး၊ ထိုလောဘကြောင့်

ရအပ်သော စည်းစိမ်များ လျှော့နည်းကုန်ဆုံးသွားမည်ကို စိုးရိမ်မှု ကြောင့်ကြသည် အဆမတန် ပိုမိုကြီးမားလာသည်ကိုလည်း ကိုယ်တိုင် ကြုံတွေ့ သိမြင်လာသောအခါ၊

(၆) ငယ်စဉ်အားအင်ရှိစဉ်ကမူ ဉာဏ်မရှိ၊ အရွယ်လွန်၍ ဉာဏ်ရှိ လာသောအခါ အားအင်မရှိသော ဇရာကိုလည်းကောင်း၊ မရဏာကိုလည်း ကောင်း၊ ဉာဏ်ဖြင့်သိသောအခါ၊

(၇) 'ဆင်သေကောင်ကို တစ်သက်စာ အစာမှတ်ပြီး လိုက်ပါသွား သော ကျီးမိုက်သည် ထိုဆင်သေကို စွန့်လွှတ်သင့်သောအချိန် ပင်လယ် ဝသို့ ရောက်သောအခါ မစွန့်နိုင်ဘဲ သမုဒ္ဒရာအတွင်းသို့ လိုက်ပါသွား သဖြင့် ဘဝ၏ ပျက်စီး ကျရောက် ဆုံးရှုံးခြင်းသဘောကို သိမြင်သော အခါ၊

(၈) ရတနာသုံးပါး၌ မမှိတ်မသုန် ယုံကြည်သက်ဝင်လျက် သမာဓိ၊ ပညာတို့ကို ဆောင်သော သီလကို စင်ကြယ်အောင်၊ ကျဉ်းမြောင်းသော လူ့ဘောင်၌ ပုထုဇဉ်တွေနှင့် ဆက်ဆံနေခြင်းဖြင့် မတတ်နိုင်၊ တစ်နည်း မဟုတ်တစ်နည်း သီလညစ်နွမ်းကြောင်း ပေါ်ပေါက်လာနိုင်သည်ကို မြင်သိသောအခါ၊

(၉) တင်းတိမ်ရောင့်ရဲလွယ်သူ၊ အသက်မွေးမှုလွယ်သူ၊ နည်းပါး သော ကိစ္စရှိသူ၊ ပေါ့ပါးသော အပြစ်ရှိသူ၊ ငြိမ်သက်သော ဣန္ဒြေရှိသူ၊ ရင့်ကျက်သော ပညာရှိသူ၊ ကြမ်းတမ်းရိုင်းပျခြင်း မရှိသူ၊ အိမ်သား အိမ် သူတို့၌ တွယ်တာမက်မောခြင်း မရှိသူ အဖြစ်ကို နှစ်သက်သဖြင့် လူ့ဘောင်ကို စွန့်ခွာလျက် ရဟန်းအဖြစ်ကို ရယူခဲ့ပါ၏။

(၁၀) ရဟန်း ဖြစ်သောအခါ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ပုထုဇဉ် အပယ် တစ်လမ်းသွားအဖြစ်ကို သတိပြုမိ၏။ ထိုအခါ မြတ်စွာဘုရားသခင် ပထမကုလပုတ္တသုတ် (သစ္စာသံယုတ်)၌ ဟောတော် မူသည့်အတိုင်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်ရောက်

ရဟန်းပြုကြသော အမျိုးကောင်းသား ဟူသမျှသည် အရိယာသစ္စာ လေးပါးကို ဟုတ်တိုင်း မှန်စွာ သိခြင်းအကျိုးငှာ ဝင်ရောက်ကြကုန် သကဲ့သို့ မိမိလည်း အရိယာ သစ္စာတရားကို သိရန်အကျိုးငှာသော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်ဟု ခံယူချက်ထားခဲ့ပါ၏။

(၁၁) ရဟန်းအဖြစ်သို့ ရောက်သောအခါ အရှင်ပဏ္ဍိတသုမင်္ဂလ ထေရ်ကြီးကဲ့သို့ မိမိ၏ သံသရာခရီးသွားဖော်များ ဖြစ်ကြကုန်သော ဗုဒ္ဓ ဘာသာဝင်များအား သောတာပန်အင်္ဂါလေးပါး၌ ဆောက်တည်စေအပ် ကုန်၏ဟူသော မိတ္တာအစ္စသုတ်တွင် ဟောကြားတော်မူသည့်အတိုင်း ဆောင်ရွက်လိုသောဆန္ဒသည် ဤကား ငါ၏ တာဝန်ပင်တည်းဟု ခံယူ ကာ ဉာတာပရိညာဖြင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပြုတ်အောင်၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အခြေခံသော မိုးကုတ်ဆရာတော်ကြီး၏မူ၊ လယ်တီ ဆရာတော်ကြီးများ၏မူကို အခြေခံကာ 'အလွတ်သင် အခြေပြု ဝိပဿနာ သင်တန်းတရား' ကို ဟောပြောပို့ချခဲ့ပါ၏။

(၁၂) အတိတ်ကပြုခဲ့သော ဆုတောင်းကြောင့်ပဲလား၊ ကံကြောင့်ပဲ လား၊ မိမိ၏ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်လာသူ တစ် ယောက် ဖြစ်ခဲ့ခြင်းကိုပင် အားပေးချီးမြှောက်လိုခြင်းကြောင့် ပေပဲလား၊ စာရေးဆရာဖြစ်သော မိမိ၏ စာပေများ၏ ဩဇာသက်ရောက်မှုကြောင့် ပေပဲလား၊ မိမိကို ခေတ်ပညာတတ်တစ်ယောက်အဖြစ် ရှုမြင်ကြပြီး မိမိ အနေနှင့် ဗုဒ္ဓဘာသာတရားကို နှိုက်နှိုက်ချွတ်ချွတ် သိရဲ့လားဟူ၍ စူးစမ်း လိုခြင်းကြောင့်ပဲလား မပြောတတ်ပါ။ မိမိ၏ တရားပွဲများမှာ ပရိသတ် စည်ကားခဲ့ကြပါ၏။

(၁၃) ပရိသတ် စည်ကားလွန်းသောအခါ မိမိသည် လာဘ်လာဘ ၏ နှိပ်စက်နိုင်မှုကို ရှုမြင်ပြီး၊ ပရိသတ်ကို အဆက်ဖြတ်လျက် တရားဟော ခြင်းကိစ္စကို ရပ်နားကာ ၂ နှစ် (နှစ်ဝါ) လုံးလုံး ကျောင်းတွင်းက အပြင် သို့မထွက်၊ ဘယ်ကိုမှလည်း မကြွဘဲ တစ်ပါးတည်းသာ ဆိတ်ငြိမ်စွာ နေခဲ့ပါ၏။

## ဝေဖန်သံများ ဆူညံပြီ

မိမိက သိ၍မဟုတ်ဘဲ ဆရာတော်ကြီးတစ်ပါးက 'ဘာတွေ လျှောက်လုပ်နေတာလဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်စမ်း၊ သူများအတွက် နောက်ထား၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ တစ်ကိုယ်ကောင်းဆန်တယ်လို့ ပြောလည်း ခံ၊ တစ်ကိုယ်ကောင်းဖို့ အရင်လုပ်၊ ပြီးမှ ကိုယ်ကျိုးစွန့်ပြီးလုပ်' ဟု ဆုံးမသည်ကို ကောင်းစွာ ခံယူလျက် နေခဲ့ပါသည်။ ထိုအခါ တစ်တိုင်းတစ်ပြည်လုံးမှာ အကျွန်ုပ်ကို ဝေဖန်ပြောဆိုသံတွေ ဆူညံလာလေသည်။

တစ်နေ့သ၌ မကွေးမြို့ ဆင်တောင်တောရသို့ ဆောင်းလများအတွင်း သွားရောက်ပြီး သီတင်းသုံးနေခိုက်မှာ ဆင်ဖြူကျွန်းက ဒကာကြီးနှစ်ယောက် ရောက်ရှိလာလေသည်။ သူတို့လက်ထဲမှာ ဓမ္မရံသီ ဘာသာရေး မဂ္ဂဇင်းတစ်စောင်လည်း ပါသည်။

ဒကာကြီးတစ်ဦးက-

'အရှင်ဘုရား၊ ဒီမဂ္ဂဇင်းထဲက ဆောင်းပါးကို ဖတ်ရပြီလားဘုရား၊ အရှင်ဘုရားကို ဝေဖန်ထားတာ၊ တပည့်တော်တို့ကတော့ သူ့ဆောင်းပါးကို ဖတ်လိုက်ကတည်းက မနာလိုဝန်တိုလို့ ရေးတာပဲလို့ ခံစားရတယ်'

မဂ္ဂဇင်းဆောင်ယူလာသူ ဆင်ဖြူကျွန်းက ဒကာကြီးပြောသလို မနာလို ဝန်တိုစိတ်နှင့် ရေးတာ ဟုတ်မဟုတ်ကို မသိပါ။ အကျွန်ုပ်အနေနှင့်မူ ဘာမှ မဝေဖန်လိုပါ။

'မဟုတ်ဘူး ဒကာကြီးရဲ့၊ ဒီဆောင်းပါးရေးတဲ့ ပုဂ္ဂိုလ်က ဘုန်းကြီးထက်တော့ ပရိယတ် ကျွမ်းကျင်တာ အမှန်ပဲလေ။ သူတို့က ငယ်ဖြူစာတတ်ဘုန်းကြီးတွေ၊ ဘုန်းကြီးက တောထွက်၊ ငယ်စဉ်ကလည်း ပရိယတ် မသင်ခဲ့ရတော့ သူတို့ အထင်သေးရင်လည်း အထင်သေးသင့်ပါတယ်။ ဝိနည်းမကျွမ်းကျင်ဘူးဆိုလည်း ဆိုသင့်ပါတယ်ဗျာ။ ဒါကြောင့်တော့ သူ့ကို အပြစ်မတင်သင့်ဘူးလို့ ထင်တယ်' ထိုအချိန်တွင် မကွေးမြို့မှ ဓားသွေးကျောက်၊ ဆရာဓားအမည်ခံ ကလောင်ရှင် နဂါးနီ ကိုခင်မောင်ဝင်းရောက်လာသည်။ ခရီးရောက်မဆိုက်ပင် သူက ပြောသည်။

'ဒီလထုတ် ဓမ္မရံသီထဲမှာ အရှင်ဘုရားကို ဝေဖန်ထားတဲ့ ဆောင်းပါး ဖတ်ရပြီးပြီလားဘုရား' ဟု မေးသည်။

'ခုပဲ ဒီအကြောင်းကို ပြောနေကြတာ၊ ခုပဲ ဖတ်ပြီးသွားတယ်'

'သိတယ်'

'ဂရုစိုက်မနေပါနဲ့ဘုရား၊ တောင်ထိပ်ပေါ်မှာ ပေါက်တဲ့သစ်ပင် လေတိုက်ခံရတာ ဓမ္မတာပဲလို့သာ သဘောထားလိုက်ပါ'

'ဘုန်းကြီးစိတ်ထဲ ဘာမှ မခံစားရပါဘူး၊ ဘုန်းကြီးနဲ့ ပတ်သက်ပြီး သူ့ဆောင်းပါးစာတစ်ပုဒ် ရေးဖြစ်သွားတာပေါ့၊ ဘုန်းကြီးကိုလည်း ဒီလို ရေးလိုက်လို့ ထိခိုက်မှာမှ မဟုတ်တာ၊ သူရေးတဲ့အကြောင်းအရာတွေ ကလည်း ဝိနည်းနဲ့ ပတ်သက်တာတွေပါ၊ စာအရကတော့ မမှားဘူးလို့ ဆိုနိုင်ပါတယ်၊ တစ်ခုပဲ သူ့စာထဲမှာ ချွတ်ယွင်းအားနည်းတာတွေ့ရတယ်'

'ဘာလဲ ဘုရား'

'သူရေးတဲ့ စာဟာ အလုပ်ဖတ်စာ မဟုတ်ဘူး၊ အရေးကြီးတဲ့ ဓမ္မဝိနယအကြောင်း ဖြစ်လေတော့ အချက်အလက်တွေ တိကျမှန်ကန် ဖို့တော့ လိုပါတယ်၊ သူ့ဆောင်းပါးရဲ့ အခြေခံ အချက်အလက်က ဘုန်းကြီးဟောကြားတဲ့တရား မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါပေမဲ့ ဘုန်းကြီးတရားကို သူကိုယ်တိုင်က မနာဘူး၊ သူများ တစ်ဆင့်စကား ကြားရတဲ့အချက်အပေါ်မှာ ထွေရာလေးပါး စဉ်းစားပြီး ရေးတာဖြစ်နေတယ်၊ တကယ်လို့သာ သူ့အနေနဲ့ ဘုန်းကြီးဟောတဲ့ တရားတိတ်ခွေကို သူ့ဒကာကြီးထံက ငှားပြီး ဒီဆောင်းပါးကို မရေးခင် ကိုယ်တိုင်နာကြည့်ဖို့တော့ ကောင်းတယ်လို့ ထင်တာပဲ၊ သူကိုယ်တိုင်က နာကြည့်လို့ရှိရင် ဒီဆောင်းပါးတောင် ရေးဖြစ်လိမ့်မယ် မထင်ပါဘူး'

'နေပါဦးဘုရား၊ သူ့ဆောင်းပါးမှာ ရေးကြီးခွင့်ကျယ်လုပ်ပြီး ရေးတဲ့ အကြောင်းက ဘာအကြောင်းလဲဘုရား၊ ဖိုလ်ဝင်စားတဲ့ အကြောင်းလည်း ဘာမှ မသိရပါကလား' ဆင်ဖြူကျွန်း ဒကာကြီးက မေးသည်။

'သူဖော်ပြချင်တာက 'ဥတ္တရိမနုဿဓမ္မ' ကို ရဟန်းသည် အမှန်ကို ပြောတာပဲဖြစ်ပါစေ၊ လူသာမဏောများကို မပြောအပ်ဘူး၊ မပြောသင့်ဘူး၊ ပြောရင် အာပတ်သင့်တယ်' လို့ ပြောတာပါ။

'ဘာများလဲ ဘုရား၊ 'ဥတ္တရိမနုဿဓမ္မ' ဆိုတာက'

'ဪ၊ ဒါက စတုတ္ထပါရာဇိက သိက္ခာပုဒ်နဲ့ ဆိုင်ပါတယ်၊ 'ဥတ္တရိမနုဿဓမ္မ' ကို မြန်မာနိုင်ငံမှာ အများနားလည်နေကြတဲ့ အဓိပ္ပာယ်က လူတို့ရဲ့ ကုသိုလ် ကမ္မပထတရား ၁၀ ပါးထက် လွန်မြတ်တဲ့ ဈာန်မဂ်ဖိုလ်တရားကို ပြောတာ၊ ဒီတရားကို ရဟန်းက ရလို့ရှိရင် မိမိမှာ ဒီတရားရကြောင်းကို ဝါကြွားလိုတဲ့သဘောနဲ့ (ဝါ) အလိုဆိုးနဲ့ ထုတ်ဖော်ပြောကြားခြင်းမပြုရဘူးလို့ မြတ်စွာဘုရားက စတုတ္ထပါရာဇိက သိက္ခာပုဒ်မှာ ပညတ်တော်မူတယ်။ ဒါကလည်း ယေဘုယျကို ပြောတာ၊ လုံးဝ မပြောရဘူး။ ပြောရင် ပါရာဇိကကျတယ်ဆိုတဲ့ အဓိပ္ပာယ်လည်း မဟုတ်ပါဘူး။ ပြောနိုင်တဲ့ပုဂ္ဂိုလ်၊ ပြောခွင့်ရှိတဲ့ ပုဂ္ဂိုလ်၊ ပြောပုံပြောနည်းအပေါ် တည်ပြီး ဘာအာပတ်မှ မသင့်တာလည်း ရှိတယ်။ ဥတ္တရိမနုဿဓမ္မကို ပြောရာမှာ အင်္ဂါငါးပါးနှင့် ပြည့်စုံမှလည်း အာပတ်သင့်တာပါ။

'ဘာတွေများလဲ ဘုရား'

'ခင်ဗျားတို့ လွယ်လွယ်ကူကူ ဖတ်ပြီး နားလည်နိုင်တဲ့ စာအုပ်တစ်အုပ်ရှိတယ်၊ သာသနာရေး ဦးစီးဌာနက ထုတ်တာ 'ရဟန်းကျင့်ဖွယ် ၂၂၇ သွယ်' ဆိုတဲ့ကျမ်း။ အဲဒါကို ရှာပြီး ဖတ်နိုင်ရင်တော့ ပိုကောင်းမယ်။ ပါရာဇိက အင်္ဂါငါးပါးက-

(၁) မိမိ၌ ဈာန်မဂ်ဖိုလ် မရှိဘဲနှင့် ရှိသည်ဟု ပြောခြင်း။

(၂) ဝါကြွားလိုသော စိတ်ရှိခြင်း (တကယ်ရတယ်ထင်မှတ်၍ ပြောလျှင် ပါရာဇိက မကျ။)

(၃) ငါ ဈာန်မဂ်ဖိုလ်ရသည်ဟု မိမိကိုယ်ကို တိုက်ရိုက်ညွှန်ပြခြင်း (ငါတို့ ဆရာရဲ့ တပည့်မှန်လျှင် အားလုံး ရဟန္တာချည်းပဲဟု သွယ်ဝိုက်ပြောလျှင် ထုလ္လစ္စဉ်းအာပတ်ပဲသင့်သည်။)

(၄) အပြောခံရသူက လူသား၊ (လူသာမန်) ဖြစ်ခြင်း (နတ်ကို ပြောလျှင် ပါရာဇိက မကျ။)

(၅) နားထောင်သူက ချက်ချင်းနားလည်ခြင်း (ပြောပြီးအတန်ကြာ တွေးပြီးမှ ပြောလျှင် ပါရာဇိကမကျ။) ပြီးတော့ တရားအားထုတ်တဲ့အခါ၊ မိမိရဲ့ တွေ့ရှိချက်တွေကို ဓမ္မမိတ်ဆွေ(ရဟန်း)အား သဒ္ဓါထက်သန်စေလို သော စေတနာဖြင့် ပြောခွင့်ရှိသည်။ [၁]

'ဒါပေမဲ့ ခု သူတို့ ပြောနေကြပုံက လုံးဝ ပြောခွင့် မရှိဘူးဆိုတဲ့ သဘောနဲ့ ပြောနေကြတာ တွေ့ရတယ်။ ဒါက ဘာသဘောလဲ ဘုရား'

'ဟုတ်တယ်၊ သောတာပန်အဆင့်ကိုတောင် လုံးဝ မပြောရဘူး ဆိုတဲ့သဘောနဲ့ ပိတ်ပင်နေကြတာဟာ အရှင်မဟာဗုဒ္ဓဃောသရဲ့ အစဉ် အလာဖြစ်တယ်လို့ သီဟိုဠ်ရဟန်းသံဃာများက ပြောဆိုဝေဖန်လာကြ တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့ မိတ္တာမစ္ဆသုတ်မှာ ကိုယ်နဲ့ ရင်းနှီးကျွမ်းဝင် ချစ်ခင်သူ မိတ်ဆွေ၊ အပေါင်းအသင်း ဆွေမျိုးတွေကို သောတာပန် ဖြစ်ချင်အောင် ပြောဆိုရတယ်လို့ ဟောထားတာလည်း ရှိပါတယ်'

'နေပါဦး ဘုရား၊ စတုတ္ထ ပါရာဇိကနဲ့ ပတ်သက်ပြီး ဘုရားက ဘယ်လို ဟောထားပါသလဲ ဘုရား၊ ဗဟုသုတ ဖြစ်အောင်ပေါ့ ဘုရား၊ ပြောပြပါဦး'

'ဒါက သမိုင်းကြောင်း ရှိတယ်ဗျ'

'အမိန့်ရှိပါ ဘုရား'

'ခင်ဗျားတို့ အကျယ်ကို ရှာဖွေလေ့လာချင်ရင် ပါရာဇိကဏ် မြန်မာပြန်ကျမ်းရှိတယ်၊ ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းများ ဝတ္ထုက စပြော ရလိမ့်မယ်'

'အကျယ်ပဲ ဟောပြပါ ဘုရား'

---

[၁] ရဟာန်းတျင့်ဖွယ် ၂၂၇သွယ်၊ (နှာ ၆၃၊ ၆၄)

'နာချင်ရင်တော့ ဘုန်းကြီး ပြောပြပါ့မယ် ဒီလိုဗျ ကျမ်းဂန်မှာ-

၁၉၃။ အခါတစ်ပါး၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေသာလီမြို့ မဟာဝုန်တော၊ ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံးနေတော်မူသောအခါ၊ မြင်ဖူးခါမျှ မိတ်ဆွေ အတူနေ အတူစား မိတ်ဆွေ ဖြစ်ကြကုန်သော များစွာသော ရဟန်းတို့သည် ဝဂ္ဂုမုဒါ မြစ်ကမ်း၌ ဝါကပ်နေထိုင်ကြကုန်၏။

ထိုအခါ ဝဇ္ဇီတိုင်းသည် အစာ ခေါင်းပါး၏။ အသက်မွေးရန် ခဲယဉ်း၏။ ဖွေးဖွေးဖြူသော အရိုးရှိ၏။ စာရေးတံ (ခွဲတမ်း) လက်မှတ်ဖြင့် အသက်မွေးရ၏။ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ။ ထိုအခါ ရဟန်းတို့အား-

'ယခုအခါ ဝဇ္ဇီတိုင်းသည် အစာ ခေါင်းပါး၏။ အသက်မွေးရန် ခဲယဉ်း၏။ ဖွေးဖွေးဖြူသော အရိုးရှိ၏။ စာရေးတံ လက်မှတ်ဖြင့် အသက်မွေးရ၏။ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ။ ငါတို့သည် အဘယ်နည်းဖြင့် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြဘဲ ချမ်းသာစွာ ဝါကပ်ကြရပါအံ့နည်း။ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိပါကုန်အံ့နည်း' ဟု အကြံဖြစ်၏။ အချို့သော ရဟန်းတို့က-

'ငါ့ရှင်တို့၊ ယခုငါတို့သည် လူတို့၏ အမှုကြီးငယ်ကို စီရင်ကုန်အံ့၊ ဤသို့စီရင်လျှင် လူတို့သည် ငါတို့အားပေးလှူကြဖို့ရာ အမှတ်ရကြလိမ့်မည်။ ဤသို့ လှူဒါန်းကြလျှင် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြဘဲ ချမ်းသာစွာ ဝါကပ်ကြရလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြလိမ့်မည်' ဟု ပြောဆိုကြကုန်၏။ အချို့သော ရဟန်းတို့က-

'ငါ့ရှင်တို့ မသင့်လျော်ပါ၊ လူတို့၏ အမှုကြီးငယ်ကို စီရင်ကြခြင်းအားဖြင့် အကျိုးမရှိကြပါ။ ငါ့ရှင်တို့ ယခု ငါတို့သည် လူတို့၏ တမန်မှုကို ဆောင်ကုန်အံ့။ ဤသို့ဆောင်လျှင် ထိုလူတို့သည် ငါတို့အား ပေးလှူကြဖို့ရာ အမှတ်ရကြလိမ့်မည်၊ ဤသို့ လှူဒါန်းကြလျှင် ငါတို့သည် အညီ

အညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြဘဲ ချမ်းသာစွာ ဝါကပ်ကြရပေ လိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြလိမ့်မည်' ဟု ပြောဆို ကြကုန်၏။ အချို့သော ရဟန်းတို့က-

'ငါ့ရှင်တို့၊ မသင့်လျော်ပါ၊ လူတို့၏ အမှုကြီးငယ်ကို စီရင်ကြခြင်း ဖြင့် အဘယ်အကျိုးရှိကြပါမည်နည်း၊ ငါ့ရှင်တို့ ယခု ငါတို့သည် လူတို့ အား၊ အချင်းချင်း၏ လူတို့ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော စျာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်အံ့။ 'ဤမည်သောရဟန်းသည် ပထမစျာန်ကို ရ၏၊ ဤမည်သော ရဟန်း သည် ဒုတိယ စျာန်ကိုရ၏၊ ဤမည်သောရဟန်းသည် တတိယစျာန်ကို ရ၏၊ ဤမည်သော ရဟန်းသည် စတုတ္ထစျာန်ကိုရ၏၊ ဤမည်သော ရဟန်းသည် သကဒါဂါမ်တည်း၊ ဤမည်သောရဟန်းသည် အနာဂါမ် တည်း၊ ဤမည်သော ရဟန်းသည် ရဟန္တာတည်း၊ ဤမည်သော ရဟန်း သည် ဝိဇ္ဇာသုံးပါးကို ရ၏၊ ဤမည်သော ရဟန်းသည် အဘိညာဏ် ခြောက်ပါးကို ရ၏' ဟု ပြောကြကုန်အံ့၊ ဤသို့ ပြောဆိုကြလျှင် ထိုလူတို့ သည် ငါတို့အား ပေးလှူသင့်သည်ဟု မှတ်ထင်ကြလိမ့်မည်၊ ဤသို့ လှူဒါန်းကြလျှင် ငါတို့ သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံ ကြဘဲ ချမ်းသာစွာ ဝါကပ်ကြရပေလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်း ဘဲ ရှိကြလိမ့်မည်' ဟု ပြောဆိုကြကုန်၏။

'ငါ့ရှင်တို့၊ လူတို့အား အချင်းချင်း၏ လူတို့ကုသိုလ်ကမ္မပထ တရား ၁၀ ပါးထက် လွန်မြတ်သော စျာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းသည်သာလျှင် မြတ်၏' ဟု သဘောတူကြလေ၏။

၁၉၄။ ထိုနောက် ရဟန်းတို့သည် လူတို့အား၊ အချင်းချင်း၏ လူတို့ ကုသိုလ်ကမ္မပထတရား ၁၀ ပါးထက် လွန်မြတ်သော စျာန်မဂ်ဖိုလ် တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကြကုန်၏။ 'ဤမည်သော ရဟန်း သည် ပထမစျာန်ကို ရ၏၊ ပ။ ဤအမည်ရှိသော ရဟန်းသည် အဘိညာဉ် ခြောက်ပါးကို ရ၏' ဟု ပြောဆိုကြကုန်၏။

ထိုအခါ လူတို့သည် 'ငါတို့အား အရတော်လေစွတကား၊ ငါတို့သည် ကောင်းစွာ ရရှိကြပေစွတကား၊ အကြင်ငါတို့၏ အထံ၌ ဤကဲ့သို့သော ရဟန်းတော်များသည် ဝါကပ်တော်မူကြပါပေသည်တကား၊ အကျင့်သီလနှင့် ကောင်းသောတရားဓမ္မ ရှိကုန်သော၊ ဤရဟန်းတို့ကဲ့သို့သော ရဟန်းတို့သည်၊ ဤအခါမှ ရှေးက ငါတို့အထံ၌ ဝါကပ်တော်မမူဖူးကြတကား' ဟု အကြင်ဘောဇဉ်ခဲဖွယ်၊ လျက်ဖွယ်၊ သောက်ဖွယ်မျိုးတို့ကို မိမိတို့ မသုံးဆောင်ကြဘဲ၊ မခဲကြဘဲ၊ မလျက်ကြဘဲ၊ မသောက်ကြဘဲ၊ မိဘ သားမယား ကျွန်အမှုအလုပ်၊ မိတ်ဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းတို့အား မပေးကြကုန်။ ထိုခဲဖွယ်ဘောဇဉ်၊ လျက်ဖွယ်၊ သောက်ဖွယ်တို့ကို ရဟန်းတို့အားသာ ပေးလှူကြကုန်၏။

ထိုအခါ ရဟန်းတို့အား အဆင်းလှခြင်း၊ ဣန္ဒြေပြည့်ဖြိုးခြင်း၊ မျက်နှာအဆင်းကြည်လင်ခြင်း၊ ကိုယ်ရေအဆင်း အထူးကြည်လင်ခြင်း ရှိကြကုန်၏။

ဝါမှ ထကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ကန်တော့ရန် ချဉ်းကပ်ကြခြင်းသည် အလေ့အထပင်ဖြစ်၏။

ထိုအခါ သုံးလ လွန်မြောက်၍ ဝါမှထကုန်သော ထိုရဟန်းတို့သည် ကျောင်းအိပ်ရာနေရာကို သိုမှီးပြီးလျှင် သပိတ်သင်္ကန်းကို ယူဆောင်၍ ဝေသာလီမြို့သို့ ချဉ်းကပ်ကုန်၏။ အစဉ်သဖြင့် ဝေသာလီမြို့ မဟာဝုန်တော၊ ပြာသာဒ်ပေါက်သော ကျောင်းကြီး၌ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တစ်ခုသောနေရာ၌ နေကြကုန်၏။

ထိုအခါ အရပ်လေးမျက်နှာတို့၌ ဝါမှထကုန်သော ရဟန်းတို့သည် ပိန်ကြုံကြကုန်၏။ အသွေးအသား ခေါင်းပါးကြကုန်၏။ မလှသော ရုပ်အဆင်း ရှိကြကုန်၏။ (ဖက်ရွက်လျော်ကဲ့သို့) ဖျော့တော့သော အဆင်း ရှိကြကုန်၏။ (ကွန်ယက်ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကြကုန်၏။ ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့သည်ကား လှပသော အဆင်းရှိကြကုန်၏။ ပြည့်ဖြိုးသော ဣန္ဒြေရှိကြကုန်၏။ ကြည်လင်သော

မျက်နှာအဆင်း ရှိကြကုန်၏။ အထူးကြည်လင်သော ကိုယ်ရေအဆင်း ရှိကြကုန်၏။ အာဂန္တုရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့အထပင်ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့အား 'ရဟန်းတို့ ကျန်းမာကြကုန်၏လော၊ မျှတကြကုန်၏လော၊ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းမခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရကုန်၏လော၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြကုန်၏လော' ဟု မေးတော်မူရာ

ကျန်းမာကြပါသည် မြတ်စွာဘုရား၊ မျှတကြပါသည် မြတ်စွာဘုရား၊ တပည့်တော်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ၊ မငြင်းမခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ရပါသည် မြတ်စွာဘုရား။ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြပါကုန်သည် မြတ်စွာဘုရားဟု (လျှောက်ထားကုန်၏)။

ဘုရားရှင်တို့သည် သိလျက်လည်း မေးတော်မူကုန်၏။ သိလျက်လည်း မေးတော်မမူကုန်။ ပ။ 'တရားတော်ကိုသော်လည်း ဟောကုန်အံ့၊ တပည့်သာဝကတို့အား သိက္ခာပုဒ်ကိုသော်လည်း ပညတ်ကုန်အံ့' ဟူသော အကြောင်းနှစ်မျိုးတို့ဖြင့် ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည် ရဟန်းတို့ကို မေးတော်မူကုန်၏။

ထိုနောက် မြတ်စွာဘုရားသည် ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့ကို 'ရဟန်းတို့၊ သင်တို့သည် အဘယ်သို့လျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ၊ မငြင်းမခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြကုန်သနည်း၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြကုန်သနည်း' ဟု မေးတော်မူသောအခါ ထို ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို ပြန်လျှောက်ထားကြကုန်၏။

ရဟန်းတို့အား အသို့နည်း၊ သင်တို့အား (စျာန်မဂ်ဖိုလ်တရား) ထင်ရှားရှိပါ၏လောဟု (မေးတော်မူရာ) ထင်ရှားမရှိပါ မြတ်စွာဘုရားဟု (လျှောက်ထားကြကုန်၏) (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား

တို့ (ဤအပြုအမူသည်) ရဟန်းတို့အား မလျော်ကန်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ်၊ မအပ်၊ မပြုသင့်။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့၊ သင်တို့သည်၊ အဘယ်ကြောင့် ဝမ်းရေးအတွက် လူတို့အား အချင်းချင်း၏ လူတို့ ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော၊ ဈာန်မင်္ဂဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်ဘိသနည်း။

(မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့၊ သင်တို့သည် ထက်လှစွာသော နွားသတ်ဓားဖြင့် မိမိ၏ ဝမ်းဗိုက်ကို ဖောက်ခွဲ လှီးဖြတ်ရခြင်းက မြတ်သေး၏။ ဝမ်းရေးအတွက် လူတို့အား အချင်းချင်း၏ လူတို့ ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော၊ ဈာန်မင်္ဂဖိုလ် တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းသည်ကား မမြတ်သည်သာတည်း။

ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့၊ ထိုဓားဖြင့် သတ်ဖြတ်ခြင်းဟူသော အကြောင်းကြောင့် သေခြင်းသို့သော်လည်းကောင်း၊ သေလောက်နီးပါး ဒုက္ခသို့သော်လည်းကောင်း ရောက်ရာ၏။ ထိုဓားဖြင့် မိမိဗိုက်ကို ဖောက်ခွဲလှီးဖြတ်ခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော၊ မကောင်းသော လားရာပျက်စီးလျက် ကျရောက်ရာ ငရဲသို့ကား မရောက်နိုင်သည်သာတည်း။

(မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့၊ ဤလူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မင်္ဂဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းဟူသော အကြောင်းကြောင့်ကား ခန္ဓာကိုယ် ပျက်စီး၍ သေပြီးနောက်၌ ချမ်းသာကင်းသော၊ မကောင်းသော၊ လားရာပျက်စီးလျက် ကျရောက်ရာ ငရဲသို့ ရောက်ရပေတော့အံ့။

(မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့၊ ဤ (သင်တို့ပြုမိသော) အမှုသည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှာလည်းကောင်း။ ပ။ ကဲ့ရဲ့ပြီး၍ တရားစကားကို ဟောကြားတော်မူပြီးနောက် ရဟန်းတို့ကို မိန့်တော်မူ၏။

## ခိုးသူကြီးငါးယောက်

၁၉၅။ ရဟန်းတို့၊ လောက၌ ခိုးသူကြီးငါးယောက်တို့သည် ထင်ရှား ရှိကုန်၏။ ငါးယောက်တို့ကား အဘယ်နည်း။

ရဟန်းတို့၊ ဤလောက၌ အချို့သော ခိုးသူကြီးအား 'ငါသည် အဘယ်အခါ၌ (တပည့်) အရာအထောင်ခြံရံ၍ သတ်လျက် သတ်စေလျက်၊ ဖြတ်လျက် ဖြတ်စေလျက်၊ ချက်ပြုတ်လျက် ချက်ပြုတ်စေလျက်၊ ရွာနိဂုံး မင်းနေပြည်တို့၌ လှည့်လည် ကျက်စားရပါအံ့နည်း' ဟု အကြံ အစည်ဖြစ်၏၊ အခါတစ်ပါး၌ ထိုခိုးသူကြီးသည် (တပည့်) အရာ အထောင် ခြံရံ၍ သတ်လျက် သတ်စေလျက်၊ ဖြတ်လျက် ဖြတ်စေလျက်၊ ချက်ပြုတ်လျက် ချက်ပြုတ်စေလျက် ရွာနိဂုံး မင်းနေပြည်တော်တို့၌ လှည့်လည် ကျက်စားရ၏။

ရဟန်းတို့၊ ဤအတူပင် ဤသာသနာတော်၌ အချို့သော ရဟန်း ယုတ်အား-

'ငါသည် အဘယ်အခါ၌ (တပည့်) အရာအထောင်ခြံရံ၍ လူရှင် ရဟန်းတို့၏ ကောင်းသော အပြုအစုကိုခံလျက်၊ အလေးပြုခံလျက် အမြတ်အနိုးခံလျက်၊ အပူအဇော်ခံလျက်၊ အရိုအသေခံလျက်၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးတို့ကို ရသည်ဖြစ်၍ ရွာနိဂုံး မင်းနေ ပြည်တို့၌ ဒေသစာရီ-လှည့်လည်ရအံ့နည်း' ဟု အကြံဖြစ်၏။

အခါတစ်ပါး၌ ထိုရဟန်းယုတ်သည် (တပည့်) အရာအထောင် ခြံရံ၍ လူရှင်ရဟန်းတို့၏ ကောင်းသော အပြုအစုကို ခံလျက် အလေးပြု ခံလျက်၊ အမြတ်နိုးခံလျက် အပူဇော်ခံလျက်၊ အရိုအသေခံလျက် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးတို့ကို ရသည်ဖြစ်၍ ရွာနိဂုံး မင်း နေပြည်တော်တို့၌ ဒေသစာရီ လှည့်လည်ရ၏။

ရဟန်းတို့၊ ဤသည်ကား လောက၌ရှိသော ပထမ ခိုးသူကြီးပေ တည်း။

ရဟန်းတို့၊ ထို့ပြင်လည်း ဤသာသနာတော်၌ အချို့သော ရဟန်းယုတ်သည် မြတ်စွာဘုရား ဟောတော်မူသောသုတ်၊ အဘိဓမ္မာ၊ ဝိနည်း၊ ဒေသနာတော်ကို သင်ယူ၍ ကိုယ်ပိုင်ပြုထား၏ (ဆရာစားမထား)။

ဤရဟန်းသည်ကား လောက၌ ထင်ရှားရှိသော ဒုတိယသူခိုးကြီး ပေတည်း။

ရဟန်းတို့၊ ထို့ပြင်လည်း ဤသာသနာတော်၌ အချို့သော ရဟန်းယုတ်သည် **စင်ကြယ်သော အကျင့်ရှိသော၊ ထက်ဝန်းကျင် စင်ကြယ်သော အကျင့်ကို ကျင့်သော၊ သီတင်းသုံးဖော်ကို အခြေအမြစ်မရှိသော မမြတ်သောအကျင့် (မေထုန်အကျင့်) ဖြင့် စွပ်စွဲ၏။**

ရဟန်းတို့၊ ဤသည်ကား လောက၌ ထင်ရှားရှိသော တတိယ ခိုးသူကြီးပင်တည်း။

ရဟန်းတို့၊ ထို့ပြင်လည်း ဤသာသနာတော်၌ ထင်ရှားရှိသော ရဟန်းယုတ်သည် သံဃာ၏ ဂရုဘဏ်၊ ဂရုပရိက္ခရာ ဖြစ်ကုန်သော အရာမ်၊ အရာမ် မြေရာ၊ ကျောင်း၊ ကျောင်းမြေရာ၊ ညောင်စောင်း 'ခဋ္ဋင်' အင်းပျဉ် 'ခုံရှည်' 'ဘုံလျို' ခေါင်းအုံး၊ ကြေးအိုး၊ သံအိုး၊ ကြေးသံအိုး စရည်းကြီး၊ ကြေးသံအင်တွဲ၊ 'အင်တုံ ဇလုံ' ကြေးအင်ဖျဉ်းအိုး၊ ပဲခွပ် ပုဆိန်၊ ဓားမ၊ ပေါက်တူး၊ ဆောက်နွယ်၊ ဝါးဖြူဆံမြက်၊ ပြိတ်မြက် (ကြွင်းသော) မြက်၊ မြေညက် သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာ (ဤနှစ်ဆယ့်ငါး) မျိုးတို့ဖြင့် လူကို ချီးမြှောက်၏။ ဖြားယောင်း၏။

ရဟန်းတို့၊ ဤသည်ကား လောက၌ ထင်ရှားရှိသော ခိုးသူကြီးပေတည်း။

ရဟန်းတို့၊ အကြင်ရဟန်းသည် (မိမိသန္တာန်၌) ထင်ရှားမရှိသော၊ မဟုတ်မမှန်သော၊ လူတို့ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ဝါကြွားပြောဆို၏။ ဤရဟန်းသည် နတ်နှင့်တကွသော၊ မာရ်နတ်နှင့်တကွသော၊ ဗြဟ္မာနှင့်တကွသော၊ ဤ ဩကာသလောက၌ လည်းကောင်း၊ ရဟန်းပုဏ္ဏားနှင့် တကွသော၊

မင်းများ၊ လူများနှင့် တကွသော၊ ဤသတ္တဝါအပေါင်း၌ လည်းကောင်း အဆိုးဆုံး အကြီးဆုံး သူခိုးကြီးပေတည်း။ ထိုသို့ဖြစ်ခြင်းသည် အဘယ် ကြောင့်နည်း ဆိုလျှင် ရဟန်းတို့ တိုင်းသူပြည်သားတို့၏ ဆွမ်းကို ခိုး၍ စားသောကြောင့်ပေတည်း။

'မိမိသန္တာန်၌ မြင့်မြတ်သောတရား မရှိပါဘဲလျက် မြင့်မြတ်သော တရားရှိသည့်ဟန် ပြောဆိုသော ရဟန်းသည် စဉ်းလဲသော ကစားသမား (ငှက်မုဆိုး) ကဲ့သို့ ပြည်သူတို့၏ဆွမ်းကို ခိုးစားသည် မည်၏။

သင်္ကန်းကို လည်တွင် သိုင်း၍ ညစ်ညမ်းသော သဘောရှိကုန်သော၊ စောင့်စည်းမှုကင်းကွာ၍ ယုတ်မာကုန်သော များစွာသော ရဟန်းတို့ သည် မကောင်းမှုအကုသိုလ်ကံကြောင့် ငရဲသို့ ကပ်ရောက်ကြရကုန်၏။

အကျင့်သီလ မရှိဘဲ စောင့်ထိန်းမှု သံဝရမရှိဘဲ တိုင်းသူပြည်သား တို့ လှူဒါန်းသော ဆွမ်းကို စားခြင်းထက် ရဲရဲညီးဖုတ်ထားသော သံတွေ ခဲကို စားရခြင်းက မြတ်သေး၏။ ထိုနောက် မြတ်စွာဘုရားသည် ဝဂ္ဂမုဒါ မြစ်ကမ်းနေ ရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့တော်မူပြီး လျှင် ကိုယ်တိုင်ပြုစု မွေးမြူရန် ခက်ခဲခြင်း၊ သူတစ်ပါးတို့က ပြုစုမွေးမြူ ရန် ခက်ခဲခြင်း။ ပ။

ရဟန်းတို့၊ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြုကြကုန်လော့။

(က) ၁၉၆။ 'အကြင် ရဟန်းသည် မသိဘဲ ကိလေသာကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော၊ မြတ်သောဉာဏ်အမြင်ဟု ဆိုအပ် သော လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို မိမိသို့ ဆောင်ကပ်၍ 'ဤသို့ ငါသိ၏။ ဤသို့ ငါမြင်၏' ဟု ပြောကြားငြားအံ့။ ထိုသို့ ပြောကြားပြီးမှ နောက်အခါ၌ (သူတစ်ပါးတို့) မေးစစ်အပ်၍ သော်လည်းကောင်း၊ မမေးစစ်အပ်ဘဲ သော်လည်းကောင်း၊ အာပတ်သင့် ရောက်ပြီး၍ စင်ကြယ်ခြင်းကို အလိုရှိရကား 'ငါ့ရှင်တို့ ဤသို့ မသိဘဲ သိ၏ဟု ဆိုမိပြီ၊ မမြင်ဘဲ မြင်၏ဟု ဆိုမိပြီ၊ အချည်းနှီး မှားယွင်းသော

စကားကို ဆိုမိပြီ’ ဟု ပြောပြောအံ့။ ဤရဟန်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏။ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ၊ ဤသို့ (ပြုကုန်လော့ဟု မိန့်တော်မူ၏)။

၁၉၇။ ထိုအခါ များစွာသော ရဟန်းတို့သည် မမြင်အပ်သေးသည်၌ မြင်အပ်ပြီဟု အမှတ်ရှိကြ၍၊ မရောက်အပ်သေးသည်၌ ရောက်အပ်ပြီဟု အမှတ်ရှိကြ၍၊ မရအပ်သေးသည်၌ ရအပ်ပြီဟု အမှတ်ရှိကြ၍၊ မျက်မှောက် မပြုအပ်သေးသည်၌ မျက်မှောက်ပြုအပ်ပြီဟု အမှတ်ရှိကြ၍၊ အထင်ကြီးခြင်း (အဓိမာန) ဖြင့် အရဟတ္တဖိုလ်ကို ပြောကြားကုန်၏။ ထိုရဟန်းအား အခါတစ်ပါး၌ ရာဂဖြစ်ဖို့လည်း စိတ်ညွတ်၏။ ဒေါသဖြစ်ဖို့လည်း စိတ်ညွတ်၏။ မောဟဖြစ်ဖို့လည်း စိတ်ညွတ်၏။ ‘မြတ်စွာဘုရားသည် သိက္ခာပုဒ်ကို ပညတ်တော်မူပြီးပြီ၊ ငါတို့သည်လည်း မမြင်အပ်သေးသည်၌ မြင်အပ်ပြီဟု အမှတ်ရှိကြ၍၊ မရောက်အပ်သေးသည်၌ ရောက်အပ်ပြီဟု အမှတ်ရှိကြ၍၊ မရအပ်သေးသည်၌ ရအပ်ပြီဟု အမှတ်ရှိကြ၍၊ မျက်မှောက်မပြုအပ်သေးသည်၌ မျက်မှောက် ပြုအပ်ပြီဟု အမှတ်ရှိကြ၍ ‘အထင်ကြီးမှု’ ဖြင့် အရဟတ္တဖိုလ်ကို ပြောကြားမိကုန်ပြီ၊ အဘယ်သို့နည်း၊ ငါတို့သည် ပါရာဇိကကျလေကုန်သလော’ ဟု ထိုရဟန်းတို့အား တွေးတောမှု ‘သံသယကုက္ကုစ္စ’ ဖြစ်ကြကုန်၏။

အရှင်အာနန္ဒာအား ဤအကြောင်းကို လျှောက်ထားကြရာ၊ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

အာနန္ဒာ၊ အကြင်ရဟန်းတို့သည် မမြင်အပ်သေးသည်၌ မြင်အပ်ပြီဟု အမှတ်ရှိကြ၍၊ မရောက်အပ်သေးသည်၌ ရောက်အပ်ပြီဟု အမှတ်ရှိကြ၍၊ မရအပ်သေးသည်၌ ရအပ်ပြီဟု အမှတ်ရှိကြ၍၊ အရဟတ္တဖိုလ်ကို ပြောကြားမိတတ်ကုန်၏။ ထို အထင်ကြီးခြင်းဖြင့် အရဟတ္တဖိုလ်ကို ပြောကြားခြင်းကိုကား အာပတ်သင့်ခြင်း၏အကြောင်းဟု ‘မခေါ်ဝေါ်လောက်’ ဤသို့ မိန့်တော်မူ၏။

ရဟန်းတို့၊ ဤသို့လျှင် သိက္ခာပုဒ်တော်ကို ပြုကြကုန်လော့။

၄။ (ခ) အကြင်ရဟန်းသည် မသိဘဲ ကိလေသာကို ဖျက်ဆီးခြင်း၌ စွမ်းနိုင်သော၊ မြတ်သောဉာဏ်အမြင်ဟု ဆိုအပ်သော၊ လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော၊ ဈာန်မဂ်ဖိုလ်တရားကို 'မိမိသို့ ကပ်ဆောင်၍' ဤသို့ ငါသိ၏။ ဤသို့ ငါမြင်၏ဟု ပြောကြားငြားအံ့။ ထိုသို့ ပြောကြားပြီးမှ နောက်အခါ၌ (သူတစ်ပါးတို့) စစ်မေးအပ်၍ သော်လည်းကောင်း၊ မမေးစစ်အပ်ဘဲ သော်လည်းကောင်း အာပတ်သင့်ရောက်ပြီး၍ စင်ကြယ်ခြင်းကို အလိုရှိရကား 'ငါ့ရှင်တို့ ဤသို့ ငါမသိဘဲသိ၏ဟု ဆိုမိပြီ၊ မမြင်ဘဲမြင်၏ဟု ဆိုမိပြီ၊ အချည်းနှီးမှားယွင်းသော စကားကို ပြောမိပြီ' ဟု ပြောဆိုငြားအံ့။ 'အထင်ကြီးမှုကို ကြဉ်၍' ဤ ရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏။ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ' ဤသို့ (ပြုကြကုန်လော့ဟု မိန့်တော်မူ၏)

'ဒါက စတုတ္ထပါရာဇိက သိက္ခာပုဒ်ရဲ့ မူလပြဋ္ဌာန်းချက်နဲ့ ခြွင်းချက်ထားပြီး ပြဋ္ဌာန်းချက်ဖြစ်တယ်၊ ဒီသဘောကို ဒကာကြီးတို့ နားလည်နိုင်ရဲ့လား'

'ပထမပြဋ္ဌာန်းချက်နဲ့ ဒုတိယပြဋ္ဌာန်းချက်မှာ 'အထင်ကြီးမှုကို ကြဉ်၍' ဆိုတဲ့စကားပဲ ပိုလာတယ်။ ဒါက ဘာသဘောလဲ ဘုရား'

ဒကာကြီးတစ်ယောက်က ထောက်၍ မေးသည်။

'အထင်ကြီးမှုကို ကြဉ်၍' ဆိုတာကို ပါဠိလိုတော့ အညတြ အဓိမာနလို့ခေါ်တယ်။ အရဟတ္တဖိုလ်ကို (ရဟန္တာဖြစ်ပြီ) ဆိုတဲ့ စကားကို ကိုယ့်စိတ်ထဲမှာ ဖြစ်ပြီထင်လို့ (အထင်ကြီးလို့) 'ငါကတော့ ရဟန်းကိစ္စ ပြီးသွားပြီးပြီ' လို့ ပြောရင်တောင် ဒါဟာ အာပတ်သင့်လောက်တဲ့အကြောင်း မဟုတ်ပါဘူးတဲ့၊ အာပတ် မသင့်ပါဘူးတဲ့'

'ဒါဆို ကိုယ့်ကိုယ်ကို သောတာပန် ဖြစ်ပြီလို့ ထင်နေတဲ့ လူတွေလည်း ဒီလိုထင်လို့ (အထင်ကြီးစိတ်နဲ့ ပြောရင်) အပြစ်မရှိဘူး၊ အာပတ်မကျဘူးလို့ ယူဆရမှာလား ဘုရား'

'ဟုတ်တယ်၊ အထင်ကြီးလို့ ပြောတာဟာ အာပတ်သင့်ခြင်း အကြောင်း မဟုတ်ဘူး၊ အလိုဆိုးနှင့်ပြောတာ မဟုတ်ဘူး။ ဝါကြွားလိုတဲ့ စိတ်နဲ့ ပြောတာမဟုတ်ဘူး၊ သူ့ကိုယ်သူ အထင်ကြီးတာ၊ သူများအထင် ကြီးအောင် ပြောတာမဟုတ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒါကို ခွင့်လွှတ်တော်မူတယ်။ ဒါကို ထည့်မတွက်ရဘူးလို့ ပညတ်တော်မူတာ ဖြစ်တယ်။ ဒါတင်မကသေးဘူး၊ ပြောခဲ့တဲ့ သိက္ခာပုဒ်ထဲမှာ 'မိမိသို့ ကပ်ဆောင်၍' ဆိုတဲ့စကား ပါဝင်နေတာကို သတိပြုမိရဲ့လား'

'ပြုမိပါတယ်ဘုရား'

'အေး၊ အဲဒါ ပါဠိလိုတော့ အတ္တုပနာယိကံ (အတ္တ=မိမိ၌ + ဉပနာ ယိကံ = ဉပ = ကပ်+နာယိကံ-ဆောင်၍) လို့ ဖွင့်ထားတယ်။ 'မိမိ၌ ကပ်ဆောင်ခြင်း' ဆိုတာက မိမိမှာ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရား များ ရှိတဲ့အနေအထားမျိုးဖြစ်အောင် မိမိသန္တာန်၌ ကပ်၍ ဆောင်ယူခြင်း မျိုးတည်းလို့ ဖွင့်ထားတယ်။ 'ဆောင်'ဆိုတာ လက်နှင့်ယူတာကို ဆိုလို ခြင်း မဟုတ်၊ နှုတ်နှင့် ယူဆောင်ခြင်း၊ ပြောခြင်းကို ပြောတာဗျ'

'သဘောပေါက်ပါပြီ ဘုရား'

'သဘောပေါက်ရင် ဒီမှာ မြတ်စွာဘုရားက အာပတ်မသင့်ဘူးလို့ ဟောထားတာတစ်ခု ရှိသေးတယ်။ ဒီလို မိမိကိုယ်ကို တိုက်ရိုက်မညွှန်း ဘဲနဲ့ သွယ်ဝိုက်ပြီး 'ငါတို့ဆရာရဲ့ တပည့်အားလုံး ရဟန္တာချည်းပဲ' လို့ ပြောရင်တော့ အာပတ်မသင့်ဘူးတဲ့၊ နောက် မှတ်သားဖွယ်တစ်ချက် လည်း ရှိသေးတယ်ဗျ'

'ဘာများလဲ ဘုရား'

'ရဟန်းက ဉတ္တရိမနုဿဓမ္မကို ရဟန်းမဟုတ်တဲ့ လူသာမန်တွေကို ပြောပုံပြောနည်းတစ်မျိုးနှင့် ပြောလို့၊ နားထောင်သူ ပရိသတ်က သူပြော လျှင်ပြောချင်း (ချက်ချင်း) နားမလည်ဘဲနဲ့ နောက်ကျမှ စဉ်းစားပြီး နားလည်ရင်လည်း အဲဒါ အာပတ်မသင့်ပြန်ဘူး' တဲ့။

'မြတ်စွာဘုရားက အဲဒီလို ဘာဖြစ်လို့ ခြွင်းချက်တွေ ထားခဲ့တာလဲ ဘုရား'

'အဲဒါ အရေးတကြီး စဉ်းစားရမယ့် အချက်ပဲ ဒကာကြီးရဲ့၊ မြတ်စွာဘုရားရဲ့ သာသနာဟာ သိပ်ပြီး ကျဉ်းကျပ်လွန်းတဲ့ သာသနာ မဟုတ်ပါဘူးဗျာ။ ဘုန်းကြီးဖြတ်သန်းခဲ့ဖူးတဲ့ ဘာသာအယူဝါဒတွေထဲမှာ ဗုဒ္ဓဘာသာလောက် လွတ်လပ်ခွင့်ကို တန်ဖိုးထားတဲ့ဘာသာ တစ်ခုမှ မတွေ့ခဲ့ရဘူး'။

'စတုတ္ထပါရာဇိက အာပတ်နဲ့ ပတ်သက်ပြီး တပည့်တော်တို့ လူတွေမှာလည်း တရားနာတဲ့အခါ ဗဟုသုတရှိပြီး နားထောင်ခြင်းအားဖြင့် တရားဟောဆရာရဲ့ စကား အသွားအလာကို အကဲခတ်နိုင်အောင် သိသင့်သိထိုက်တာကလေးများ မိန့်ကြားပါဦး ဘုရား'

'ဒကာကြီး ပြောသလို လူသာမန်တွေမှာလည်း ဝိနည်းဗဟုသုတ ရှိထားသင့်တယ်'

'မှန်ပါတယ် ဘုရား၊ မဟာဂန္ဓာရုံ ပဓာနနာယက ဆရာတော်ကြီး ရေးတော်မူတဲ့ 'သာသနာ့အသက်' ဆိုတဲ့ စာအုပ်ဟာလည်း လူသာမန်တွေ သိအပ်တဲ့ ဝိနည်း သိက္ခာပုဒ်တွေအကြောင်း ဖြစ်ပါတယ် ဘုရား။ ဝိနည်းလို့ ရေးရင် လူတွေက 'ငါတို့နှင့် မဆိုင်' ဆိုပြီး မဖတ်ဘဲနေမှာစိုးလို့ စာအုပ်ရဲ့ အမည်ကို 'သာသနာ့အသက်' လို့ ပေးရကြောင်း ဖော်ပြထားတာ ဖတ်ရဖူးပါတယ်။ အဲဒီစာအုပ်ထဲမှာ 'လူသိစရာဝိနည်း' ဆိုပြီးလည်း တစ်ခန်းတစ်ကဏ္ဍ ဖော်ပြထားပါသေးတယ် ဘုရား'

'ဟုတ်တယ် ဒကာကြီး၊ ခုခေတ်က ရှေးခေတ်နဲ့ မတူဘူး၊ ရှေးတုန်းကလူတွေက ရဟန်းသံဃာတော်တွေကို ကြည်ညိုတတ်ကြတယ်၊ သိပ်ပြီး မဝေဖန်တတ်ကြဘူး၊ သူတို့စိတ်ထဲ အကုသိုလ်ဖြစ်မှာကို အလွန်ကြောက်တတ်ကြတယ်၊ ဒီခေတ်က မလွယ်ဘူး၊ အကုသိုလ်ကိုလည်း နားမလည်ဘူး၊ ကြောက်လည်း မကြောက်ဘူး၊ အကုသိုလ် ကုသိုလ်တွေကို သိပ်အရေးမထားတာမှာလည်း အကြောင်းက ဝိပဿနာဉာဏ် ထက်သန်လာတာလည်း တစ်ကြောင်း၊ ရဟန်းသံဃာတော်တွေကို အကဲခတ်တဲ့ သဘောက ပိုများလာတာလည်းတစ်ကြောင်းမို့ သံဃာတော်များ

* အင်္ဂုတ္တိုရ်မြန်မာပြန် (၃-တွဲ) နှာ-၁၁၃

ကို ယုံကြည်ကိုးကွယ်ရာမှာ သဒ္ဓါအားနည်းလာကြတယ်၊ မြတ်စွာဘုရားက ဒီလိုဖြစ်လာမှာကို ကြို့ပြီး မြင်တော်မူခဲ့တယ်။ ဒါကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၊ အနာဂတဘယသုတ်မှာ နောင်အခါ ဖြစ်လာမှာတွေကို ကြို့ပြီး ဟောတော်မူတဲ့အထဲမှာ

'ထိုရဟန်းတို့သည် (မိမိတို့က) ကိုယ်ကိုလည်း မပွားများ၊ သီလကိုလည်း မပွားများ၊ စိတ်ကိုလည်း မပွားများ၊ ပညာကိုလည်း မပွားများကုန်ပါလျက် မြတ်စွာဘုရား ဟောကြားတော်မူအပ်ကုန်သော နက်နဲကုန်သော၊ နက်နဲသော အနက်ရှိကုန်သော၊ လောကမှ လွတ်မြောက်ကြောင်းဖြစ်ကုန်လျက် (သတ္တမှ) ဆိတ်သုဉ်းခြင်းနှင့် ယှဉ်ကုန်သော၊ သုတ္တန်တရားတို့ကို ဟောအပ်ကုန်သည်ရှိသော် ကောင်းစွာ နာယူကြလိမ့်မည် မဟုတ်ကုန်၊ နားထောင်ကြလိမ့်မည် မဟုတ်ကုန်၊ သိနားလည်လိုသောစိတ်ကိုဖြစ်စေလိမ့်မည် မဟုတ်ကုန်'[၁] လို့ ဟောထားတော်မူတယ်။

'ဟာ အရှင်ဘုရား အံ့ဩဖို့ကောင်းလိုက်တာ၊ ခုဒီအတိုင်း ဖြစ်နေပြီလေ'

'ဟုတ်တယ်၊ အဲဒါ လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော်က ဟောတော်မူခဲ့တာပဲဒကာကြီးရဲ့၊ ဒီတော့ ခုခေတ်ကလူတွေ မိမိတို့ ကိုးကွယ်တဲ့ဘာသာတရားရဲ့ ကြီးကျယ်ပုံ၊ နက်နဲပုံ၊ မြင့်မြတ်ပုံကို ပြောကြ ဟောကြတဲ့အခါ သူတို့က ခေတ်အမြင်၊ ခေတ်အတွေး၊ ခေတ်မျက်လုံးနဲ့ ကြည့်ကြတယ်၊ ခေတ်နားနဲ့ နာကြတယ်၊ ဟောပြောတဲ့ ဓမ္မကထိက ရဟန်းသံဃာကိုလည်း စူးစမ်းလိုတယ်၊ အကဲဖြတ်လိုကြတယ်၊ ဒါကြောင့် သူတို့ကိုတရားတော်၌ စိတ်ဝင်စားလာအောင် လုပ်ဖို့ကိစ္စမှာ ဝိနည်းတော်တွေရဲ့နက်နဲတဲ့ သဘော၊ မကြည်ညိုသေးသူများ ကြည်ညိုလာစေဖို့၊ ကြည်ညိုပြီးသူတို့ ပိုပြီး ကြည်ညိုလာအောင်၊ အသိပညာပေးသင့်တယ်၊ ပေးသင့်တယ်ဆိုတာထက် ပေးရမယ်လို့ ပြောရင် ပိုတောင် မှန်မလားပဲ ဒကာကြီးရဲ့။

[၁] အင်္ဂုတ္တိုရ်မြန်မာပြန် (ဒု-တွဲ) နှာ-၁၁၄

'မှန်ပါတယ် ဘုရား၊ ဗုဒ္ဓဘာသာမှာ လျှို့ဝှက်ထားအပ်၊ ဖုံးကွယ် ထိမ်ချန်ထားအပ်တဲ့ တရားရှိမယ်လို့တော့ တပည့်တော် မထင်ပါဘုရား'

'ဘုန်းကြီးကတော့ မိမိလိုပဲ အထူးသဖြင့် ဗုဒ္ဓဘာသာဝင် ကလျာဏ ပုဂ္ဂိုလ်တွေ သိမြင်နားလည်ကြစေချင်တယ်၊ ဗုဒ္ဓရှင်တော်မြတ်ဘုရား မိန့် တော်မူတာကတော့ သူမဟောဘဲ ချန်ထားတဲ့ တရားတွေတော့ ရှိတယ် လို့ ဝန်ခံတော်မူတယ်'

'ဩော် ဟို ရင်းတိုက်တောမှာ ရင်းတိုက်ရွက်တွေကို ဆုပ်ကိုင်ပြီး ဟောခဲ့တာမဟုတ်လားဘုရား'

'ဟုတ်တယ် ဒကာကြီး၊ ခေတ်ပြောင်းလာတော့ လက်တွေ့ သိပ္ပံ ပညာရဲ့ ဩဇာခံ ခေတ်လူငယ်တွေကို ယုံကြည်လက်ခံအောင် ပြောရ တာ မလွယ်ဘူး၊ သူတို့က ဘာမဆို လက်တွေ့မှယုံတာ၊ လက်တွေ့ဆို တာ သူတို့လက်ခံနိုင်တဲ့ သဘာဝယုတ္တိ၊ အာဂမ ယုတ္တိကိုပြောတာ၊ နေဦး၊ စတုတ္ထပါရာဇိကအာပတ်အကြောင်း ပြောနေတာ၊ စကားက ဘေးရောက် သွားပြီ၊ ပြန်ကောက်ဦးမှ၊ ဘာတဲ့'

'စတုတ္ထပါရာဇိက သိက္ခာပုဒ်နဲ့ ပတ်သက်ပြီး သိသင့်တဲ့ နက်နဲတဲ့ ကိစ္စတွေကို ပြောပြနေတာပါ ဘုရား'

'အေး၊ ဟုတ်ပြီ၊ ခု သုဒ္ဓိကဝါရကို ဆက်ပြောမယ်၊ ဒါက ဘယ်လို ပြောရင် အာပတ်သင့်တယ် ဆိုတာကို ပြတာ၊ ဒါက

၂၀၀။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် 'မဟုတ်မမှန် ပြော မည်' ဟု သိ၏။ ပြောဆဲ ရဟန်းသည် 'ငါမဟုတ်မမှန် ပြောဆိုနေသည်' ဟု သိ၏။ ပြောပြီး ရဟန်းသည် 'ငါ မဟုတ်မမှန် ပြောမိပြီ' ဟု သိ၏။ ဤအကြောင်း သုံးမျိုးတို့ဖြင့် ပထမဈာန်ကို ဝင်စားခဲ့ပြီဟု သိလျက်၊ မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ်သင့်၏တဲ့။ ဒီမှာက (အကြောင်းသုံးမျိုး) ကို ပြတော်မူတယ်။ ဒါကို မှတ်ထားပေါ့'

'တင်ပါ့ ဘုရား'

'ခု (အကြောင်းလေးမျိုး) ကို ပြောမယ် 'မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် မဟုတ်မမှန် ပြောမည်' ဟု သိ၏။ ပြောဆဲ ရဟန်းသည်

'မဟုတ်မမှန် ပြောနေသည်' ဟု သိ၏။ ပြောပြီး ရဟန်းသည် 'ငါမဟုတ်မမှန် ပြောမိပြီ' ဟု သိ၏။ (ငါ့အား ပထမစျာန် မရှိဟူသော မိမိ၏) အယူအဆကို ဖုံးထားလျက် အကြောင်းလေးမျိုးဖြင့် ပထမစျာန်ကို ဝင်စားခဲ့ပြီဟု သိလျက်၊ မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ်သင့်၏တဲ့။

နောက်ပြီး မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် 'မဟုတ်မမှန် ပြောမည်' ဟု သိ၏။ ပြောဆဲရဟန်းသည် 'မဟုတ်မမှန် ပြောနေသည်'ဟု သိ၏။ ပြောပြီး ရဟန်းသည် 'ငါမဟုတ်မမှန် ပြောမိပြီ' ဟု သိ၏။ (ငါ့အား ပထမစျာန် မရှိဟူသော မိမိ၏) အယူအဆကို ဖုံးထားလျက် (ငါ့အား ပထမ စျာန် မရှိဟူသော မိမိ၏) နှစ်သိမ့်မှု သဘောတူညီမှုကို ဖုံးထားလျက် (အကြောင်းငါးမျိုးဖြင့်) ပထမစျာန်ကို ဝင်စားခဲ့ပြီဟု သိလျက်၊ မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏တဲ့။

နောက်ပြီး မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် 'မဟုတ်မမှန် ပြောမည်' ဟု သိ၏။ ပြောဆဲရဟန်းသည် 'မဟုတ်မမှန် ပြောသည်' ဟု သိ၏။ ပြောပြီးရဟန်းသည် 'ငါ မဟုတ်မမှန် ပြောမိပြီ' ဟု သိ၏။ (ငါ့အား ပထမစျာန်မရှိဟူသော မိမိ၏) အယူအဆကို ဖုံးထားလျက် (ငါ့အား ပထမ စျာန်မရှိဟူသော မိမိ၏) နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် ငါ့အား ပထမစျာန်မရှိဟူသော မိမိ၏ နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် (အကြောင်းခြောက်မျိုး) တို့ဖြင့် ပထမစျာန်ကို ဝင်စားခဲ့ပြီဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ်သင့်၏တဲ့။

နောက်ပြီး မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် 'မဟုတ်မမှန် ပြောမည်' ဟု သိ၏။ ပြောဆဲထိုရဟန်းသည် 'မဟုတ်မမှန် ပြောသည်' ဟု သိ၏။ ပြောပြီးရဟန်းသည် 'ငါမဟုတ်မမှန် ပြောမိပြီ' ဟု သိ၏။ (ငါ့အား ပထမစျာန်မရှိဟူသော မိမိ၏) အယူအဆကို ဖုံးထားလျက် (ငါ့အား ပထမစျာန်မရှိဟူသော မိမိ၏) နှစ်သိမ့်သဘောတူညီမှုကို

ဖုံးထားလျက် (ငါ့အား ပထမဈာန်မရှိဟူသော မိမိ၏) နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် (ငါ့အား ပထမဈာန်မရှိ ဟူသော မိမိ၏) ရည်မှန်းချက်ကို ဖုံးထားလျက် (အကြောင်းခုနစ်မျိုး) ဖြင့် ပထမဈာန်ကို ဝင်စားခဲ့ပြီဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိကအာပတ်သင့်၏တဲ့၊ အဲဒါ မဟုတ်မမှန် ပြောဆိုရာမှာ ထားတဲ့ စေတနာ ၇ မျိုးကို ဟောတာဗျ'

'တပည့်တော်လည်း နားထောင်ရင်း မပြောမီ၊ ပြောဆဲ၊ ပြောပြီးဆိုတဲ့ စကားလုံးတွေ ကြားရတော့ ပုဗ္ဗ၊ မုဉ္စ၊ ပရစေတနာကို ပြောတာပဲ ဖြစ်လိမ့်မယ်လို့တော့ ထင်မိပါတယ်ဘုရား။ နောက်ပိုင်းမှာပါတဲ့-

- အယူအဆကို ဖုံးထားလျက်

- နှစ်သက်သဘောတူညီမှုကို ဖုံးထားလျက်

- နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက်

- ရည်မှန်းချက်ကို ဖုံးထားလျက် ဆိုတာတွေကိုတော့ နားမလည်ဘူး၊ ဉာဏ်မမီသလို ဖြစ်ပါတယ် ဘုရား။

'ဟုတ်တယ်၊ ဒီတရားဟာ အင်မတန် လေးလေးနက်နက် ဟောထားတာဖြစ်တယ်၊ ဒါကို ဒဿနနည်းနဲ့ သုံးသပ်ကြည့်ရင် ပိုပြီး နက်နဲကြောင်း ပေါ်လွင်တယ်၊ အဋ္ဌကထာမှာတော့ မပြောမီ၊ ပြောဆဲ၊ ပြောပြီးနောက် မိမိက မုသားပြောသည်ဟု သိတဲ့အင်္ဂါသုံးပါးစုံမှ မုသားဖြစ်သည်ဟု ပြတော်မူသည်လို့ ဖွင့်ထားတယ်။ [၁] ဒီနေရာမှာ စိတ်ဝင်စားစရာကောင်းတာတွေကို ပြောပြမယ်။ ခုပြောခဲ့တဲ့ စေတနာသုံးတန်မှာ မပြောခင်ကဖြစ်တဲ့ ပုဗ္ဗဘာဂေါ-မပြောမီ ရှေးအဖို့၌ဖြစ်သော 'အသိ' သည်ရှိတယ်။ ဒါပေမဲ့ ပြောပြီးနောက်အဖို့၌ဖြစ်သော 'အသိ' တော့ မရှိဘူးလို့ ဆိုရင်ကော၊ ပါရာဇိက အာပတ်သင့်သလား ဆိုတဲ့ အမေးပုစ္ဆာကိုလည်း အဋ္ဌကထာ ဆရာမြတ်များ ဖြေတော်မူထားတာ ရှိတယ်'

'ဘယ်လို ဖြေထားပါသလဲ ဘုရား'

[၁] ပါရာဇိကဏ်ဘာသာဋီကာ (တတိယတွဲ) နှာ - ၄၄၈

'မုသား မပြောခင်ကတည်းက ငါမုသားပြောတော့မယ်လို့ နှလုံးသွင်းပြီး ပြောသောကြောင့် ပြောပြီးနောက် မသိဘူးဆိုတာ မဖြစ်နိုင်ဘူးတဲ့။ ပြောပြီးနောက်မှ ကိုယ်ကတော့ မုသားပြောခဲ့ပြီလို့ မသိဘူးဘဲထား။ မပြောခင်က သိတယ်။ ပြောဆဲမှာလည်း သိတယ်ဆိုရင် အဲဒီသိခြင်း အင်္ဂါနှစ်ပါးအပေါင်းသည်သာ ပမာနကျတယ်လို့ ဆိုထားတယ်။[၁] ဒါထက်ပိုပြီး စိတ်ဝင်စားဖို့ကောင်းတာက (မုသားမပြောမီ ရှေးအဖို့၌ မုသားပြောတော့အံ့ဟု နှလုံးသွင်းမရှိသော) ပုဂ္ဂိုလ်ကို အာပတ္တိယာဖြင့် နကရေတဗ္ဗော၊ မရေတွက်ရဘူးတဲ့။ (မုသားမပြောမီ ခဏ၌ 'ငါမုသားပြောအံ့' ဟု နှလုံးမသွင်းဘဲ အဆောတလျင် ပြောသူမှာ ပြောဆဲခဏ၌ 'ငါ့စကားဟာ မုသားဖြစ်နေပါပေါ့လား' ဟု သိသော်လည်း နောက်ပြန်ဆုတ်ဖို့ရာ မတတ်နိုင်သည့်အတွက် အာပတ်ဖြင့် ဆုံးဖြတ်ဖို့ရန် အရာမဟုတ်သောကြောင့် မဆုံးဖြတ်ရဘူးတဲ့။

ဒီအဌကထာ ဆရာမြတ်များရဲ့ ဆုံးဖြတ်ချက်တွေဟာ ဒဿနပညာရှုထောင့်ကကြည့်ရင်လည်း သိပ်ကို နက်နဲကြောင်း တွေ့ရတယ်ဗျ'

'အောင်မယ်လေး အရှင်ဘုရားရယ်၊ တပည့်တော်တို့မှာ ဒီအသက်ဒီအရွယ်ကို ရောက်ပြီ၊ ဒီစကားမျိုးတွေ၊ ဒီအသိမျိုးတွေ တစ်သက်တစ်ခါမှတောင် မရခဲ့ဖူးပါဘူး။ ခု ရှင်ဘုရားနဲ့ကျမှပဲ ဒီလောက်နက်နဲတဲ့တရားသဘောတွေကို စပြီး သိရကြားရတယ်။ ကျေးဇူးတင်လိုက်တာဘုရား'

'အေး၊ ဘုန်းကြီးကတော့ ခေတ်လူ၊ ခေတ်ပညာတတ်တွေကို ဗုဒ္ဓသာသနာတော်ရဲ့ ကြီးကျယ်ပုံ၊ နက်နဲပုံ၊ မြင့်မြတ်ပုံ ကြည်ညိုဖွယ်ကောင်းပုံတွေကို ရှုထောင့်အမျိုးမျိုးက တင်ပြချင်တယ်၊ ဓမ္မရဲ့ သဘောသဘာဝကို ဉာဏ်သက်ဝင်စေချင်တယ်၊ ဒါမှလည်း ဒီသာသနာတော်ကို ခေတ်လူတွေရဲ့စိတ်ထဲမှာ ကြီးကြီးမားမား တန်ဖိုးထားတတ်ကြမှာပေါ့ဗျာ၊ ကဲဒါ ထားဦး၊ ဆက်ပြီး ဒဿနပိုင်း အမြင်တွေကို အကဲခတ်ကြည့်ကြဦးစို့'

'ကောင်းလှပါပြီ ဘုရား'

---

[၁] ပါရာဇိကဏ်ဘာသာဋီကာ (တတိယတွဲ) နှာ - ၄၄၉

'ခေတ်ဒဿနအမြင်နဲ့ ပြောရင်း ဒီမှာ အသိနဲ့ယှဉ်တဲ့ လွတ်လပ်စွာ ရွေးချယ်မှု၊ Conscious Freedom of Choice ရဲ့သဘော နက်နက်ရှိုင်း ရှိုင်းပါတယ်။ အသိနဲ့ယှဉ်တဲ့ လွတ်လပ်စွာ ရွေးချယ်နိုင်ခွင့်ရှိမှု၊ မရှိမှု အပေါ်မှာ မူတည်၍သာ လူမှာက တာဝန်ကျရောက်မှု Responsibility ဆိုတာ ဖြစ်ရတာကိုးဗျ၊ ဒီအချက်ဟာ ဒီမှာ ကောင်းကောင်း ပေါ်လွင်တယ်။ ဒီမှာ အဋ္ဌကထာဆရာက ထပ်ပြီး ပြောထားတာက 'ရှေးအဖို့၌ ဖြစ်သော နှလုံးသွင်း Choice သည်သာ လိုရင်းဖြစ်တယ်တဲ့၊ အဆော တလျင် ပြောဆိုအပ်သော စကားသည် (ရည်ရွယ်ချက် မပါဘဲ) ပြောရ သောကြောင့်၊ ချွတ်ချော်သဖြင့် (ဝါ) ချွတ်ချော်နိုင်တဲ့ အတွက် သောအာပတ္တိယာ နကရေတဗ္ဗော အာပတ်ကျတယ်လို့ မဆိုနိုင်ဘူးတဲ့၊ ဒီနေရာမှာ ရှေ့စိတ်နဲ့ နောက် စိတ်တို့ဟာ တစ်ခုပျက်စီးမှ တစ်ခုဖြစ်ပုံကို လည်း ရှင်းပြထားတယ်။ ဒါကြောင့် မုသားမပြောမီ ရှေးအဖို့၌ဖြစ်သော စိတ်သာလျှင် ပဓာနကျကြောင်းလည်း ဖော်ပြထားတယ်'

'တကယ့်ကို သိစိတ်ကို ခွဲခြမ်းစိတ်ဖြာပြီး ဝေဖန်သုံးသပ်ထားတာ ပဲနော်၊ လေးနက်လိုက်တာ၊ ကြည်ညိုဖွယ်ကောင်းလိုက်တာပါဘုရား'

'ဟုတ်တယ်၊ မုသားပြောမယ်လို့ ကြံတင်ဖြစ်ပေါ်တဲ့ ရှေ့စိတ်မချုပ် ဘဲနဲ့ နောက်စိတ်မဖြစ်နိုင်ဘူး၊ အကြားမရှိအောင် ဖြစ်ခြင်းကြောင့်သာ တစ်စိတ်ထဲပဲလို့ ထင်ရတာ ဖြစ်တယ်တဲ့၊ ဒါက စေတနာသုံးပါးမှာ ပထမ ပုဗ္ဗစေတနာကိုသာ ပဓာနထားရမယ်ဆိုတာကို ပြတာဖြစ်တယ်၊ နောက် စကားတွေဖြစ်တဲ့

- အယူအဆကို ဖုံးထားလျက်
- နှစ်သက်သဘောတူညီမှုကို ဖုံးထားလျက်
- နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက်
- ရည်မှန်းချက်ကို ဖုံးထားလျက်ဆိုတဲ့ စကားများ (အကြောင်း တရားများ) ဟာလည်း သိပ်ပြီး ဒဿနဆန်တယ်ဗျ။'

'အမိန့်ရှိပါဦး ဘုရား'

'ခင်ဗျားကြည့်။ အယူအဆဆိုတာက Concept, Idea ကိုပြောတာ။ ဒါက သိနားလည်မှုနဲ့ ခံယူချက်ကိုပြောတာ၊ မုသားပြောရာမှာ ခံယူချက်၊ သိနားလည်မှုပါပြီးမှ တမင်တကာ၊ Deliberately ပြောတာ၊ သူများ အကျပ်ကိုင်လို့၊ တိုက်တွန်းလို့၊ ဆွဲဆောင်လို့ပြောတာ မဟုတ်ဘူး။ မိမိ သဘောနဲ့မိမိ လွတ်လွတ်လပ်လပ် ရွေးချယ်ဆုံးဖြတ်ချက်ပါတဲ့ သဘောကို ပြောတာ။ ရည်ရွယ်ချက်ကို ဖုံးကွယ်လျက်ဆိုတဲ့ စကားဟာလည်း မိမိရဲ့ Intention ကိုပြောတာ၊ ဒီပြောဆိုမှုဟာ မရည်ရွယ်ဘဲနဲ့ ပြောတာမဟုတ် ဘူး။ တမင်တကာကိုပဲ မုသားပြောဖို့ ရည်ရွယ်ပြီးမှ ပြောတာဖြစ်လို့လဲ ရွေးချယ်မှုနဲ့ ဆုံးဖြတ်ချက်ပါတယ်။ ဒီအချက်တွေဟာ ပုဗ္ဗစေတနာထဲမှာ (မပြောမီကပင် သိလျက်) ဆိုတဲ့ အထဲမှာ အားလုံး အကျုံးဝင်တယ်။ ဒီလို မဟုတ်မမှန် ပြောဆိုလိုက်ပြီးနောက် 'ဟာ ငါတော့ မဟုတ်မမှန် ပြောမိလိုက်ပြီ၊ ငါမှားသွားပြီလို့ သိလိုက်ရင် တစ်မျိုးဖြစ်မယ်၊ ခုတော့ မဟုတ်ဘူး' ဒီလို မုသားပြောလိုက်ရတာကိုပဲ သဘောတူတယ်။ အလိုကျ တယ်။ နှစ်သက်ရုံမျှမက ဒီလိုပြောလိုက်ရတာကိုပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်တယ်၊ နှစ်သက်တယ်ပေါ့ဗျာ။ ဒါက ပရစေတနာမှာ အကျုံးဝင်တယ်။ ဒါတွေအားလုံးကို ပေါင်းလိုက်ရင် ဒီပုဂ္ဂိုလ်ဟာ မုသားပြောတဲ့အချိန်မှာ အယူဝါဒ ဒိဋ္ဌိကိုလည်းကောင်း၊ နှစ်သက်ခြင်းခန္တိဟိကိုလည်းကောင်း၊ အကြိုက်ရုစိကိုလည်းကောင်း ချထား၊ ဖုံးထားပြီး၊ လှည့်ဖြားပြီး၊ လိမ်လည် ပြီးပြောတာ ဖြစ်တယ်။ ဒါတွေအားလုံးဟာ 'မုသာဝါဒ' ချည်းပဲ ဖြစ်တယ်၊ အဲဒီလို အကြောင်းတရားအားလုံးကို သိလျက် တမင်ကိုပဲ ငါ့မှာမရှိတဲ့ 'ဥတ္တရိမနုဿဓမ္မ' ကို ရှိတယ်၊ ငါရပြီးပြီလို့ မုသားပြောဆိုမှုသာ ပါရာ ဇိက အာပတ်သင့်တယ်၊ ပြောတဲ့အခါမှာလည်း ဥတ္တရိမနုဿဓမ္မကို ငါ ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေသည်၊ ရသည်၊ လေ့လာသည်၊ မျက်မှောက်ပြုအပ်ပြီလို့ပြောရင် ထိုရဟန်း အာပတ်သင့်တယ်၊ ဒါလည်း သိလျက် မဟုတ်မမှန်ပြောမှ ပါရာဇိကအာပတ် သင့်တာပါ၊ ဒီနေရာမှာ ယေဘုယျအားဖြင့် ဈာန်မဂ်ဖိုလ်လို့ စာပေကျမ်းဂန်မှာ ဖော်ပြတာ

များသော်လည်း ဗောဓိပက္ခိယတရား ၃၇ ပါး အားလုံးပါဝင်တယ်။ ငါ လောဘ၊ ဒေါသ၊ မောဟကို စွန့်ပြီးပြီ၊ ငါပယ်ပြီးပြီ၊ ငါလွတ်မြောက်ပြီ စသည်ဖြင့် သိလျက် မဟုတ်မမှန် ပြောဆိုရင်လည်း ပါရာဇိကအာပတ် သင့်တာပဲ။ ဒါပေမဲ့ အခါတစ်ပါးမှာ အရှင်မဟာမောဂ္ဂလန် ကိုယ်တော် မြတ်ကြီးက ဥတ္တရိမနုဿဓမ္မကို ထုတ်ဖော် ပြောဆိုတော်မူတယ်။ ဘုရားက အာပတ် မသင့်ဘူးလို့ မိန့်တော်မူတာလည်း ရှိတယ်။ ဘာကြောင့် အာပတ်မသင့်သလဲ။ ဒါကိုလည်း သိနားလည်သင့်တယ်။

ပြီးတော့ ပါရာဇိကဏ် ပါဠိတော် (မြန်မာပြန်)-၂၁၅ မှာလည်း အောက်ပါအတိုင်း ဖော်ပြထားတာကိုလည်း သိသင့်တယ်။

'အကြောင်းသုံးမျိုးတို့ဖြင့် ပထမဈာန်ကို ဝင်စားပြီဟု ဆိုလိုလျက်၊ ဒုတိယဈာန်ကို ဝင်စားပြီဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်း အား (နားထောင်သူ) သိနားလည်သော် ပါရာဇိကအာပတ်သင့်တယ်၊ (နားထောင်သူ) မသိနားမလည်သော် ထုလ္လစ္စဥ်းအာပတ်သင့်တယ်၊ ဒါ လည်း ဉာဏ်ဝင်စားပြီး နားလည်ရမယ့် ခြွင်းချက်တစ်ခုပဲဗျ'

'ဘယ်လို နားလည်ရမလဲ ဘုရား'

'အဲဒီနေရာမှာ ခေတ်ကာလကိုလည်း ထည့်ပြောရဖို့ အကြောင်းရှိ တယ်၊ ခုခေတ်က ဒါနသီလခေတ် မဟုတ်ဘူးဗျ၊ ဝိမုတ္တိယုဂ၊ ဝိပဿနာ ခေတ် ဖြစ်နေတယ်၊ ဟိုရှေးခေတ်တုန်းကတော့ လူတွေက ဒါန၊ သီလ လောက်ပဲ သက်ဆိုင်သလို နေခဲ့ကြပြီး သမထဝိပဿနာ အလုပ်က ရဟန်း သံဃာအလုပ်လို့ သဘောထားခဲ့ကြတယ်၊ ခုကျတော့ လူတွေက ရဟန်း သံဃာများထက်တောင်မှ ပိုပြီး ဝိပဿနာကို အားသန်စွာ လေ့လာမှတ်သား၊ ကျင့်ကြံပွားများနေတာ တွေ့ရတယ်၊ ဟိုတုန်းက သစ္စာအကြောင်း၊ ဝိပဿနာအကြောင်းကို တရားပွဲမှာ ဟောလို့ ပြောလို့ မရဘူး၊ ပုံတိုပတ်စ၊ ဇာတ်နိပါတ်တွေနဲ့ ဝတ္ထုကြောင်းတွေနဲ့ အသံနေ အသံထားနဲ့ ဟောမှ လူတွေက နာကြတယ်၊ ခုကျတော့ ခေတ် ပြောင်း သွားပြီ၊ ဘုန်းကြီး တောင်ငူကို ရောက်ပြီး ရွှေနှင်းဆီ ဓမ္မာရုံကြီးမှာ

စတရားဟောတော့၊ ရွှေသည် ခေတ်ပညာတတ် ဒကာမကြီးတစ်ဦးက လာပြီး လျှောက်ထားတယ်၊ ခေတ်က ပြောင်းသွားပြီ။ သူတို့က ဝိပဿနာ အကြောင်း၊ မဂ်အကြောင်း၊ ဖိုလ်အကြောင်းပဲ နာချင် ကြားချင်ကြတယ်'

'နာချင်တာတော့ မှန်ပါတယ်၊ သိပ်ပြီး ယုံလို့တော့ မဟုတ်ဘူး ဘုရား၊ သူတို့စိတ်ထဲမှာ မဂ်ဆိုတာရှိလို့လား၊ ဖိုလ်ဆိုတာ ရှိလို့လား၊ နိဗ္ဗာန်ဆိုတာ ရှိလို့လားလို့ သံသယစိတ်ရှိတယ်၊ ဟို တပည့်တော် ကြားဖူးတာ တစ်ခု ရှိတယ်၊ နိုင်ငံခြားသား တစ်ယောက် မြန်မာနိုင်ငံမှာ လာပြီး ရဟန်း ဝတ်ပြီး ၄-၅ နှစ်ကြာအောင် ဝိပဿနာ အလုပ်ကို အားထုတ်တယ်၊ နောက်ဆုံးမှာ သူက အင်္ဂလန်က ဘုန်းကြီး တစ်ပါးထံ စာရေးသတဲ့။

'အင်း၊ အဲဒါ ခေတ်လူတွေ၊ ဗုဒ္ဓဘာသာအပေါ် ယေဘုယျထင်မြင်ချက်ဖြစ်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက အနာဂတဘယသုတ်မှာ ဟောထားသလို မဂ်အကြောင်း၊ ဖိုလ်အကြောင်း၊ လက်တွေ့မပြနိုင်၊ အထောက်အထားမပြနိုင်ဘဲ စာတွေလျှောက်ပြီး ရွတ်ပြနေလို့ကတော့ ဒီတရားတွေကို နာကြတော့မှာမဟုတ်ဘူး၊ ကိုယ်က တရားသဘောကို ခန္ဓာညဏ်ရောက် ပေါက်ပေါက်မြောက်မြောက် အားမထုတ်ဘဲနဲ့ နား ထောင်ကောင်းအောင်လောက်ပဲ ဟောပြောပြီး လာဘ်လာဘကို ရှာနေကြရင်တော့ ဒီနေ့ခေတ် လူငယ်ပရိသတ်၊ ခေတ်ပညာတတ်တွေဟာ ဘယ်တော့မှ ဒီတရားပွဲကို လာနာမှာ မဟုတ်ဘူး'

'ဟုတ်ပါတယ်ဘုရား၊ အရှင်ဘုရား တရားပွဲမှာ တပည့်တော် တွေ့တယ်။ ခေတ်ပညာတတ် ဆရာဝန်တွေ၊ တက္ကသိုလ်ကျောင်းသားတွေ၊ ဆရာတွေ၊ အင်ဂျင်နီယာတွေ၊ အရာရှိကြီးတွေ၊ အမျိုးသားကြီးတွေ တောင် လာနာကြတယ်။ ပြီးတော့ ဘာသာခြားတွေလည်း နာကြတာ တွေ့ရတယ်။ အဲဒါ တရားတော်ကို ခေတ်အမြင် ခေတ်အကြားနဲ့ ခေတ်က လူတွေ နားလည်အောင်၊ ဒဿနဆန်ဆန် ဟောနိုင်လို့ ပဲလို့ တပည့်တော် ထင်တယ်'

'မသိဘူးဗျ၊ ဘုန်းကြီးက တက္ကသိုလ်မှာ ဒဿနိကဆရာ ဖြစ်ခဲ့တော့ တရားတော်ကို ဒဿနနည်းနဲ့ သဘာဝကျကျ နားလည်အောင်

ကြိုးစားတယ်။ ပြီးတော့ တရားဟောကတည်းက ရည်ရွယ်ချက် ကြီးကြီးမားမား ထားပြီးမှ ဟောတယ်'

'ဘယ်လို ရည်ရွယ်ချက်လဲ ဘုရား'

'ဟို အရှင်ဇနကာဘိဝံသ ဆရာတော်ကြီး၊ သင်္ဂြိုဟ်ဘာသာဋီကာနိဂုံးမှာ ပြောထားတာကို နှလုံးသွင်းတယ်၊ ဆရာတော်ကြီးက 'သောတာပန်အစစ် ဖြစ်သူသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မိမိသန္တာန်၌ မကြွင်းကျန်ရအောင် ပယ်နိုင်၏၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိသို့ရောက်သော ယောဂီသည်လည်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ မပယ်နိုင်စေကာမူ အတော်ကြာအောင် ပယ်ခွာနိုင်ပြီ၊ ထိုကြောင့် သောတာပန်နှင့် အလားတူရကားစူဠသောတာပန် အဖြစ်သို့ ရောက်ပြီ 'သောတာပန်အငယ်စား' ဖြစ်ပြီဟူလို။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိတို့ဖြင့် စင်ကြယ်ပြီး တည်တံ့ခိုင်မြဲသောသီလသမာဓိ ရှိရကား ကမ္ပပထမြောက်သော အကုသိုလ်လည်း ဖြစ်ဖွယ်မရှိတော့။ ဤဝိသုဒ္ဓိစခန်းမှ မဆုတ်နစ်လျှင် မဂ်ဖိုလ်ကို မရသေးသော်လည်း၊ ဒုတိယဘဝအတွက် သုဂတိကို ဧကန်ရပေတော့မည်။ ထို့ကြောင့်ယခုလောက် အမြော်အမြင် ရှိသော ဘဝဝယ် အနည်းဆုံး စူဠသောတာပန် ဖြစ်အောင် ကြိုးစားသင့်သည်' ဆိုတဲ့ ဩဝါဒကို နှလုံးသားထဲမှာ စွဲစွဲမြဲမြဲ ခံယူထားတယ်။

**ဝိသုဒ္ဓိ သီလစိတ္တေဟိ၊ ကင်္ခါ ဝိတရဏ ဉာဏိကော၊**

**စူဠသောတာပန္နောနာမ၊ တဒတ္ထံ ဝါယမေတတော။**

ဝိသုဒ္ဓိသီလစိတ္တေဟိ-ညစ်ကြေးမထင်၊ လွန်သန့်စင်သည့်၊ လေးအင်သီလ၊ သမထကြောင့်-တောက်ပလျှံဖိတ်၊ စင်ကြယ်သော စိတ်တို့နှင့်တကွ၊ ကင်္ခါဝိတရဏ ဉာဏိကော-ဒိဋ္ဌိ ဝိစိကိစ္ဆာ၊ ပယ်ခွာနိုင်ဘိ၊ ဝိသုဒ္ဓိဉာဏ် အမြင်သန်သော ယောဂီသည်၊ စူဠသောတပန္နောနာမ-သောတာပန်ဖြစ်၊ ပုဂ္ဂိုလ်စစ်နှင့်၊ စနစ်တူတန်၊ စူဠမှန်သည့် သောတာပန်မည်နိုင်ပေပြီ၊ တတော-ထိုကြောင့်၊ တဒတ္ထံ- ထိုစူဠသောတာပန် ဖြစ်စိမ့်ငှာဖြင့်၊ ကင်္ခါ လွန်မြောက် ဝိသုဒ္ဓိရောက်ဖို့ အကျိုးငှာ၊ ဝါယမေ- အချိန်ကောင်းဆဲ အားကုန်လွဲ၍၊ တပွဲတလမ်း လွန်းကြိုးပမ်းလျက်၊ စမ်းသပ်အားထုတ်

သင့်ပေတော့သတည်း။[၁] ဆိုတဲ့ အဆုံးအမအပြင်၊ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးရဲ့ အဆုံးအမကိုလည်း ဝိပဿနာ ဆရာတစ်ဦး အနေနဲ့ ဦးထိပ်ပန်ထားတယ်'

'ဆရာတော်ကြီးက ဘယ်လိုမျှား ဆုံးမထားလို့လဲ ဘုရား'

'မဟာစည်ဆရာတော်ဘုရားကြီးက အမှန်တော့ သံသရာဝဋ်ဆင်းရဲ အပါယ်ဆင်းရဲမှ လွတ်မြောက်ချင်လို့ မဂ်ဖိုလ်တရားစစ် တရားမှန်ကို ရချင်လို့ မိမိကို ယုံကြည်အားကိုးပြီး လာရောက် အားထုတ်ကြတဲ့ သူများကို မဂ်ဖိုလ်တရားထူး အစစ်အမှန်ရသွားအောင် ညွှန်ပြပေးဖို့ဟာ အလွန် အရေးကြီးတယ်တဲ့'[၂]

'ဆရာတော်ကြီးများရဲ့ စေတနာကတော့ မွန်မြတ်ပါတယ်။ ဒီနေ့ခေတ် လူတွေက ဒါနသီလကိုထက် ဝိပဿနာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အားသန်နေကြတာ အမှန်ပဲလေ၊ ဒါပေမဲ့ သူတို့ရင်ထဲမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုတာကို လက်တွေ့ မျက်မှောက်ပြုဖို့ကျတော့ အလှမ်းဝေးသလို ဖြစ်နေကြရတယ်၊ အဲဒီတော့ နိုင်ငံခြားသား ရဟန်းတစ်ပါး ပြောသလို မဂ်ဖိုလ်ဆိုတာ စာထဲမှာပဲ တွေ့ရပြီး၊ ခန္ဓာမှာ မတွေ့ရဘူး ဖြစ်နေတယ်၊ ဒီလို လက်တွေ့မဖြစ်ဘဲ စာထဲကဟာတွေ လျှောက်ပြောနေလို့ကတော့ ဒီခေတ်ကလူတွေက ယုံရခက်ကြီး ဖြစ်နေတာပေါ့ဘုရား'

'ဟုတ်ပါတယ် ဒကာကြီး၊ တရားနာပရိသတ်က တရားဟောပုဂ္ဂိုလ်ကို မယုံကြည်ဘူး၊ ဒီပုဂ္ဂိုလ်လည်း ကိုယ်တိုင်မသိဖူး၊ မတွေ့ဖူးတာတွေကို လာပြီး ဖြီးဖြန်းနေတယ်လို့ ထင်နေလို့ကတော့ ဘယ်တော့မှ ဒီတရားကို လက်ခံမှာ မဟုတ်ပါဘူး၊ ဒီတော့ ဝိပဿနာဆရာများ အနေနဲ့ ပရိသတ် ယုံကြည် လက်ခံနိုင်လောက်အောင် သက်သေ အထောက်အထားနဲ့ ပြပြီး ဟောမှရတယ်၊ ဒါကို တချို့ပုဂ္ဂိုလ်တွေက နားမလည်ဘူး၊ သဘော မပေါက်ကြဘူး ဒကာကြီးရဲ့'

[၁] အရှင်ဇနကာဘိဝံသ-သုတ္တြိုဟ်ဘာသာဋီကာ-နှာ ၆၉၆

[၂] ဝိနယဝိနိစ္ဆယ သင်္ဂဟ - မဟာစည်ဆရာတော်-နှာ ၂၁၈

'သဘောမပေါက်ကြတာ မဟုတ်ပါဘူး ဘုရား။ သူတို့က ဘာမှ တရားရအောင် အားမထုတ်ဘဲနဲ့ လုပ်စားနေကြတာဆိုတော့ တကယ် လုပ်၊ တကယ်သိ၊ တကယ်ရထားတဲ့ပုဂ္ဂိုလ်ကို ပရိသတ်က လက်ခံသွား ရင် သူတို့အတွက် စားကျက် ကျဉ်းသွားမှာစိုးတာပါ ဘုရား'

'ဒါတော့ ဘုန်းကြီး မသိဘူး။ ဘုန်းကြီး ထင်တာကတော့ မဂ် အကြောင်း၊ ဖိုလ်အကြောင်း တရားထဲ ထည့်ပြောရင်ပဲ တစ်ခါတည်း ပါရာဇိကကျပြီလို့များ အောက်မေ့နေလို့လား ထင်တယ်'

'ဒါက အရှင်ဘုရားက ရိုးရိုးစင်းစင်းထင်တာ၊ အရှင်ဘုရားသိလား'

'ဘုန်းကြီးလည်း ကြားတော့ ကြားပါတယ်၊ ဒါပေမဲ့ ဝဋ်ရှိလို့ ပေးဆပ် ရတာလို့ သဘောထားတယ်၊ ဒီလိုပြောဆိုရေးသားကြလို့လဲ ဘုန်းကြီး မှာ ထိခိုက်နစ်နာစရာ မရှိဘူး'

'တပည့်တော်တို့ကတော့ မခံနိုင်ဘူး'

'ဒါက ငါစွဲမပြုတ်သေးတဲ့လူတွေမှာ ဖြစ်တတ်တဲ့ ဓမ္မတာပါ၊ ငါစွဲ ရှိတော့ သူက ငါ့ကို အပုပ်ချတယ်၊ ငါ့ကို အကြည်အညိုပျက်အောင် ချတာ စသည်အားဖြင့် စဉ်းစားတယ်၊ ဒီလို စဉ်းစားတဲ့အခါ အလိုလို ဒေါမနဿတွေ ဖြစ်လာတာပေါ့ ဒကာကြီး၊ ဗုဒ္ဓဘာသာကို နှစ်နှစ် ကာကာ ယုံကြည်သက်ဝင်တဲ့လူကျတော့ ဒီလိုမစဉ်းစားဘူး၊ သြော် ကံ ကံ၏ အကျိုးပဲဖြစ်မယ်၊ ဒီဘဝမှာ သူနဲ့ကိုယ် ဘာမှ အငြိုးအတင် မရှိပါဘဲ လျက် သူ့စိတ်ထဲမှာ ဝေဖန်ပုတ်ခတ် ပြောဆိုချင်လာတာ အကြောင်းမဲ့ မဖြစ်ဘူး၊ ဒါ ဝိပါကဝဋ်လည်တာပဲဖြစ်တယ်၊ ရှေးဘဝ တစ်ခုမှာ ကိုယ်က သူ့ကို ဒီလို နှိပ်စက်ကလူ ပြုခဲ့မိပေလိမ့်မယ်။ ဒီလို ကမ္မဿကတာသမ္မာ ဒိဋ္ဌိဉာဏ်နဲ့ ဆင်ခြင်လိုက်နိုင်ရင် ဒီလို ပုတ်ခတ်တာကို ခံလိုက်ဖို့ ဝန်မလေးတော့ဘူး၊ ဝဋ်ကြွေးတစ်ခုကို ကျေအောင် ပေးဆပ်လိုက်ရပြီ ဆိုပြီး စိတ်ထဲမှာ ကြည်လင် ရွှင်လန်းသွားပါတယ်။ ဒကာကြီး အပြစ် တင်စရာရှိရင် ဘယ်သူ့ကိုမှ အပြစ်မတင်နဲ့။ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ် တင်ဆိုတာ မြတ်ဗုဒ္ဓရဲ့ သဘောထားပဲလေ။ လူတွေရဲ့ အထင်မှာ ငါက

ကောင်းတာတွေ လုပ်နေရက်နဲ့ အပြစ်တင်ခံရတယ်လို့ပဲ တွေးတတ်ကြတယ်။ ဒါက မျက်မှောက်ကံနဲ့ မဆိုင်ဘူး၊ အတိတ်ကံနဲ့ပဲ ဆိုင်တယ်။ ပြောကြပါစေ ဒကာကြီး၊ ဒေါသမဖြစ်နဲ့၊ စိတ်မနာပါနဲ့၊ သည်းခံလိုက်ပါ။ အသိနဲ့ယှဉ်ပြီး ခွင့်လွှတ်ပါ၊ ဒါဆို မေတ္တာသဟာဂတေန ဖြစ်သွားတာပေါ့။ ဒကာကြီးတို့ ကြည့်နေပါ၊ ဒီဝေဖန်သံတွေဟာ ကြွေးကျေအောင် ဆပ်ပြီးတဲ့အခါ ပြောကြပါဦး၊ ဆိုကြပါဦး ဆိုရင်တောင်မှ မပြောကြတော့ပါဘူး။ ဒါဟာ ဗုဒ္ဓဘာသာကို ဘဝမှာလက်တွေ့ ကျင့်သုံးတာပဲလေ'

'အင်း. . . အရှင်ဘုရား ခံယူထားပုံ ကြားရတော့၊ တပည့်တော် စိတ်ထဲပေါ်လာတာ ပြောရဦးမယ်၊ ဪ ဗုဒ္ဓစာပေတွေ ဖတ်တတ်တိုင်းလည်း၊ တရားမသိပါကလား၊ တရားမရှိကြပါကလား၊ တရားရှိတဲ့လူနဲ့ တရားမရှိတဲ့လူများ ကွာခြားလိုက်တာလို့ ခံစားနားလည်ရပါတယ် ဘုရား'

'အဲဒါ ဒကာကြီးမှာ ကမ္ဘသဏ္ဍာတသမ္မာဒိဋ္ဌိ ဉာဏ်အမြင်တစ်ခု ရလိုက်တာပဲလေ၊ စင်စစ်တော့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်တွေထဲမှာ ဗုဒ္ဓဘာသာကို လက်တွေ့ဘဝမှာ ယထာဘူတကျကျ အသုံးမချတတ်၊ အဓိပ္ပာယ် မဖွင့်ဆိုတတ်လို့ လွဲချော်နေကြတာပဲ ဒကာကြီး၊ မြတ်ဗုဒ္ဓရဲ့ တရားဓမ္မတွေထဲမှာ အနှစ်သာရက ဘာလဲဆိုတော့ လွတ်လပ်ခွင့်ကို တန်ဖိုးထားမှုပဲဗျ၊ ဘယ်တရားကိုမှ လှေနံဓားထစ်၊ တရားသေ မမှတ်ရဘူး။ ဘုရားရှင်ဟာ ဘယ်သူ့ကိုမှ ချုပ်ချယ်လိုခြင်း ဆန္ဒအလျဉ်းမရှိဘူး။ ဒါကြောင့် ဝိနည်းတော်တွေဟာလည်း မလှုပ်သာ မလှဲသာအောင် တုတ်နှောင်ချည်ဖွဲ့ထားတဲ့ တရားတွေ မဟုတ်ကြဘူး။ အရေးအကြီးဆုံးဖြစ်တဲ့ ပါရာဇိက သိက္ခာပုဒ်တွေကို ပညတ်ရာမှာတောင် မိမိရဲ့ လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ခွင့်ကို ပဓာနထားတယ်။ ပြောခဲ့ပြီးပြီ။ ပါရာဇိက သိက္ခာပုဒ်တွေကို စက်ပြတ် 'ခဏ္ဍစက်' စက်ဝိုင်း၊ 'ဗဒ္ဓစက်' ဟောကြားတော်မူရာမှာပင်လျှင် 'အကြောင်း သုံးမျိုးတို့ဖြင့်' ဆိုတဲ့ စကားကို ထပ်ခါတလဲ သုံးစွဲပြီး ဟောတော်မူတယ်။ အကြောင်းသုံးမျိုးတို့ဖြင့် ဥတ္တရိမနုဿဓမ္မကို

သိလျက် မဟုတ်မမှန် ပြောသောရဟန်းအား (နားထောင်သူက) သိနားလည်မှ ပါရာဇိကကျတယ်။ နားထောင်သူက ချက်ချင်း နားမလည်၊ (နောက်မှ စဉ်းစားပြီး နားလည်ရင်တောင်) ပါရာဇိက မကျဘူး။ ထုလ္လစ္စဉ်းအာပတ်ပဲ သင့်တယ်လို့ ခြွင်းချက်ထားပြီး ဟောတော်မူတယ်။ ပြီးတော့ အဓိမာန အနာပတ်၊ အနုလ္လပနာဓိပ္ပါယအနာပတ်' ဆိုပြီးလည်း အာပတ်မကျတဲ့ ခွင့်ပြုချက်တွေလည်းရှိတယ်၊ ကြွားလိုစိတ် မရှိရင်လည်း ပြောအပ်သော စကားမှာ မရသေးတဲ့ အရဟတ္တဖိုလ်ကို ပြောသလို ဖြစ်နေသော်လည်း မရသေးသော အရဟတ္တဖိုလ်ကို ရပြီဟု ပြောသည် မဟုတ်[၁] ဆိုပြီး မဂ်ဖိုလ်နဲ့စပ်တဲ့ စကားတွေကို ပြောရတဲ့ ပုဂ္ဂိုလ်တွေကို လွယ်လွယ်ကူကူ မစွပ်စွဲနိုင်အောင် ခြွင်းချက်တွေထားပြီး ဟောတော်မူတယ်။ ဒီလိုပဲ စကား ပရိယာယ်နဲ့ 'သင်၏ ကျောင်းမှာနေတဲ့ ရဟန်းသည် ပထမဈာန်ကို ဝင်စားခဲ့ပြီ' လို့ သွယ်ဝိုက်ပြီး ပြောလို့ရှိရင် နားထောင်သူက ဒါ သူ့ကိုယ်သူ ပြောတာပဲလို့ နားလည်ရင် ထုလ္လစ္စဉ်း အာပတ် သင့်တယ်၊ နားမလည်ရင်တော့ ဒုက္ကဋ်အာပတ်ပဲသင့်တယ်၊ ဒါကိုတော့ ကျမ်းဂန်မှာ ဥတ္တရိမနုဿဓမ္မ စက်မြှုပ်ဆိုပြီး ပြထားတယ်၊ 'ပြီးတော့လည်း အထင်ကြီးခြင်း 'ရနိုးခြင်း' ဖြင့် မဝါကြွားလိုသော ရဟန်း (သည်းခြေပျက်၍) ရူးသော ရဟန်း၊ (ဘီလူး ဖမ်း၍) စိတ်ပျံ့လွင့်သော ရဟန်း၊ ဝေဒနာဖိစီးသောရဟန်း၊ အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ်မသင့်ဘူးလို့လည်း ခြွင်းချက်များ ထားတော်မူတယ်'

'တပည့်တော်တို့ ဗဟုသုတအများကြီး ရပါပြီ ဘုရား၊ ဒါနဲ့ စောစောက အရှင်ဘုရား မိန့်တဲ့အထဲမှာ အရှင်မဟာမောဂ္ဂလန် ဥတ္တရိမနုဿဓမ္မကို ပြောဆိုပေမယ့် အာပတ်မကျဘူးလို့ ပြောသွားသလားလို့ အောက်မေ့ပါတယ်၊ ဟုတ်ပါသလား ဘုရား'

'ဟုတ်တယ် ဒကာကြီး၊ အာပတ်မကျကြောင်း ဘုရားခွင့်ပြုတော်မူထားတဲ့ 'ဝိနီတ ဝတ္ထုဖြတ်ထုံးများ' ရှိတယ်'

'တပည့်တော်တို့ ဗဟုသုတအလို့ငှာ အမိန့်ရှိပါ ဘုရား'

[၁] ပါရာဇိကဏ်ဘာသာဋီကာ - နှာ - ၄၅၈

၂၂၃။ တရံရောအခါ ရဟန်း တစ်ပါးသည် အထင်ကြီးခြင်း 'ရန်းခြင်း' ဖြင့် အရဟတ္တဖိုလ်ကို ပြောဆိုမိ၏။ 'မြတ်စွာဘုရားသည် သိက္ခာပုဒ်တော်ကို ပညတ်တော်မူအပ်ပြီ။ ငါသည် ပါရာဇိက ကျလေသလား' ဟု ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ ထိုအခါ ထိုရဟန်းသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။ 'ရဟန်း၊ အထင်ကြီးခြင်း၊ ရန်းခြင်းဖြင့် ပြောဆိုသော ရဟန်းအား အာပတ်မသင့်' ဟု (မိန့်တော်မူ၏)။ (၁)

တရံရောအခါ ရဟန်းတစ်ပါးသည် 'ဤသို့နေလျှင် ငါ့ကို လူအများသည် ချီးမွမ်းလိမ့်မည်' ဟု မျှော်လင့်တောင့်တ၍ တော၌နေ၏။ ထိုရဟန်းကို လူအများသည် ချီးမွမ်းမြှောက်စား၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ ပ ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။ ရဟန်း၊ ပါရာဇိက အာပတ်မသင့်။ သို့သော်လည်း ရဟန်းတို့၊ မျှော်လင့်တောင့်တ၍ တော၌ မနေအပ်၊ နေသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏ဟု (မိန့်တော်မူ၏) (၂)

'ဒီမှာ သိပ်ပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ ကိစ္စတစ်ရပ် ရှိခဲ့ဖူးသည်။ တစ်ရံရောအခါ ရဟန်းတစ်ပါးသည် ရဟန်းတစ်ပါးကို 'ငါ့ရှင်၊ ငါတို့၏ ဥပဇ္ဈာယ်ဆရာ၏ အတူနေတပည့်တို့သည် ရဟန္တာချည်းဖြစ်ကြသည်' ဟု ပြောဆို၏။ ထိုရဟန်းအား တွေးတောမှု သံသယကုက္ကုစ္စဖြစ်၏။ ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

- ရဟန်း၊ သင်သည် အဘယ်စိတ်ရှိသနည်း။ (ဟု မေးတော်မူရာ)

မြတ်စွာဘုရား၊ တပည့်တော်သည် ဝါကြွားလိုစိတ်ရှိပါသည်ဟု လျှောက်ထား၏။

- ရဟန်းပါရာဇိက အာပတ်မသင့်၊ ထုလ္လစ္စဥ်းအာပတ်သင့်၏ဟု (မိန့်တော်မူ၏)

'ဒီမှာ ဝါကြွားချင်လို့ ပြောမိတာပါလို့ ဝန်ခံတဲ့ ပုဂ္ဂိုလ်တောင် ပါရာဇိက အာပတ်မကျ၊ စိတ်ထားစေတနာကို ဘုရားက ပထမစုံစမ်းပုံကို ဒကာကြီးတို့ သတိပြုသင့်တယ်။ ဒါပေမဲ့ ရဟန်းတစ်ပါးဟာ သွယ်

ဝိုက်မပြောဘဲ ကိုယ်နှင့်ကပ်ပြီး ဥတ္တရိမနုဿဓမ္မကို 'ငါ့ရှင်၊ ငါလည်း သံယောဇဉ်ကို ပယ်အပ်ပြီလို့ ပြောတော့ ဘုရားသခင်က ပါရာဇိကကျပြီ လို့ မိန့်တော်မူတယ်။ (၁၀)

- တစ်ခါကတော့ ရဟန်းတစ်ပါးဟာ ဆိတ်ကွယ်ရာသို့ ကပ်၍ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန် မဂ်ဖိုလ် တရားကို 'ဝါကြွားပြောဆို' ၏။ သူတစ်ပါး စိတ်ကို သိသော ရဟန်းသည် ထိုရဟန်းကို ငါ့ရှင် ဤသို့ သဘောရှိသော စကားကို မပြော ဆိုပါလင့်၊ သင့်မှာ ထိုတရားမျိုးမရှိဟု မောင်းမဲ၏။ ထိုရဟန်းစိတ်မှာ သံသယကုက္ကုစ္စ ဖြစ်ပြီး၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက် ထား၏။ ရဟန်း ပါရာဇိကအာပတ်မသင့်။ ဒုက္ကဋ်အာပတ်သင့်၏ဟု (မိန့်တော်မူ၏) (၁၁)

'ဒီမှာ ဝါကြွားလိုစိတ်မရှိလျှင် အာပတ်မသင့်ဘူးဆိုတဲ့ ဝတ္ထုတွေ လည်း ရှိတယ်၊ တရံရောအခါ ရဟန်းတစ်ပါးသည် မကျန်းမမာ ဖြစ်နေ ၏၊ ထိုရဟန်းကို ရဟန်းတို့သည် 'အရှင်ဘုရား၌ လူတို့၏ ကုသိုလ် ကမ္မပထ တရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား ရှိပါသလော' ဟု မေးကြကုန်၏။

ငါ့ရှင်တို့ အရဟတ္တဖိုလ်ကို ဖြေဆိုဖို့ရာ မခဲယဉ်းပါဟု ဖြေဆို၏။ 'မြတ်စွာဘုရား၏ တပည့်သာဝကတို့သည်သာ ဤသို့ပြောဆိုနိုင်ကုန်၏။ ငါတစ်မူကား မြတ်စွာဘုရား၏ တပည့်သာဝကမဟုတ်ချေ။ (ထိုမကျန်း မာသော ရဟန်း၏စိတ်ထဲတွင် အရိယာပုဂ္ဂိုလ်သာလျှင် ဘုရားတပည့် ဖြစ်သည်ဟု အယူရှိသည်) ငါသည် ပါရာဇိက ကျသလောဟု ရဟန်းအား တွေးတောမှု သံသယကုက္ကုစ္စဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်း ကို လျှောက်ထား၏။

ရဟန်း အသင်သည် အဘယ်စိတ်ရှိသနည်းဟု (မေးတော်မူရာ) မြတ်စွာဘုရားတပည့်တော်မှာ ဝါကြွားလိုစိတ်မရှိပါဟု လျှောက်ထား၏။ ရဟန်း၊ ဝါကြွားလိုသောစိတ် မရှိသော ရဟန်းအား အာပတ်မသင့်ဟု (မိန့်တော်မူ၏) (၁၅)

'ဝါကြွားလိုစိတ်မရှိသော ရဟန်းအား အာပတ် မသင့်ကြောင်း အဆုံး အဖြတ်တွေအများကြီးရှိတယ် ဒကာကြီး။ ပြီးတော့ လူတွေက ရဟန်းကို ကြည်ညိုလို့ ရဟန္တာအရှင်မြတ်များလို့ ခေါ်ဝေါ် ပြောဆိုလျှင် လည်း ဘုရားက အာပတ်မသင့်ပါဘူးတဲ့။ ဒကာကြီးမေးတဲ့ အရှင်မဟာ မောဂ္ဂလာန်နဲ့ အရှင်လက္ခဏတို့ဟာ ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေခဲ့ ကြတယ်။ မြတ်စွာဘုရားကတော့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ သီတင်းသုံး နေတော်မူတယ်။ တစ်နေ့ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော် မြတ်ကြီးတို့ မြတ်စွာဘုရားကို ဖူးဖို့ တောင်ပေါ်က ဆင်းလာတော့၊ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက ပြုံးရယ်တော်မူတယ်။ အရှင် လက္ခဏက ကိုယ်တော် ဘာကြောင့် ပြုံးရယ်တာလဲလို့ မေးတော့၊ မြတ်စွာ ဘုရား ရှေ့မှောက်ကိုရောက်မှ မေးပါလို့ မိန့်တယ်။ အရှင်လက္ခဏက လည်း ဘုရားသခင်ရှေ့ရောက်မှ မေးတယ်။ အရှင်မဟာမောဂ္ဂလာန်က ကောင်းကင်မှာ သွားလာနေတဲ့ အရိုးစု ပြိတ္တာကိုမြင်ပုံ၊ ကျီးငှက်စွန်ရဲတို့က နံရိုးကြားမှ အသားတွေကို ထိုးဆိတ်နေကြလို့ ပြိတ္တာများ နာကျင်ပြီး အော်ဟစ် နေကြောင်းကို ပြောတယ်။ ရဟန်းများက အရှင်မဟာ မောဂ္ဂလာန်သည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်တဲ့ ဈာန်မဂ်ဖိုလ် (အဘိညာဉ်တရား) ကို ဝါကြွားပြောဆိုတယ် ဆိုပြီး ကဲ့ရဲ့ကြတယ်။ အပြစ် ဆိုကြတာပေါ့ဗျာ။ မြတ်စွာဘုရားက ရှင်မဟာမောဂ္ဂလာန်ပြောတဲ့ ပြိတ္တာကို ငါလည်း မြင်ဖူးပြီ၊ ရှင်မဟာ မောဂ္ဂလာန်သည် အမှန်ကို ပြောခြင်း ဖြစ်သည်၊ အာပတ်မသင့်ဘူးလို့ ဆုံးဖြတ်ခဲ့တယ် ဒကာကြီး၊ ဒီနေရာမှာလည်း အရှင်မဟာမောဂ္ဂလာန်က မြင်တာ ကြားတာကို သာမန် ပုထုဇဉ်ရဟန်းတွေက မမြင်မကြားလို့ ဝါကြွားတယ်ထင်ကြတာ၊ ဘုရားက သက်သေခံလို့သာ အမှန်ဖြစ်ကြောင်း ထင်ရှားတယ်။ ရှင်မဟာမောဂ္ဂလာန်က အမှန်ကို ပြောလို့ အာပတ်မသင့် ကြောင်း ဘုရားသခင် မိန့်တော်မူတယ်၊[၁] ဒကာကြီးလည်း ဗဟုသုတတွေ နဲ့အတူ ချင့်ချိန်စဉ်းစားစရာတွေ ရလောက်ပြီ လို့ထင်တယ်'

[၁] ပါရာဇိကဏ်ပါဠိတော်မြန်မာပြန် - နှာ - ၁၄၂ - ၁၅၃

'ဟာ၊ ရဆိုခုမှပဲ ဗုဒ္ဓဘာသာကို လေ့လာတဲ့အခါ ဉာဏ်သိနဲ့ လေ့လာတတ်ဖို့လိုတယ်၊ တုံးတိယူလို့ မရပါကလားဆိုတာကို သိမြင်လာပါတယ်ဘုရား'

'ဝိဘဇ္ဇဝါဒဆိုတာ ပိုင်းခြားဝေဖန် သုံးသပ်ပြီးမှ ယထာဘူတကျတယ်၊ သမ္မာဒိဋ္ဌိ အမြင်ကို ရနိုင်တဲ့ သဘောဖြစ်တယ်။ ဗုဒ္ဓဘာသာမှာ ပိတ်ဆို့ထားတာ၊ ကွယ်ဝှက်ထားတာ မရှိပါဘူး၊ နက်နဲလို့ မိမိဉာဏ်မမီတာတော့ ရှိနိုင်ပါတယ်၊ ကဲ ကျေနပ်ပြီလား'

'အရှင်ဘုရားကို ကျေးဇူးလည်း အထူးတင်မိပါတယ်ဘုရား၊ အရှင်ဘုရား စိတ်ရှည်ပြီး သည်းခံနိုင်တာလည်း ထူးခြားပါတယ်ဘုရား၊ အောင်တော်မူမြတ်စွာဘုရားလည်း ခန္တီမေတ္တာနဲ့ ရန်အားလုံးကို အောင်နိုင်ခဲ့တာပါဘုရား၊ အရှင်ဘုရား၊ အသက်ရှည်ကျန်းမာစွာ သာသနာ့အကျိုး သယ်ပိုးနိုင်ပါစေ၊ တပည့်တော်တို့ကို ခွင့်ပြုပါ၊ ဦးတင်ပါတယ် ဘုရား'

'အေး၊ ကောင်းပြီ၊ နေဦး စကာလက်ဆောင်ကလေး ပေးလိုက်ဦးမယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အဆုံးအမထင်တယ်။

သာသနာ့အကျိုး ရွက်သယ်ပိုးက
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း
မငဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်၊ ခရီးနှင်ပါတဲ့။ ဒါပဲ ဒကာကြီး'

× × ×

စာဖတ်ပြီးသောအခါ ဒကာ ကိုငြိမ်းဆွေက မေးသည်။ 'ဒီဆောင်းပါးကို အရှင်ဘုရား ဘယ်လို သဘောရသလဲ'

'သဘော သုံးမျိုးရတယ်၊ ၁။ သူစာမှာ ပါသလို မေတ္တာ၊ စေတနာ တစ်စုံတစ်ခုနှင့် ရေးတာဖြစ်နိုင်တယ် ၂။ ဒီလို ရေးလိုက်တဲ့အတွက် ခုဘုန်းကြီးစိတ်ထဲမှာ စာတစ်အုပ် ရေးချင်စိတ် ဖြစ်ပေါ်သွားလို့ သူ့ကို ကျေးဇူးတင်တယ် ၃။ ကတော့ ပထမ ဆောင်းပါးရှင်က ဘုန်းကြီးတိတ်ခွေကို ကိုယ်တိုင် မနာကြားဘဲ သူများ တစ်ဆင့်စကားနဲ့ ဆောင်းပါးတစ်ပုဒ် ရေးဖြစ်ချင်တဲ့ စိတ်ဇောသန်ပြီး ရေးတာဖြစ်ပြီး ဒီကိုယ်တော်

မုံရွေး ဦးပညာကျတော့ တစ်ဆင့်စကား မဟုတ်ဘူး၊ နှစ်ဆင့်စကားနဲ့ ဆောင်းပါး ရေးချင်ဇောသန်ပြီး ရေးတာဖြစ်တယ်လို့ စာရေးဆရာ တစ်ယောက် အနေနဲ့ ခံစားလိုက်ရတယ်၊ မဂ်အကြောင်း ဖိုလ်အကြောင်း ကို ဝိပဿနာသမား၊ အလုပ်ပေး တရားပြ ပုဂ္ဂိုလ်တစ်ယောက် အနေနဲ့ လူပရိသတ်ကို ယုံကြည်မှု သဒ္ဓါတရား ပွားများအောင် ပြောသင့် ပြောထိုက်သလို ပြောရတာ ရှိပါတယ်။ သိပ္ပံခေတ်က ခေတ်ပညာတတ် လူငယ် လူလတ်တွေ စိတ်ထဲမှာ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကြီးပွား ရေးနှင့်ချည်း ဘဝရဲ့ နေ့ရက် အချိန်ကာလတွေ အားလုံးကို အကုန်မခံ ဘဲနဲ့ အသေမဦးခင် ဉာဏ်ဦးအောင် လုပ်နိုင်မှသာ ပရမတ္ထဗုဒ္ဓဘာသာ အစစ်၊ အနည်းဆုံး သောတာပန်ဖြစ်အောင်၊ ယုတ်စွအဆုံး စူဠ သောတာပန် ဖြစ်အောင် လုပ်ဖို့အရေးဟာ လူဖြစ်တဲ့ ဘဝမှာ ဉာဏ် အမြော်အမြင် ရှိသူတိုင်းရဲ့ မလုပ်မဖြစ် လုပ်သင့်တဲ့ ကိစ္စ ဖြစ်ကြောင်း၊ ယုံကြည်အောင် ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ်ဆည်းကပ်လာသူ တစ်ယောက် ဖြစ်ခဲ့တဲ့ မိမိရဲ့ ဘဝအတွေ့အကြုံတွေကို ယုံကြည် အားကျပြီး ကြိုးပမ်းချင်စိတ် ဖြစ်ပေါ်လာအောင် ပြောတာကို၊ 'ပါပိစ္ဆာ' အလိုဆိုးနဲ့ ပြောတာပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်ရင်တော့ ဘုန်းကြီးက ဘာမျှ ပြောစရာ မရှိပါဘူး၊

ဒီမှာ၊ ဒါ သာသနာရေးဦးစီးဌာနက ဝိနည်းအကြောင်းကို လူတိုင်း လူတိုင်း နားလည်လွယ်အောင် နောက်ဆုံးထုတ်ထားတဲ့ 'ရဟန်း ကျင့်ဖွယ်၊ ၂၂၇ သွယ်' ဆိုတဲ့ ကျမ်းပဲ ဒကာကြီး၊ ဒီမှာ စာမျက်နှာ ၆၄ မှာ ဖော်ပြထားတာ ကြည့်စမ်း'

• 'မိမိ ကမ္မဋ္ဌာန်းထိုင်ရာ၊ ဝိပဿနာရှုရာ၌ တွေ့ရှိချက်များကို လူ သာမဏေအား မပြောရ၊ မိမိ ဆရာသမားအား ဖွင့်ဟ ပြောနိုင်ခွင့်ရှိ သည်။ မိမိနှင့် အလားတူ တရားအားထုတ်နေသူ ရဟန်း အချင်းချင်း ဖွင့်ဟ ပြောခွင့်ရှိသည်။

ဝါကြွားလိုစိတ်ဖြင့် မပြောရ၊ ထိုစကားကို ပြောခြင်းကြောင့် တရားအားထုတ်သည့် အဖော်ဖြစ်သူ ဓမ္မမိတ်ဆွေ ရဟန်းအား သဒ္ဓါတရား ထက်သန်စေလိုသော စေတနာဖြင့် ပြောခွင့်ရှိသည်' တဲ့။

ဒီကိစ္စမှာ စဉ်းစားစရာက ရဟန်းအချင်းချင်းကိုတော့ ပြောနိုင်တယ်။ လူသာမညကိုတော့ မပြောပါနဲ့လို့ ပိုင်းခြားထားတာ အကြောင်းရှိတယ်။ ရှေးတုန်းက လူသာမညက ဝိပဿနာအလုပ်နဲ့ အလှမ်းဝေးတယ်။ ဝိပဿနာ ဓူရကို ရဟန်းတော်များသာ အချို့ ကျင့်ကြံအားထုတ်ကြတယ်။ အများကတော့ ဂန္ထဓူရကိုပဲ အားထုတ်တာ များတယ်။ ဒါကြောင့် ဝိပဿနာ အကြောင်းနဲ့ မစပ်ဆိုင်သလို ဖြစ်နေတဲ့ လူသာမန်တွေကို လောကုတ္တရာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ဝိဇ္ဇာဉာဏ်၊ အဘိဉာဏ်တွေ အကြောင်းကို သွားပြောရင် ဝါကြွားသလိုဖြစ်တယ်။ အထင်ကြီးအောင် ပြောသလို ဖြစ်တယ်။ ခုခေတ်မှာတော့ ဝိပဿနာကမ္မဋ္ဌာနာစရိယကလည်း လူပုဂ္ဂိုလ် ဖြစ်နေနိုင်တယ်။ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ယောဂီတွေကလည်း လူသာမန်တွေပဲ များတယ်။ ဘုန်းကြီးရဲ့ အလွတ်သင် အခြေပြု ဝိပဿနာ သင်တန်းတရားကလည်း ဝိပဿနာ အခြေခံမရှိသေးတဲ့ လူသာမန် ပရိသတ်ကို အောက်ဆုံး ဉာတပရိဉာဏ် ရအောင်၊ ခန္ဓာ အာယတန၊ ဓာတ်၊ သစ္စာ ပဋိစ္စသမုပ္ပါဒ်တရားတွေကို ဟောပြောပို့ချတာ၊ သင်တန်းသဘောနဲ့ သင်ကြားပေးတာ။ ဒီတရားတွေကို နာကြားကြရတဲ့အခါ ဒီလူပရိသတ်ရဲ့ ရင်ထဲမှာ သံသယဆူးညှောင့်ရှိတယ်။ သံသယက ၃ မျိုးရှိတယ်။

(၁) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဆိုတာ ရှိသလား။

(၂) ရှိရင် ဘယ်လိုနည်းနဲ့ သိနိုင်သလဲ။

(၃) တကယ်သိတဲ့လူ၊ တကယ်တွေ့တဲ့လူကော ရှိလို့လားဆိုတာပဲ ဒကာကြီး။

ဒီစိတ္တဗေဒအခြေခံကို သိနားလည်တဲ့ တရားပြ ကမ္မဋ္ဌာနာစရိယဟာ ယောဂီရဲ့စိတ်ထဲက သံသယကို အဆင့်သုံးဆင့်နဲ့ ပယ်ရှင်းရမယ်။

၁။ ဉာတပရိညာနဲ့ တစ်မျိုး။

၂။ တီရဏ ပရိညာနဲ့ တစ်မျိုး။

၃။ ပဟာန ပရိညာနဲ့တစ်မျိုး ဒါ အဆင့်သုံးဆင့်နဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ပယ်နည်းတွေပဲ မဟုတ်လား။

ဒီသုံးနည်းကို ခေတ်ပညာ ရှုထောင့်က သုံးသပ်ပြီး ပြောရင်၊ သီဝရီနဲ့ လက်တွေ့ (Theory And Practice) ပဲလေ။ ဒီလို ပထမ နားလည်အောင်လုပ်ပါ။ ပထမခန္ဓာရဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် သင်ပြတယ်။ နားလည်ပြီဆိုတော့ သတိပဋ္ဌာန ဘာဝနာပိုင်းကို ရောက်လာတယ်။ ဒီလို အားထုတ်ပါ။ အားထုတ်လို့ရှိရင် ဝိသုဒ္ဓိအစဉ်က ဘယ်လိုဖြစ်ပေါ်တယ်။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ဒီအဆင့် ရောက်ရင် စူဠသောတာပန် ဖြစ်ပြီ။ သာသနာမှာ ထောက်တည်ရာ၊ သက်သာရာရတဲ့ သုတဝါ အရိယာ သာဝကဖြစ်ပြီ။ တစ်ဘဝအတွက် အပါယ်ဘေး စိတ်ချရပြီလို့ အားတက်အောင် ပြောဆိုရတယ်။ ဒီကတစ်ဆင့် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိကို ရောက်တဲ့အခါ ယောဂီမှာ ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်တွေကို မြင်လာပုံ၊ ဥဒယဗ္ဗယဉာဏ်ကို ရောက်လာပုံ၊ ဒီဉာဏ် အနုပိုင်းက အရင့်ပိုင်းကို ပြောင်းလာပုံ။ ဥပက္ကိလေသာခေါ်တဲ့ မဂ်တု တွေပေါ်လာပုံ။ ဘယ်ပုံ ဘယ်နည်း တွေ့ရမယ်ဆိုတာကို ပြောရတယ်။ ပြီးမှ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အပိုင်းရောက်တော့ ရထားတဲ့ ခန္ဓာကို ငြီးငွေ့ စက်ဆုပ်ပြီး မလိုချင်တော့တဲ့ နိဗ္ဗိန္ဒဉာဏ်ပေါ်လာပုံ။ ယောဂီမှာ ဘယ်လို ဉာဏ်အမြင်ရော၊ ကိုယ်အမူအရာတွေရော ပြောင်းလဲ ဖြစ်ပေါ်လာပုံကို ပြောရတယ်။ ဒါမှသာ သူတို့ကိုယ်မှာ ဒါတွေ ဖြစ်လာသလား။ မဖြစ်လာဘူးလား ဆိုတာ သူတို့ ကိုယ်တွေ့မျက်မြင် ဖြစ်မယ်။ ဖေါ်ပသိကော၊ သန္ဒိဋ္ဌိကော ဆိုတာ ဒါပါလားလို့ ကိုယ့်ဘာသာ ဆုံးဖြတ်ချက် ချနိုင်မယ်။ ယောဂီမှာ အားထုတ်စဉ် ဆရာပြောတဲ့ အနုဗောဓဉာဏ်ကနေ ဉာဏ်ရင့်လာပြီး ဉာဏဒဿန ဝိသုဒ္ဓိလည်း ဖြစ်ရော၊ ဖျတ်ဆို မဂ်ဉာဏ်ပေါ်ပြီး ပဋိဝေဓဉာဏ် ဖြစ်သွားပုံ။

မင်္ဂကျတဲ့အခါ ဘယ်လိုဖြစ်သွားပုံ။ ဖိုလ်ဇော ၂ ကြိမ် ဘယ်လို ဖြစ်ပုံတွေကို ဆရာလုပ်သူက သဘောတရား အရ နားလည်အောင် ပြောထားမှသာ ယောဂီက သူ့ကိုယ်မှာ ဘယ်လို ဖြစ်လာတယ်ဆိုတာကို ကိုယ်တွေ့သိရမှာပေ့ါ။ ဒီနေရာမှာ ယောဂီကိုလည်း ယုံကြည်စိတ်ချလို့ မရဘူး၊ တချို့ယောဂီက သူ့ကိုယ်ကို သူများထက် သာတယ်ဆိုတာ ဖြစ်ချင်တော့ တပည့်တော်တော့ ဖြစ်ပျက်မြင်ပြီ ဘုရား၊ ဖြစ်ပျက်မုန်းပြီဘုရား၊ ဖြစ်ပျက်ဆုံးပြီဘုရားဆိုပြီး ဆရာကို လာပြီး လျှည့်ပတ်တာလည်း ရှိတယ်၊ ဒီနေရာမှာ ဆရာလုပ်သူဟာ အတွေ့အကြုံ အရ ယောဂီရဲ့ ဏ္ဍန္ဓေကို အကဲခတ်တတ်ရတယ်၊ မင်္ဂကျပြီ၊ ဖြစ်ပျက်ဆုံးပြီလို့ လာပြောရင် 'မင်္ဂကို သိလိုဖိုလ်နဲ့တိုင်း' ဆိုတာကြောင့်၊ ဖိုလ်ဝင်စား ပြခိုင်းရတယ်၊ ဖိုလ်ဝင်စားတဲ့အခါ ဘယ်လို ဖြစ်သွားသလဲဆိုတာကိုမှ မသိတတ်တဲ့ ဆရာမျိုးကျတော့ ဒါ ဘယ်လို စစ်တာလဲ၊ ဒီနေရာမှာ မင်္ဂရရင် ဖိုလ်ဝင်စားလို့ ရတယ်ဆိုတာကို သိစေရမှာပဲ၊ သောတာပန်ဟာ ဖိုလ်မဝင်စားနိုင်ဘူး၊ အထက်မင်္ဂကျမှ ဖိုလ်ဝင်စားနိုင်တယ်လို့ ပြောနေကြတာလဲ ရှိတယ်၊ မဟုတ်ဘူး၊ သောတာပန်လည်း ဖိုလ်ဝင်စားနိုင်တယ်၊ ဘယ်လို အဓိဋ္ဌာန် တင်ပြီး လုပ်ပါ၊ ဝသီဖော်နိုင်အောင် ဘယ်လို လုပ်ရတယ် ဆိုတာတွေကို တရားနာပရိသတ် ယောဂီများ စိတ်ထဲမှာ သံသယ ရှင်းအောင်၊ အားကျပြီး လုပ်ချင်လာအောင် ဒီဆရာ ပြောနေ တာတွေကတော့ လက်တွေ့ကျတယ်၊ ပြတ်သားတယ်၊ စာထဲက ဟာတွေကို ပြောနေတာ မဟုတ်ဘူး၊ ခန္ဓာဉာဏ်ရောက် ကိုယ်တွေ့ ပြောနေတာနဲ့ တူတယ်လို့ ယုံကြည်မှသာ ဒီဝိပဿနာ အလုပ်ကို လုပ်ချင် လာမယ်၊ ဒီ အကြောင်းကို စာပဲသင်ပြီး ဝိပဿနာ အလုပ်နဲ့ အလှမ်းဝေး နေသေးတဲ့ ပုဂ္ဂိုလ်တွေ အနေနဲ့တော့ အလုပ်ခွင်မှာ ရှိနေတဲ့ ပြဿနာကို မသိနိုင်ဘူး၊ သူက စာပဲသိတာ၊ မင်္ဂအကြောင်း၊ ဖိုလ်အကြောင်းကို ပြောရုံနဲ့ ပရိသတ်က မင်္ဂဉာဏ် ဖိုလ်ဉာဏ်ရရောလား ဆိုတဲ့ အမေးက အတွေ့အကြုံ မရှိလို့ မေးတာ၊ ပြောရုံ ဟောရုံနဲ့တော့ ဘယ်ရမလဲ၊ ပြောမှ ဟောမှ၊ ယုံကြည်စိတ်ချပြီး

တကယ့် သဒ္ဓါတရား ဖြစ်ပေါ်လာပြီး အားထုတ်လာမယ်၊ ဒီလို စိတ်ရော ကိုယ်ပါ ဆရာကိုလည်း ယုံကြည်စိတ်ချပြီး အားထုတ်နည်းကိုလည်း ဒီနည်းကတော့ လက်တွေ့ကျတယ် ဆိုတာကို သိမြင်ပြီး အားထုတ်မှ ရမှာပေါ့ ဒကာကြီးရဲ့'

ထိုအခါ ဦးဇော်ဝင်း ဇနီး ဒကာမကြီး ဒေါ်သန်းဆွေက

'အရှင်ဘုရား၊ ဒီလို ရေးနေကြတာတွေကို ခံမနေပါနဲ့ဘုရား၊ အရှင်ဘုရားလည်း ပရိသတ်ရှိတဲ့ စာရေးဆရာပဲ ပြန်ပြီး ချေပ ရေးသားပါလား ဘုရား' ဟု အားမလိုအားမရ တိုက်တွန်းလေသည်။

'မရေးဘူး ဒကာမကြီး၊ သူတို့က ဘုန်းကြီးကို စွပ်စွဲတာ မဟုတ်ဘူး၊ နစ်နာအောင် ပြောတာလည်း မဟုတ်ဘူး၊ သူတို့ သိနားလည်တာကို ဘုန်းကြီး သိစေချင်တဲ့ စေတနာနဲ့ ပြောကြတာပါ၊ ဘုန်းကြီးက ပြန်ပြီး ရေးလိုက်ရင် ဘုန်းကြီးချင်း ချကုန်ပြီဆိုပြီး ကဲ့ရဲ့စရာဖြစ်မယ်။ နောက်ပြီး သံဃာတော်တွေထဲမှာလည်း သူ့ဘက် ကိုယ့်ဘက် စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်လာနိုင်တယ်။ ဒကာ၊ ဒကာမတွေ စာဖတ်ပရိသတ်တွေ ကြားထဲမှာ ပိုပြီး ကွဲပြားတဲ့စိတ်သဘောထားတွေ ဖြစ်ပေါ်လာရင် သာသနာမှာ ဘာမှ အကျိုးမရှိပါဘူး၊ ဒါကြောင့် ဒီလို နှုတ်လှန်ထိုးတာမျိုး မပြုအပ်ဘူး'

## ရှင်မဟာမောဂ္ဂလာန် ဥတ္တရိမနုဿဓမ္မကို ဝန်ခံ

ဦးငြိမ်းဆွေက မေးသည်။

၁။ သာသနာမှာ ဘယ်ပုဂ္ဂိုလ်မှ ဥတ္တရိမနုဿဓမ္မကို ပွင့်ပွင့်လင်းလင်း ဝန်ခံ ပြောဆိုတာ မရှိဘူးလား။

၂။ မိမိမှာရှိတဲ့ဂုဏ်ကို ကြောင်လက်သည်းလို ဝှက်ထားခြင်းသာလျှင် အပ္ပိစ္ဆာ အလိုနည်းခြင်း ဖြစ်တယ်လို့ အဓိပ္ပာယ် ဖွင့်တာဟာ မှန်ပါသလား ဘုရား။

ဒကာကြီး၏ မေးခွန်းများက ဗုဒ္ဓဘာသာ၏ အနက်အဓိပ္ပာယ် အမှန်ကို သိလိုခြင်းသဘောကို ဆောင်ပါ၏။

'ဘုန်းကြီးကတော့ ဒီကိုယ်တော်ရဲ့ ဆုံးဖြတ်ချက်ကို မဝေဖန်လိုပါဘူး၊ ဒကာကြီးမေးတဲ့ သိလိုမှုကိုပဲ ဖြေမယ်၊ ပထမ ဖြေရမှာက အင်္ဂုတ္တိုရ် - ယောဓာဇီဝ,ဝဂ်၊ ဒုတိယ ဓမ္မဝိဟာရီသုတ်မှာ ဟောထားတဲ့ အချက်ကို ပထမပြချင်တယ်၊ ဘုရားက-

'ဤသာသနာတော်၌ ရဟန်းသည် သုတ်၊ ဂေယျ၊ ဝေယျာကရိုဏ်း၊ ဂါထာ၊ ဥဒါန်း၊ ဣတိဝုတ်၊ ဇာတ်ဝတ္ထု၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လဟူသော တရားကို သင်ယူ၍၊ ထို့ထက် ပိုလွန်၍ကား ထိုတရား၏ အနက်ကို ပညာဖြင့် သိ၏၊ ထိုရဟန်းသည် တရားနှင့် နေလေ့ရှိသူ (ဓမ္မဝိဟာရီ) ဖြစ်၏' လို့ ဟောတော်မူတယ်၊ ဆိုလိုတာကတော့ စာပေကျမ်းဂန်တွေကို ရွတ်ဖတ် တတ်တိုင်း အနက်အဓိပ္ပာယ်ကို 'ပညာဖြင့်' မသိနိုင်ဘူး၊ ထိုရဟန်းသည် ဓမ္မဝိဟာရီ၊ တရားနှင့် နေလေ့ရှိသူဖြစ်မှသာလျှင် တရား၏ အနက် သဘောကို ထိုးထွင်း၍ ပညာဖြင့် သိနိုင်တယ်လို့ ဆိုလိုတာ ဖြစ်တယ်၊ ဒီအချက်ကို ဒကာကြီးခေါင်းထဲမှာ ထည့်ထားပါ၊ ပဋိဝေဓ ဉာဏ် မရှိဘဲ နှင့်တော့ ပရိယတ္တိမှာ ဟောကြားထားတဲ့ တရားတွေရဲ့ အနက်သဘော အမှန်ကို ပညာဖြင့် မသိနိုင်ပါဘူး ဒကာကြီး၊ အနုဗောဓ ဉာဏ်ပဲ ရှိမှာပေါ့၊ ဒါကို ဒကာကြီး နားလည်ပါ့မလား'

'နည်းနည်းတော့ ခပ်ရေးရေးပဲ ဘုရား'

'ဆိုလိုတာက မြတ်စွာဘုရားရဲ့ တရားတော်တွေကို နက်နက်နဲနဲ ပညာနဲ့သိဖို့ ပဋိဝေဓဉာဏ်နဲ့ သိဖို့ အရေးကြီးတယ်၊ အဲဒါက ဓမ္မဝိဟာရီ တွေသာ သိနိုင်ကြတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူခြင်းဖြစ်တယ်'

နောက်တစ်ချက်က အလိုနည်းခြင်း အပ္ပိစ္ဆာဆိုတာ ကြောင်လက် သည်းလို သို ဝှက်ခြင်း ဖြစ်တယ်လို့ အဓိပ္ပာယ်ဖွင့်တဲ့ကိစ္စ။ ဒါက စိတ်ဖြစ်စဉ်နဲ့လည်း ဆိုင်တယ်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့လည်း ဆိုင်တယ်။

အပ္ပိစ္ဆာ အလိုနည်းခြင်းကို ရောင့်ရဲလွယ်ခြင်း၊ Contentment Frugality အသက်မွေးမှု လွယ်ကူခြင်းလို့ပဲ ပေးတယ်။ Frugal ဆိုတဲ့ အင်္ဂလိပ်ဝေါဟာရက People Who Are Frugal Eat Very Little And Spend Very Little Money On Themselves. အစားအသောက် ခြိုးခြံခြင်း၊ အသုံးအစွဲ နည်းပါးခြင်း သဘောကိုသာ အလိုနည်းခြင်းလို့ ပြတယ်။ တင်းတိမ် ရောင့်ရဲလွယ်ခြင်း၊ အသက်မွေးမြူမှု လွယ်ကူခြင်း၊ နည်းပါးသော ကိစ္စရှိခြင်း၊ ပေါ့ပါးသော အဖြစ်ရှိခြင်း၊ ငြိမ်သက်သော ဣန္ဒြေရှိခြင်း၊ ဒကာ ဒကာမ အိမ်သား အိမ်သူတို့၌ တွယ်တာ မက်မောမှုကင်းခြင်း သဘောတွေကိုသာ အလိုနည်းခြင်းလို့ နားလည်ရတယ်။ တကယ်လို့သာ လျှို့ဝှက်ခြင်းကိုသာ အပ္ပိစ္ဆာလို့ယူရင်၊ ကုဟနာလိုကောက်ကျစ်စဉ်းလဲ ဟန်ဆောင်ခြင်းကိုလည်း အလိုနည်းခြင်းလို့ရေတွက်စရာ ဖြစ်သွားနိုင်တယ်။ တကယ် တရားထူးရတဲ့ လူအရိယာပုဂ္ဂိုလ်က မိမိရဲ့ ဥတ္တရိမနုဿဓမ္မကို လူသိမခံဘဲ နေတာကို လူတွေကသိလာတဲ့အခါ (တဖြည်းဖြည်း ပေါက်ကြားလာတဲ့အခါ) လူစုလူဝေးနဲ့ပူဇော်တတ်ကြတာကြောင့် တချို့ ဒုဿီလတွေကလည်း တမင်တကာအရိယာယောင်ဆောင်ပြီး သိုဝှက်နေ တယ်ဆိုရင် အဲဒါကို သိုသိုဝှက်ဝှက်နေလို့ အပ္ပိစ္ဆာလို့ ယူလို့ရပါ့မလား။ လျှို့ဝှက်တာနဲ့ အလိုနည်းတာဟာစိတ္တဗေဒသဘောအရ ဘာမှ မဆက်စပ်ဘူး။ လျှို့ဝှက်ခြင်းသည် အလိုနည်းခြင်းဖြစ်ကြောင်း စိတ်ပိုင်းဆိုင်ရာ အထောက်အထားပြပြီး ရှင်းလင်းပြဖို့တော့ လိုလိမ့်မယ် ထင်တယ်။ အဲ နောက်တစ်ချက်က သာသနာမှာအရှင်သာရိပုတ္တရာတောင် လောကုတ္တရာဓမ္မကို ပွင့်ပွင့်လင်းလင်းပြောခွင့်မရဘူးဆိုတဲ့ ကိစ္စ။ ဒီကိစ္စကို ပြောရလို့ရှိရင် စတုတ္ထပါရာဇိကံ၊ ဝိနီတဝတ္ထု ဖြတ်ထုံးတွေထဲမှာ

၂၂၅။ တရံရောအခါ ရဟန်းတစ်ပါးသည် မကျန်းမမာ ဖြစ်နေ၏။ ထိုရဟန်းကို ရဟန်းတို့သည် အရှင်ဘုရား၌ လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား ရှိပါသလောဟုမေးကြ၏။

'ငါ့ရှင်တို့ အရဟတ္တဖိုလ်ကို ဖြေဖို့ရာ မခဲယဉ်းပါ' လို့ ဖြေလိုက်တယ်၊ မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် ဤသို့ ပြောဆိုနိုင်ကုန်ရာ၏၊ ငါတမူကား မြတ်စွာဘုရား၏ တပည့်သာဝက မဟုတ်ချေ၊ (အရိယာ ပုဂ္ဂိုလ် မဖြစ်သေးသည်ကို ရည်ညွှန်းသည်) ငါသည် ပါရာဇိက ကျသလော' ဟု ထိုရဟန်းအား 'သံသယကုက္ကုစ္စ' ဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

ရဟန်း၊ သင်သည် အဘယ် စိတ်ရှိသနည်းဟု မေးတော်မူ၏။ မြတ်စွာဘုရား တပည့်တော်သည် ဝါကြွားလိုစိတ် မရှိပါဟု လျှောက်ထား၏။

ရဟန်း၊ ဝါကြွားလိုစိတ်မရှိသော ရဟန်းအား အာပတ်မသင့်ဟု မိန့်တော်မူ၏။[၁] ဒါက တစ်ချက်။ ဒီလိုပဲ နောက်ရဟန်းတစ်ပါး မကျန်းမမာ ဖြစ်နေတုန်း တခြား ရဟန်းတွေက 'အရှင်ဘုရားမှာ ဥတ္တရိမနုဿဓမ္မရှိပြီး ပြီလား' လို့ မေးပြန်တယ်။ လူနာရဟန်းက 'ငါ့ရှင်တို့ လုံ့လဝီရိယရှိတဲ့ ရဟန်းသည် ပြီးစီးအပ်သော တရား ရှိတာပဲ' လို့ ဖြေတယ်။ မြတ်စွာဘုရားက ဝါကြွားလိုစိတ် မရှိသော ရဟန်းအား အာပတ်မသင့်ဘူးလို့ မိန့်တော်မူတယ်။

ဒီအတိုင်း ဝါကြွားလိုစိတ် မရှိသော ရဟန်းအား အာပတ်မသင့်ဘူးလို့ မိန့်တော်မူထားတဲ့ ဝတ္ထုချည်း ၁၂ ပုဒ်လောက် ပါတယ်။ နောက် ဝတ္ထုတစ်ပုဒ်မှာတော့ ရဟန်းတစ်ပါးက မကျန်းမမာဖြစ်နေလို့ လူနာ သွားမေးကြတဲ့ ရဟန်းတော်များကို 'တော်ရုံ ပုထုဇဉ် ဆိုရင်တော့ ဒီဝေဒနာကို သည်းခံနိုင်မှာ မဟုတ်ဘူး' လို့ ဖြေတယ်။ ရဟန်း ဘာစိတ်နဲ့ ပြောတာလဲ မေးတော့ ရဟန်းက ဝါကြွားချင်လို့ ပြောကြောင်း ဝန်ခံတယ်။ ဘုရားက ပါရာဇိက မကျ၊ ထုလ္လစ္စဉ်း အာပတ်သင့်တယ်လို့ မိန့်တော်မူတယ်။

ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက ပြိတ္တာတွေကို မြင်တဲ့ အကြောင်း ထုတ်ဖော်ပြောတယ်။ အရိုးစုပြိတ္တာ၊ အသားတုံးပြိတ္တာ၊ အရေ

---

[၁] ပါရာဇိကဏ်ပါဠိတော်မြန်မာပြန် - နှာ - ၁၄၄

မရှိတဲ့ ပြိတ္တာ၊ သံလျက်အမွေးပေါက်တဲ့ ပြိတ္တာ၊ အပ် အမွေးပေါက်တဲ့ ပြိတ္တာ၊ အို ပြိတ္တာမှ စုံလို့ပဲ ဒကာကြီး။ အဲဒီ ပြိတ္တာတွေကို မြင်ကြောင်း ထုတ်ဖော် ဝန်ခံပြောဆိုတော်မူတယ်။ ရဟန်းတို့က အရှင်မဟာ မောဂ္ဂလာန်သည် ဥတ္တရိမနုဿဓမ္မကို ဝါကြွား ပြောဆိုနေတယ် ဆိုပြီး ရှုတ်ချကြတယ်။ အပြစ်ပြောကြတာပေါ့။ မြတ်စွာဘုရားက 'မောဂ္ဂလာန် မြင်တဲ့ ပြိတ္တာတွေကို ငါလည်း မြင်ဖူးတယ်၊ မောဂ္ဂလာန်သည် အမှန်ကို ပြောဆို ပေသည်၊ ရဟန်းတို့ မောဂ္ဂလာန်ကား အာပတ်မသင့်' ဟု မိန့်တော်မူတယ်။ သာသနာမှာ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး ဟာ အကြိမ်ကြိမ် လူတို့၏ ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်တဲ့ တရားတွေကို ထုတ်ဖော် ပြောဆိုတော်မူတယ်။ မြတ်စွာဘုရားက သူ အမှန်ပြောတာပဲ၊ အာပတ်မသင့်ဘူးလို့ မိန့်တော်မူတယ်။ ဒါ တစ်ကြိမ် တည်း မဟုတ်ပါဘူး။ အကြိမ်ကြိမ် ပြောခဲ့တာပါ။ ဒီထက်ပိုပြီး ထင်ရှား တာက အင်္ဂုတ္တိုရ်မှာက ကုဓေဝ်၊ ကကုဓထေရဝသုတ်မှာ ကကုဓပြဟ္မာက ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးကို ဒေဝဒတ် ရဟန်းသံဃာ တွေကို သင်းခွဲဖို့ ကြံစည်နေပုံကို လာပြီး သတင်းပေး လျှောက်ထားတယ်။ အရှင်မဟာ မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက ဒီအကြောင်းကို မြတ်စွာ ဘုရားထံ သွားရောက် လျှောက်ထားတယ် ဒကာကြီးရဲ့။ ဒီအခါ မြတ်စွာ ဘုရားက

'မောဂ္ဂလာန် (သင်၏) စိတ်ဖြင့် ကကုဓပြဟ္မာ၏ စိတ်ကို သင်ပိုင်း ခြား၍ သိသလော၊ ကကုဓပြဟ္မာ ပြောဆိုသော စကားအလုံးစုံသည် ထိုဆိုသည့်အတိုင်းသာလျှင် မှန်ကန်သလော၊ တစ်ပါးသော အခြင်းအရာ အားဖြင့် မဖြစ်နိုင်ဘူးလား' ဟု မေးတော်မူ၏။

'အရှင်ဘုရား၊ အကျွန်ုပ်၏ စိတ်ဖြင့် ကကုဓပြဟ္မာ၏ စိတ်ကို အကျွန်ုပ် ပိုင်းခြား၍ သိပါ၏၊ ကကုဓပြဟ္မာ ပြောဆိုသော စကားအလုံး စုံသည် ထိုဆိုသည့်အတိုင်းသာလျှင် မှန်ကန်ပါ၏၊ တစ်ပါးသော အခြင်း အရာအားဖြင့် လုံးဝ မဖြစ်နိုင်ပါ' ဟု လျှောက်ထား၏။[၁]

---

[၁] အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် (ဒု - တွဲ) နှာ ၁၃၂။

'တော်လောက်ပါပြီ ဘုရား၊ ဒီလောက် အထောက်အထား ပြရင် တပည့်တော် လက်ခံနိုင်ပါပြီ ဘုရား'

ဥတ္တရိမနုဿမေမွ ပြဿနာသည် အပြောကျယ်ပါ၏။ လေးနက်ပါ၏။ အနက်အဓိပ္ပာယ်ကို ဉာဏ်ပညာဖြင့်သာ သိနိုင်သောကိစ္စ ဖြစ်ပါ၏။ စွတ်စွဲခြင်းငှာ မထိုက်ပါ။

## ပတ္တမြားအစစ် ဖြစ်ဖို့ပဲလိုတယ်

ခရစ်နှစ် ၂၀၀၁ ခုနှစ်ဆန်းက စပြီး အကျွန်ုပ်သည် ကြီးထွား ကျယ်ပြန့်လာသော ပရိသတ်သည် တစ်နေ့သောအခါ ကောင်းကျိုးမပေး၊ ဆိုးကျိုးပေးလာနိုင်ကြောင်းကို သတိပြုမိခဲ့လေသည်။ မြတ်စွာဘုရားက ရဟန်းကောင်းတို့ကို ဆိတ်ကွယ်ရာ၌ တစ်ကိုယ်တည်း နေခြင်းအား ချီးမွမ်းတော်မူပြီး ထိုသို့နေရန်ကိုလည်း ဆုံးမတော်မူခဲ့လေသည်။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ၆၊ ကာမဒသုတ်တွင် ဘုရားက 'ရဟန်း အဖြစ်သို့ ရောက်သောသူ၏ ရောင့်ရဲခြင်းသည် ချမ်းသာကို ဆောင်တတ်၏။ ညဉ့်၌လည်းကောင်း၊ နေ့၌လည်းကောင်း ပွားများမှု ဘာဝနာ၌ စိတ်သည် မွေ့လျော်၏။ စိတ်၏ ငြိမ်းကြောင်း ဘာဝနာ၌ မွေ့လျော်သူတို့သည် ရခဲသော ရောင့်ရဲခြင်းကို ရကုန်၏ဟု ဟောတော်မူသည်။

ဒေဝပုတ္တသံယုတ်၊ ၁-ပထမကဿပသုတ်တွင်လည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကဿပ နတ်သားရဲ့ လျှောက်ထားချက်ကို တုန့်ပြန်ပြီး ရဟန်းအား ဆုံးမတဲ့စကားကို ဆိုထားလေသည်။ ကဿပ နတ်သားက 'မြတ်စွာဘုရားသည် ရဟန်း အမျိုးအစားကိုသာ ဟောပြတော်မူ၏၊ ရဟန်းအား ဆုံးမသော စကားကိုကား ဟောပြတော်မမူ' ဟု လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားက ရဟန်းအား ဆုံးမသော စကားကို ဆိုတော်မူသည်။

'ရဟန်းသည် ကောင်းစွာ ဆိုအပ်သော ဝစီသုစရိုက်ကိုလည်း ကျင့်ရာ၏၊ ရဟန်းတို့ မှီဝဲအပ်သော ကမ္မဋ္ဌာန်းတရားကိုလည်း ကျင့်ရာ၏၊

ဆိတ်ငြိမ်ရာ၌ တစ်ယောက်တည်းနေခြင်းကိုလည်း ကျင့်ရာ၏၊ (သမာပတ် ရှစ်ပါး၏ အစွမ်းဖြင့်) စိတ်၏ ငြိမ်သက်ခြင်းကိုလည်း ကျင့်ရာ၏' ဒီစကားသည် မြတ်စွာဘုရား နှစ်သက်လက်ခံတော်မူသော စကားဖြစ်၏။

ပရိသတ် ပေါများလာခြင်းသည် အန္တရာယ် တစ်စုံတစ်ရာ ဖြစ်ပေါ်လာနိုင်သည်ဟု မိမိစိတ်မှာ ခံစားလာရ၏။ ထိုအခါ ပရိသတ်နှင့် ခပ်ကင်းကင်းနေဖို့ ဆိတ်ငြိမ်ရာ၌ တစ်ပါးတည်းနေဖို့ ဘာဝနာအလုပ်ကို လုပ်ပြီး အချိန်ကာလတို့ကို ကုန်လွန်စေဖို့ မိမိစိတ်ကို ဆုံးဖြတ်ချက် ချခဲ့လေသည်။

ဘုန်းကြီးက ဘာမှ ပြန်မပြောဘဲ ပြုံးပြီး နေလိုက်သည်။ ဒကာကြီးတစ်ဦးက-

'အရှင်ဘုရား ပြုံးပုံက တစ်မျိုးပဲ၊ ရယ်စရာကောင်းတာ တစ်ခုခုကို တွေ့လို့ ပြုံးသလိုပဲ၊ မခံနိုင်လို့ ပြုံးတာနဲ့ မတူဘူး'

'ဩော် လူ့ဘဝတုန်းက ကမ္ဘာအေး ကုန်းတော်ပေါ်က၊ ဇမ္ဗူဒိပကျောင်းဆောင်ကို သွားတုန်းက ညှပ်ဖိနပ် အသစ်ကလေးကို အဟောင်းကြီးနဲ့ လဲပြီး အခိုးခံရတာ သတိရလို့'

'အဲဒါ ဘယ်လို ဆက်စပ်လို့လဲ ဘုရား'

'အဲဒီတုန်းက သမီးငယ် ပြောခဲ့တဲ့စကားကို သတိရလို့ပါ၊ သမီးငယ်ကလေးက 'ပေါ်ပြီ၊ ပေါ်ပြီ။ အဖေကြီး ဟိုအတိတ်ဘဝတုန်းက သူများဖိနပ်ခိုးခဲ့တာ ပေါ်ပြီ' လို့ အပြောခံခဲ့ရဖူးတယ်။ ခုလည်း ဒီအတိုင်းဖြစ်နေပြီ ထင်ပါရဲ့ ဒကာကြီးရဲ့။ ဒီကိုယ်တော်တွေကို ဘုန်းကြီး ခေါင်းထဲမှာ တစ်ခါမှ သတိလည်း မရပါဘူး၊ ထည့်စဉ်းစားတာလည်း မရှိခဲ့ပါဘဲလျက် (သူတို့အကြောင်း ကောင်း/မကောင်း ပြောဖို့တော့ မဆိုထားနဲ့) ခု သူတို့ ခေါင်းထဲ ဘုန်းကြီးက ဘာကြောင့် ရောက်နေရတာလဲ။ ဒါကို စဉ်းစားရမယ်၊ သူတို့နဲ့ ဘုန်းကြီး ဒီဘဝမှာ တွေ့လည်း မတွေ့ဖူးဘူး၊ မျက်နှာချင်းဆိုင် စကားလည်း မပြောဖူးဘူး၊ ဒါပေမဲ့ ဘုန်းကြီးအကြောင်း သူတို့ခေါင်းထဲ ရောက်နေရတယ် ဆိုတော့ စဉ်းစားစရာ ဖြစ်လာတယ်။ အကြောင်းမဲ့တော့ မဟုတ်ဘူး၊ သမီးငယ် ပြောသလို

အခိုး ပေါ်တာပဲနဲ့ တူတယ်၊ အရင် ဘဝတုန်းက ဘုန်းကြီး သူတို့ အကြောင်း မကောင်းပြောခဲ့ဖူးလို့ပဲ ဖြစ်လိမ့်မယ်'

'ဒါဆို အရှင်ဘုရားက ဒီလို အပြောအဆိုတွေအပေါ်မှာ ဘယ်လို သဘောထားပါသလဲ၊ ဘယ်လိုတုံ့ပြန်မလဲ ဘုရား'

'အဲဒီ မေးခွန်းက အရေးကြီးတယ်၊ ဘုန်းကြီးကတော့ 'ဩော် ဝဋ် လည်တာပဲ ဖြစ်မယ်၊ ဝဋ်ရှိလို့ ခံရတာပဲ၊ ဒီဝဋ်ကြွေး ဒီတင်ကျေအောင် ဆပ်လိုက်တယ်၊ ဦးပုညစကားနဲ့ ပြောရရှင်တော့ 'မိန်းမဆိုးအမုန်း၊ ဒီဘဝ ဒီမျှနဲ့ ဆုံးစေတော့' ဆိုသလိုပေါ့ဗျာ၊ ခွန်းတုံ့မပြန်ပါဘူး၊ သည်းခံခြင်း ဖြင့် ခွင့်လွှတ်နိုင်အောင်ပဲ ကြိုးစားမယ်၊ ဝဋ်ကျွေးကြေတဲ့ အချိန်ကျတော့ ကိုယ်တော်တို့ နောက်ထပ် အပြစ်တင်ကြပါဦး၊ အပုပ်ချကြပါဦးလို့ ပြော ရင်တောင် အာညောင်းခံပြီး ပြောတော့မှာ မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာ တရားဟာ လက်တွေ့ ကျင့်သုံးထိုက်တဲ့ တရားပဲဟာ၊ မယုံရင် လက်တွေ့ လုပ်ကြည့်၊ အကျိုး ဘယ်လိုဖြစ်လာမလဲ၊ ဒါ ကမ္မနိယာမကို နားလည် တဲ့ ကမ္မသကတသမ္မာဒိဋ္ဌိပဲ ဒကာကြီးတို့ရဲ့'

'အင်း၊ အရှင်ဘုရားရဲ့ စကားသံထဲမှာ တရားပါနေတာတော့ အမှန် ပါပဲ ဘုရား၊ တပည့်တော်တို့က ပုထုဇဉ်တွေဆိုတော့ ကိုယ့်ဘုန်းကြီးကို ထိခိုက်တာတော့ မခံနိုင်ဘူး'

'ဟာ ဒကာကြီးတို့ကလည်း ဝိပဿနာအခြေခံတွေကို သင်ကြား ထားလျက်နဲ့ ငါလည်း မဟုတ်၊ ငါ့ဘုန်းကြီးလည်း မဟုတ်ဘူး၊ အတ္တနဲ့ အတ္တနိယကို ပယ်ပြီးတဲ့ ပုဂ္ဂိုလ်မှာ ဘာမှ မခံနိုင်စရာလည်း မရှိပါဘူးဗျာ၊ ဒီနေရာမှာ ဥတ္တရိမနုဿဓမ္မနဲ့ စပ်လျဉ်းပြီး ဘုရားဟောထားတာ တစ်ခု ကို သတိရတယ်'

'ဘာ ဟောထားပါသလဲဘုရား'

'ဘုရားက တရားခြောက်မျိုးတို့ကို မပယ်နိုင်လို့ရှိရင် လူတို့ရဲ့ ကမ္မ ပထတရား ဆယ်ပါးထက် လွန်မြတ်မယ့် ဈာန် မဂ်ဖိုလ် (ဥတ္တရိမနုဿ ဓမ္မ) ကို မျက်မှောက်ပြုရန် မထိုက်ဘူးတဲ့။

တရားခြောက်မျိုးက
၁။ သတိကင်းလွတ်ခြင်း
၂။ ဆင်ခြင်ဉာဏ် ကင်းမဲ့ခြင်း
၃။ ဣန္ဒြေတို့၌ တံခါးပိတ်ထားမှု မရှိခြင်း
၄။ စားဖွယ်တို့၌ အတိုင်းအရှည်ကို မသိခြင်း
၅။ ပလ္လွားဝါကြွားခြင်းနှင့်
၆။ မြှောက်ပင့် ရှုတ်ချ၍ ပြောဆိုခြင်းပဲ[၁] တဲ့'

'အင်း၊ အရှင်ဘုရားလို သဘောထားမျိုး ထားနိုင်ရင်တော့ ငြိမ်းအေးတာ အမှန်ပါပဲ။ တပည့်တော်တို့ကိုလည်း အရှင်ဘုရားလို ဉာဏ်အမြင်နဲ့ ဆင်ခြင်ပြီး ခံနိုင်ရည်ရှိအောင်သာ မပြတ် ဆုံးမတော်မူပါဘုရား'

'ကောင်းပြီ ဒကာကြီး၊ တစ်ခုပဲ ဒီလင်္ကာလေးကိုသာ ခေါင်းထဲမြဲမြဲမှတ်ထားပါ'

'သာသနာ့အကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မငဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်၊ ခရီးနှင်ပါ' တဲ့။

(ပတ္တမြားအစစ်ဟာ နွံမှာ နစ်သော်လည်း. . .)

ဆန်းလွင်

[၁] အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် (ဒု - တွဲ) နှာ ၄၃၄။